ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်၊ သောကြာနေ။ Friday, 3 May 2019 ၉၆၃၈

# ဒီမိုကရေစီစနစ်အားကောင်းရန် မီဒီယာလွတ်လပ်ခွင့်သည် မရှိမဖြစ်အရေးကြီးသည်ဟု အသိအမှတ်ပြု

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ**
**ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)**
**အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**
**၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်**
**(၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ စာနယ်ဇင်းသမားများအားလုံး ကောင်းမြတ်သည့် ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ်(၁၉)နှင့်အညီ ဒီမိုကရေစီနိုင်ငံများ၏ စံနှုန်းတစ်ခုဖြစ်သည့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်အားပေးနိုင်ရန်အတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

# လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်မှုများ ဆိတ်သုဉ်းမသွားစေရေး ဝိုင်းဝန်းပါဝင်ပေးကြပါရန် တိုက်တွန်း

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ**
**ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)**
**အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**
**၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်**
**(၁၃၈၁ ခုနှစ်၊ တန်ခူးလကွယ်နေ့)**

ယနေ့ကျင်းပပြုလုပ်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားသို့ ကြွရောက်လာကြသည့် အဖွဲ့အစည်းအသီးသီး ကဏ္ဍနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ သတင်းမီဒီယာအသီးသီးမှ သတင်းစာဆရာများ၊ UNESCO အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ☆

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် မေ ၂

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍




ဒုတိယသမ္မတ ဦးမြင့်ဆွေ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

C B BANK
Best Corporate & Investment Bank
2019 (Asia Money)
Contact Center : 01-231 777 0

# ကြေးမုံ

## လျှပ်စစ်ဓာတ်အားစီမံကိန်းများဖော်ဆောင်

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားစီးပွားရေး မြင့်မားတိုးတက်မှသာ ထိုနိုင်ငံ၏ လူမှုဘဝလည်း မြင့်မားတိုးတက်လာမည် ဖြစ်သည်။ နိုင်ငံ၏ အမျိုးသားစီးပွားမြင့်မားတိုးတက်ရေး၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် အဓိကကျသော အချက်တစ်ချက်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားသည် စီးပွားရေးတိုးတက်၍ ခေတ်နှင့်အညီ ပြည်သူလူထု၏ဘဝ အဆင့်အတန်း မြင့်မားတိုးတက်စေရန် အာမခံချက်ပေးသည်။

ကမ္ဘာပေါ်တွင် နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသောလူဦးရေနှင့် စက်မှုမြို့ပြ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် အဓိကလိုအပ်သော လျှပ်စစ်ဓာတ်အားများကို တိုးတက်ရှာဖွေနေကြသည်။ မြန်မာနိုင်ငံ အနေဖြင့် သဘာဝသယံဇာတ ပေါများကြွယ်ဝသောနိုင်ငံဖြစ်၍ လိုအပ်သော လျှပ်စစ်ဓာတ်အားကို တိုးတက်ရှာဖွေနိုင်သော်လည်း တိုင်းပြည် ဘဏ္ဍာကြွယ်ဝမှု၌ အားနည်းမှုရှိနေသေးသောကြောင့် ပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးချေ။ လိုအပ်သောလျှပ်စစ်ဓာတ်အားအတွက် ပြည်ပချေးငွေများဖြင့် လည်ပတ်နိုင်အောင် အားထုတ်နေရသည်ကို မြင်တွေ့ရသည်။

လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိခြင်းသည် ထုတ်လုပ်နိုင်မှုပမာဏ လိုအပ်သလောက်မရရှိခြင်းနှင့် ဓာတ်အားလိုင်း၊ ဓာတ်အားတင်ပို့ရေး မဖြည့်စွမ်းနိုင်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့်လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးကို နည်းလမ်းရှာဖွေဆောင်ရွက်ကြရသကဲ့သို့ ပြုပြင်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုပမာဏသည် ၁၉၈၈ ခုနှစ်က ၂ ဒသမ ၂၂၆ ဘီလီယံ ကီလိုဝပ်နာရီရှိပြီး ၂၀၁၂ ခုနှစ်တွင် ၉ ဒသမ ၇၁၁ ဘီလီယံကီလိုဝပ်နာရီ တိုးတက်ထုတ်လုပ်ခဲ့ရသည်။ တိုးတက်လာသော အခြေအနေအရပ်ရပ်တို့ကြောင့် ကီလိုဝပ်နာရီများ တိုးတက်နိုင်ရေး နှစ်စဉ် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကို ရေအားလျှပ်စစ်၊ မီးအားလျှပ်စစ်၊ နျူကလီးယားလျှပ်စစ်နှင့် အခြားအသစ်စွမ်းအင်များဖြင့် ထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားရရှိရေး နည်းလမ်းအမျိုးမျိုးရှိသည့်အနက် ရေအားလျှပ်စစ်ရရှိရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ရှိသည့်စက်စွမ်းအားများဖြင့် နည်းလမ်းကြံဆဆောင်ရွက်ခဲ့ရာ ယခင်ထက်စာလျှင် လျှပ်စစ်ဓာတ်အားရရှိမှုများ တိုးတက်လာသည်ဟု ဆိုရမည် ဖြစ်သည်။ လက်ရှိတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုအားလုံးအနက်မှ ၄၄ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိနေပြီဖြစ်သည်။

၂၀၂၀-၂၀၂၁ ခုနှစ်တွင် အိမ်ထောင်စု ၅၅ ရာခိုင်နှုန်း တိုးတက်ရရှိအောင် လျာထားဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလ လျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်အဖြစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် အိမ်ထောင်စုဦးရေ ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးရှိ အိမ်ထောင်စုဦးရေ ရာခိုင်နှုန်းပြည့် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တစ်နိုင်ငံလုံးရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေးအတွက် နှစ်စဉ်စီမံကိန်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုင်းပြည်၏ ဘဏ္ဍာငွေကြေးတောင့်တင်းခိုင်မာမှု မရှိသေး၍ ဘဏ္ဍာငွေရရှိရေးကို နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ရသည်။ ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့တို့၏ နှစ်စဉ်ခွင့်ပြုရန်ပုံငွေ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော World Bank၊ ADB၊ JICA၊ KfW Bank တို့မှ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေများဖြင့် ပြည်သူများလျှပ်စစ်ဓာတ်အားရရှိရေး ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းအကောင်အထည်ဖော်နေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးလုပ်ငန်းများသည် အခက်အခဲများစွာကြားမှ ကြိုးပမ်းဆောင်ရွက်နေရသော စီမံကိန်းလုပ်ငန်းများဖြစ်သည်ကို ပြည်သူလူထုအနေဖြင့် သိမြင်နားလည်နိုင်ကြမည်ဖြစ်ပြီး ရရှိပြီးသော လျှပ်စစ်ဓာတ်အားများနှင့်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာအထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် မေ ၂**

ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာ အထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**ယဉ်ကျေးမှုအဆင့်အတန်း**

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရှေးဟောင်းပစ္စည်းဆိုသည်မှာ ယနေ့အချိန်မှစ၍ နှစ်ပေါင်း ၁၀၀ ရှေ့ပိုင်းခေတ်ကာလများက လူသားတို့ ဖန်တီးတီထွင်ပြုလုပ်သုံးစွဲခဲ့ကြသည့် ပစ္စည်းများအားလုံးကို သတ်မှတ်ကြောင်း၊ ရှေးဟောင်းပစ္စည်းများသည် လူမျိုးတစ်မျိုး၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ကုန်သည်စီးပွားရေး၊ လူမှုအဆင့်အတန်း၊ အနုသုခုမအတတ်ပညာနှင့် လက်မှုအတတ်ပညာတို့ကိုဖော်ပြပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုကိုလည်း သိရှိနိုင်ကြောင်း။

ရှေးဟောင်းရွှေထည် လက်ဝတ်ရတနာ အဆင်တန်ဆာများသည် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များဖြစ်သကဲ့သို့ အဆိုပါလက်ဝတ်ရတနာများ ပြုလုပ်သည့် မြန်မာ့ရိုးရာ ပန်းထိမ်လုပ်ငန်းသည်လည်း ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ ဒြပ်ရှိ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ မြန်မာ့ရိုးရာလက်မှုပညာရပ်များနှင့် ရှေးဟောင်းအနုပညာလက်ရာများကို ဂုဏ်ယူမြတ်နိုး တန်းဖိုးထားတတ်ရန် လိုအပ်ကြောင်း၊ ပန်းဆယ်မျိုးအတတ်ပညာများအနက် ပန်းထိမ်ပညာရပ်ကို မတိမ်ကော မပပျောက်စေရန်နှင့် ပန်းထိမ်ပညာရှင်များကို လေးစားဂုဏ်ပြုရန် ရည်ရွယ်ပြီး ခေတ်အဆက်ဆက် မြန်မာလူမျိုးတို့ အသုံးပြုဝတ်ဆင်ခဲ့သည့် ရွှေထည်လက်ဝတ်ရတနာ အဆင်တန်ဆာများကို အထူးပြပွဲအဖြစ်ခင်းကျင်းပြသခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် တာဝန်ရှိသူများနှင့်အတူ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်ထွန်းကားခဲ့သော ရှေးဟောင်းမြန်မာ့လက်ဝတ်ရတနာများကို လှည့်လည်ကြည့်ရှုပြီး ပြပွဲနှင့်ပတ်သက်သည့် အကြံပြုချက်ကို ရေးသားသည်။

**လေ့လာတွေ့ရှိနိုင်**

ယခုခင်းကျင်းပြသသည့် ရွှေထည်လက်ဝတ်ရတနာ အဆင်တန်ဆာ အထူးပြပွဲတွင် ဘီစီ (၂)ရာစုမှ အေဒီ ၂၀ ရာစုအထိ သက်တမ်းရှည်သော ရှားပါးလက်ရာမြောက်သည့် ရွှေထည်လက်ဝတ်ရတနာ အမျိုးအစား ၁၀၀၊ အရေအတွက် ၈၇၀၊ ရွှေချိန် နှစ်ပိဿာ ၇၅ ကျပ်သားကျော်ခန့်ကိုခင်းကျင်းပြသထားပြီး ခေတ်အဆက်ဆက် ထွန်းကားခဲ့သည့် ရွှေပန်းထိမ်၊ ငွေပန်းထိမ် ပညာရပ်များ၏ တိုးတက်မြင့်မားမှု၊ မြန်မာ့ရိုးရာ ပန်းထိမ်ပညာ၏ နက်နဲသိမ်မွေ့မှုနှင့် ကျွမ်းကျင်စွာ ဖန်တီးနိုင်မှု အခြေအနေများကို လေ့လာတွေ့ရှိနိုင်မည် ဖြစ်သည်။

အဆိုပါအထူးပြပွဲကို မေ ၂ ရက်မှ ၁၉ ရက်အထိ ၁၈ ရက်ကြာ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ရှေးဟောင်းမြန်မာ့ လက်ဝတ်ရတနာများကို စိတ်ပါဝင်စားသူများအနေဖြင့် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ လာရောက် လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ဇလာဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် ကြိုတင်စီမံချက်အနေဖြင့် စစ်ဆေးပညာပေးမှုကို မေ ၂ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးမင်းနိုင်ထွန်း၊ အေလာနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ် သက်အောင်၊ လယ်ဝေးမြို့နယ်စည်ပင်သာယာရေးမှ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်၍ ဈေးဆိုင်ခန်းတစ်ခန်းချင်းအလိုက် မီးဘေးကြိုတင်ကာကွယ်ရေး၊ ဈေးအတွင်းသန့်ရှင်းစေရေးနှင့်



ဈေးဆိုင်ခန်းများအတွင်း မီးသတ်ဆေးဘူး DCP 3 kg တစ်ဘူးစီထားရှိစေရေး အသိပညာပေး မှာကြားခဲ့ကြောင်း သိရသည်။ **ကိုကိုရှူပ(နေပြည်တော်)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှုန်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂**

ရန်ကုန်(ရွှေဈေး) ၁၀၃၆၀၀၀ - ၁၀၃၆၀၀၀ မန္တလေး(ရွှေဈေး) ၁၀၃၆၀၀၀ - ၁၀၃၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၆၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၆၅ ကျပ် | ၁၀၁၀/၁၀၂၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၄၀/၉၁၀ ကျပ် | ၉၃၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၇၅/၁၀၂၀ ကျပ် | ၁၀၄၅/၁၀၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၂၀/၉၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၃၀/၉၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၈၀/၈၈၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၃.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၀၇.၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၁၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၅၉၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၁၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၀၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၅.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၈၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၀.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၉.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ညွှ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

❖ ရှေ့ဖုံးမှ

၁၉၉၁ ခုနှစ်က နမီးဘီးယားနိုင်ငံ၊ ဝင်းဟုတ်မြို့တွင် အာဖရိကတိုက်သား စာနယ်ဇင်းသမားများက စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို ဝင်းဟုတ်ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့သည့် မေလ ၃ ရက်နေ့အား ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အဖြစ် ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက အတည်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါသည်။

**နှစ်စဉ်ဦးတည်ချက်များချမှတ်**

စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာ အခြေခံသဘောတရားများကို အလေးအမြတ်ပြုရန်၊ ကမ္ဘာ့နိုင်ငံအသီးသီးရှိ စာနယ်ဇင်းလွတ်လပ်ခွင့် အခြေအနေများကို သုံးသပ်အကဲဖြတ်ရန်၊ သတင်းမီဒီယာများ၏ လွတ်လပ်ခွင့်အပေါ် တိုက်ခိုက်မှုများမှ ကာကွယ်ရန်နှင့် သတင်းလုပ်ငန်းခွင်များတွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ဆောင်ရွက်ရင်း အသက်ပေးခဲ့ရသည့် စာနယ်ဇင်းသမားများကို ချီးကျူးဂုဏ်ပြုရန်စသည့် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အား နှစ်စဉ်ဦးတည်ချက်များချမှတ်ပြီး ကျင်းပလေ့ရှိပါသည်။

ယခုနှစ်အတွက် ဦးတည်ချက်မှာ **"ဒီမိုကရေစီအတွက် မီဒီယာ၊ သတင်းအမှားများ ကြားမှ စာနယ်ဇင်းနှင့် ရွေးကောက်ပွဲများ (Media for Democracy: Journalism and Elections in Times of Disinformation)"** ဟူ၍ ဖြစ်ပါသည်။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကို နိုင်ငံများတွင် လှည့်လည်ပြီး နှစ်စဉ်ကျင်းပလျက်ရှိရာ ယခုနှစ်အခမ်းအနားကို အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ မြို့တော် အက်ဒစ်အက်ဘာဘာမြို့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံအနေဖြင့်လည်း ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၂ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် ရှစ်နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး ဦးဆောင်ဦးရွက်ပြုနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည့်အားလျော်စွာ ယနေ့အခမ်းအနားကို ပထမဦးဆုံးအကြိမ် ခမ်းနားစွာ ကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိ**

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ ၌ "လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်။ အဆိုပါအခွင့်အရေးများတွင် ထင်မြင်ယူဆချက်များကို အနှောင့်အယှက်ကင်းစွာဖြင့် လွတ်လပ်စွာစွဲကိုင်ခွင့်အပြင် သတင်းအချက်အလက်နှင့် အတွေးအခေါ်အယူအဆများကို သတင်းမီဒီယာတစ်ရပ်ရပ်မှတစ်ဆင့် နယ်နိမိတ်အပိုင်းအခြားမရှိ ရှာဖွေဆည်းပူးခွင့်၊ လက်ခံခွင့်နှင့် ဖြန့်ချိခွင့်တို့လည်းပါဝင်သည်"ဟု ဖော်ပြထားပါသည်။ ထို့အတူ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၅၄(က) တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

**သတိပြုရန်လို**

ထို့ကြောင့် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့အကြား မျှတစွာ စဉ်းစားချင့်ချိန်ပြီး စာနယ်ဇင်းလွတ်လပ်မှုကို ရယူအသုံးချကြရန် လိုအပ်ပါသည်။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၉ (၂) ၌လည်း "မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြု၍ လေးစားရန်အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန် အလို့ငှာလည်းကောင်း၊ ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များ အတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"ဟု အတိအလင်း ဖော်ပြထားသည်ကို အထူးသတိပြုရန်လိုအပ်ပါသည်။

ဒီမိုကရေစီနိုင်ငံတစ်ခုတွင် အမြဲကြုံတွေ့နေရမည့် လုပ်ငန်းစဉ်တစ်ခုမှာ ရွေးကောက်ပွဲများဖြစ်ပါသည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများဖြစ်ရန်နှင့် နိုင်ငံအကျိုးသယ်ပိုးနိုင်မည့်သူများကို ရွေးချယ်နိုင်ရေးအတွက် မီဒီယာများသည် အရေးပါသောအခန်းကဏ္ဍတွင် ရှိပါသည်။ ပြည်သူများ ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများ ပြည့်ဝစွာရရှိရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် ယခုနှစ် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့၏ ရည်ရွယ်ချက်များနှင့်အညီ စာနယ်ဇင်းများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

**မီဒီယာ၏အား မလွဲမသွေလိုအပ်**

နိုင်ငံတကာရွေးကောက်ပွဲများတွင် သတင်းမှားများ၊ လုပ်ကြံသတင်းများကို အသုံးပြုပြီး မဲဆန္ဒရှင်ပြည်သူလူထု၏ သဘောထားအမြင်များကို ပဲ့ကိုင်ထိန်းကျောင်းရန် ကြိုးပမ်းခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များနှင့် ထိုးနှက်တိုက်ခိုက်ခြင်းများကို တွေ့မြင်ကြားသိနေရပါသည်။ ထိုလုပ်ကြံသတင်းများသည် ထိန်းကျောင်းမှုအားနည်းသည့် လူမှုမီဒီယာလမ်းကြောင်းများမှတစ်ဆင့် အမြောက်အမြား ထွက်ပေါ်လာလေ့ရှိပြီး လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်ဆိုသော မွန်မြတ်လှသည့် အခြေခံလူ့အခွင့်အရေးကို အရုပ်ဆိုးအကျည်းတန်စွာ အလွဲသုံးစားပြုနေကြပါသည်။ ထိုအရာများကို လမ်းမှန်ရောက်စေရန် မှန်ကန်သည့် မီဒီယာကျင့်ဝတ်များဖြင့် တာဝန်သိသိ ထိန်းကျောင်းပဲ့ပြင်ပေးသွားရန်မှာ ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်နားလည်သူ စာနယ်ဇင်းသမားများ၏ တာဝန်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သောမီဒီယာနှင့် ဒီမိုကရေစီသည် အစဉ်အမြဲ ယှဉ်တွဲနေသည်ဟု ယုံကြည်ပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် မီဒီယာ၏ "အား"မလွဲမသွေလိုအပ်သည်ဟုခံယူပါသည်။ ဒီမိုကရေစီစနစ် အားကောင်းရန်အတွက် မီဒီယာလွတ်လပ်ခွင့်သည် မရှိမဖြစ်အရေးကြီးသည်ဟု အသိအမှတ်ပြုပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိရာတွင် မီဒီယာ၏အခန်းကဏ္ဍကို များစွာအရေးထားလျက်ရှိပါသည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များအတွက် အနှောင့်အယှက်ဖြစ်စေမည့် ပဋိပက္ခအကဲဆတ်မှုများ၊ သတင်းမှားများ၊ အမုန်းစကားများ၊ မျှတမှုမရှိသည့် တစ်ဖက်သတ် သတင်းဖော်ပြမှုများကိုလည်း ကျင့်ဝတ်နှင့်အညီ စောင့်ထိန်းကျင့်သုံးပေးကြရန် လိုအပ်ပါသည်။

ယနေ့အချိန်အခါတွင် မီဒီယာ၏အခန်းကဏ္ဍမှာ သိသိသာသာ ပြောင်းလဲသွားပြီ ဖြစ်ပါသည်။ မီဒီယာသည် အစိုးရကို ဝေဖန်ထောက်ပြသူ၊ လူတစ်ဦးချင်း၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သူ၊ လူ့အဖွဲ့အစည်းအရေးကို ပိုမိုအာရုံစိုက်တတ်လာစေရန်အတွက် ပြည်သူလူထုကို အသိပညာပေးသူ၊ ပြည်သူလူထုနှင့် အစိုးရအကြား ပေါင်းကူးပေးသူ စသည့် တာဝန်များကိုလည်း ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

ပြည်သူ့အစိုးရအနေဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်မှုများကြားက နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အဖွဲ့အစည်းအတွင်း တရားမျှတရေးနှင့် နိုင်ငံသားအခွင့်အရေးများ မဆုံးရှုံးစေရေး စသည့်အခြေခံကောင်းများ ရရှိတည်တံ့စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ "အား"ဖြစ်သော မီဒီယာများအနေဖြင့်လည်း သတင်းအချက်အလက် တိကျမှန်ကန်မှုရှိရေး၊ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုနှင့် သတင်းရေးသားသူ၏ ထင်မြင်ယူဆချက်နှင့်အာဘော်လုံးဝမပါရှိစေရေးတို့ကို စိစစ်ရွေးချယ်ဖော်ပြခြင်းဖြင့် ပြည်သူလူထု လိုလားတောင့်တနေသော ဒီမိုကရေစီခရီးကို အထောက်အပံ့ပေးစေလိုပါသည်။

စာနယ်ဇင်းသမားများအနေဖြင့်လည်း မိမိတို့၏ မီဒီယာဆိုင်ရာ အရည်အသွေးများကို အစဉ်တစိုက် ကြိုးပမ်းမြှင့်တင်ကြပြီး ဒီမိုကရေစီရေးကို ကာကွယ်သော စာနယ်ဇင်းသမားများဖြစ်အောင် ကြိုးစားကြပါ။ ပြည်သူလူထုအကြား ဒီမိုကရေစီအသိပညာများပြန့်ပွားရန် ပံ့ပိုးကူညီကြ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေးတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါဟု အလေးအနက်တိုက်တွန်းအပ်ပါသည်။

**ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**

# မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျုံးဝင်မှုမြှင့်တင်ခြင်းဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂**

မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူများ၏အခွင့်အရေးနှင့် အကျုံးဝင်မှုမြှင့်တင်ခြင်းဆိုင်ရာ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများ၏ ဆွေးနွေးပွဲကို နေပြည်တော် Grand Amara ဟိုတယ်၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှစပြီး ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းခဲ့ရာ ယခုအစိုးရလက်ထက်တွင် ဒီမိုကရေစီအကူးအပြောင်း ပိုမိုပီပြင်စေရန်နှင့် အမြစ်တွယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော်လည်း ပြည်သူများ၏ ပူးပေါင်းပါဝင်မှုအင်အားဖြင့် ကျော်လွှားဆောင်ရွက်လျက်ရှိပါကြောင်း၊ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရန် လိုအပ်သော ဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းပေးလျက်ရှိပြီး အစိုးရက ထိရောက်စွာ အကောင်အထည်ဖော်ပေးရပါကြောင်း၊ မသန်စွမ်းသူများအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ အခွင့်အရေးတန်းတူရရှိရေးနှင့် ကဏ္ဍအသီးသီးတွင် ပါဝင်စွမ်းဆောင်နိုင်ရေးတို့ကို အစိုးရက အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မသန်စွမ်းသူများအတွက် အမှန်တကယ် အပြောင်းအလဲများကို ဖော်ဆောင်နိုင်ရန် ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ စာရင်းဇယားများအရ ဦးရေ နှစ်သန်းခွဲခန့်ရှိသော မသန်စွမ်းသူများ၏ ပါဝင်စွမ်းဆောင်နိုင်မှုကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူများသည် အင်အားစုတစ်ရပ်အဖြစ် အကျိုးပြုပါဝင်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်ယာယီဥက္ကဋ္ဌ ဦးသိန်းလွင်က မြန်မာ့ဒီမိုကရေစီအကူးအပြောင်းတွင် မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်းအတွက် ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ အမှုဆောင်ဒါရိုက်တာ ဦးနေလင်းစိုးက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါဆွေးနွေးပွဲအားနှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် အကျုံးဝင်မှုအတွက် နိုင်ငံတော်အစိုးရ၏ လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ၊ မသန်စွမ်းသူများ၏ လိုအပ်ချက်များနှင့် ပတ်သက်ပြီး Online မှ စစ်တမ်းကောက်ယူထားသည့် အချက်အလက်များတင်ပြခြင်း၊ ဒီမိုကရေစီအကူးအပြောင်းကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် မသန်စွမ်းလူထုအတွက် အဓိကဆောင်ရွက်ပေးသင့်သည့် နယ်ပယ်ကဏ္ဍများ၊ ၂၀၂၀ ပြည့်လုံးကျွတ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် မသန်စွမ်းလူထုအတွက် ဦးတည်ပြင်ဆင်ဆောင်ရွက်သင့်သည့် အစီအမံများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒချမှတ်မှုများနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများတွင် မသန်စွမ်းအသင်းအဖွဲ့များ၏ အခန်းကဏ္ဍ၊ အရေးပါမှုနှင့် အကျုံးဝင်ပါဝင်မှုတို့ကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သဝဏ်လွှာ

☆ **လွတ်လပ်စွာမှ**

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အား ကမ္ဘာ့နိုင်ငံများ၏ သတင်းလွတ်လပ်ခွင့်အခြေအနေ အဆင့်အတန်းများ မည်သို့ရှိသည်ကို သက်ဆိုင်ရာပြည်သူများထံ အသိပေးရန်၊ သတင်းလွတ်လပ်ခွင့် အရေးပါပုံနှင့်ပတ်သက်၍ ပြည်သူများ၏ သိမြင်နားလည်မှုတိုးမြင့်စေရန်နှင့် Windhoek ကြေညာစာတမ်းနှင့် ၁၉၄၈ ခုနှစ် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၉ (Universal Declaration of Human Rights, Article 19) ပါ လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို လေးစားကျင့်သုံးနိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များနှင့် ကျင်းပခဲ့ခြင်းဖြစ်သည်။ ယင်းအခမ်းအနားများကို ၁၉၉၃ ခုနှစ်မှစတင်၍ နှစ်စဉ် မေလ ၃ ရက်နေ့ရောက်တိုင်း ကျင်းပပြုလုပ်ခဲ့ရာ ယခုနှစ်ဆိုလျှင် (၂၆)ကြိမ်ရှိခဲ့ပြီဖြစ်ပါသည်။

ယခုနှစ်ကျင်းပပြုလုပ်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ်အဖြစ် **“ဒီမိုကရေစီရေးအတွက် သတင်းမီဒီယာ၏အခန်းကဏ္ဍ (သတင်းမှားထုတ်လွှင့်မှုများပြားလာသည့်ကာလ ရွေးကောက်ပွဲများနှင့် သတင်းစာပညာ) (Media for Democracy: Journalism and Elections in Times of Disinformation)”** ဆိုသည့် ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းများစွာကြာအောင် စာနယ်ဇင်းလွတ်လပ်ခွင့်အပါအဝင် နိုင်ငံရေးအခွင့်အရေးများစွာ ဆိတ်သုဉ်းပျောက်ကွယ်ခဲ့ပြီး ယနေ့ကာလကဲ့သို့ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုနိုင်သည့် အခြေအနေမျိုးသို့ရောက်ရှိအောင် ရင်းနှီးပေးဆပ်မှုများစွာဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရကြောင်းကို ကောင်းစွာအမှတ်ရကြမည်ဟု ယူဆပါသည်။ ယင်းသို့အားထုတ်ကြိုးပမ်းခဲ့ခြင်းကြောင့်သာ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အခြေချမိခဲ့ပြီး ပြည်သူတို့အနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်အပါအဝင် ရပိုင်ခွင့်လွတ်လပ်ခွင့်များကို ကျင့်သုံးခံစားနေကြရခြင်းဖြစ်သည်။

ဒီမိုကရေစီရေးလှုပ်ရှားမှု ကာလတစ်လျှောက် သိက္ခာ၊ သမာဓိ၊ ပညာ၊ သတ္တိတို့ဖြင့် သတင်းလွတ်လပ်မှန်ကန်ရေးအတွက် ကြိုးပမ်းခဲ့ကြသူအားလုံး၏ စွမ်းဆောင်ချက်များကို မမေ့မလျော့ ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ယနေ့အခမ်းအနားတွင် အလေးအနက် ပြောကြားလိုပါသည်။ ဒီမိုကရေစီအမြစ်တွယ်ခိုင်မာစေရေးနှင့် လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုနိုင်မှုများ ပြန်လည်ဆိတ်သုဉ်းမသွားစေရေးတို့အတွက်လည်း ဆက်လက်ဝိုင်းဝန်းပါဝင်ပေးကြပါရန် တိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း၌ သတင်းမှားများ၊ သတင်းအတုအယောင်များ၊ ကောလာဟလသတင်းများ၊ အမုန်းစကားများ၊ ပဋိပက္ခကိုလှုံ့ဆော်သည့် ရေးသားချက်များသည် နိုင်ငံတကာ လူ့အဖွဲ့အစည်းအသီးသီးတို့၏ တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုတို့အား ခြိမ်းခြောက်နှောင့်ယှက်လျက်ရှိသည်ကို အားလုံးမြင်တွေ့ရမည်ဖြစ်သည်။

အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းစနိုင်ငံများအနေနှင့် ပေါ်ထွန်းစလွတ်လပ်ခွင့်များကို အလွဲသုံးစားပြုလုပ်ခြင်းကြောင့် ပေါ်ပေါက်လာမည့် ပဋိပက္ခများ၊ မငြိမ်းချမ်းမှု၊ မတည်ငြိမ်မှုများကြီးထွားမလာစေရန် အထူးသတိထားဆောင်ရွက်နေရသည့် အချိန်အခါဖြစ်ပါသည်။ ယင်းအခြေအနေမျိုးတွင် စာနယ်ဇင်းသမားများအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တရားသေအစွဲအလမ်းများ၊ တစ်ဖက်စောင်းနင်း အတွေးအခေါ်များ လျော့ပါးကာ ကြောင်းကျိုးသင့်မြတ် စဉ်းစားတတ်သည့် အလေ့အထများ ထွန်းကားရန်နှင့် ငြိမ်းချမ်း၍တရားမျှတသော၊ အားလုံးတန်းတူညီမျှပါဝင်ခွင့်ရသော လူမှုအသိုင်းအဝိုင်းများ ဖြစ်ပေါ်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အလေးအနက်တိုက်တွန်းလိုပါသည်။ သို့မှသာ မိမိတို့အားလုံး မျှော်မှန်းတောင့်တနေသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို မကြာမြင့်သောကာလတွင် အတူတကွ အောင်မြင်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပါသည်။

ယနေ့အခမ်းအနားတွင် သတင်းစာဆရာကြီးများအနေဖြင့် စာနယ်ဇင်းလွတ်လပ်ခွင့်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်သည့်နည်းတူ သတင်းသမားများ စာနယ်ဇင်းကျင့်ဝတ်များ လေးစားလိုက်နာရေး၊ ထိန်းသိမ်းမြှင့်တင်ရေးကိုလည်း ဂရုပြုဆောင်ရွက်ပေးကြရန် အထူးတိုက်တွန်းလိုပါသည်။ စာနယ်ဇင်းကျင့်ဝတ်များနှင့်အညီ ထုတ်ဖော်ပြောဆို ရေးသားနေကြသည့် စာနယ်ဇင်းသမားများ ဘေးကင်းလုံခြုံရေးအတွက် မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်းကာကွယ်ကြရမည်ဖြစ်သကဲ့သို့ စာနယ်ဇင်းကျင့်ဝတ်များကို ချိုးဖောက်ခြင်းများ မရှိစေရန်လည်း ဝိုင်းဝန်းပြုပြင်တည့်မတ်ပေးကြရမည်ဖြစ်သည်။ ပြည်သူအများ အသိအမြင်လွဲမှားကာ ပဋိပက္ခများ ဖြစ်ပေါ်စေသည့် သတင်းအမှားများ ထုတ်လွှင့်ခြင်းနှင့် သတင်းအတုအယောင်များ ဖန်တီးခြင်းများကို ဟန့်တားကာကွယ်ရန် လိုအပ်သကဲ့သို့ ပြည်သူများ အလွယ်တကူလှည့်ဖြားခြင်း မခံရစေရန်အတွက်လည်း မီဒီယာဆိုင်ရာ သိနားလည်မှုနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုများ တိုးမြင့်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့ဒီမိုကရေစီကူးပြောင်းမှုဖြစ်စဉ်၌ တက်ကြွစွာပါဝင်ခဲ့ကြသည့် သတင်းစာဆရာကြီးများကို ယနေ့ကျရောက်သည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့အခမ်းအနားတွင် ချီးကျူးမှတ်တမ်းတင်အပ်ပါကြောင်း ထပ်လောင်းပြောကြားရင်း မြန်မာနိုင်ငံအတွင်း လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ သာယာဝပြောမှုများ ပြည့်ဝစေရေးနှင့် မတရားမှု၊ မမျှတမှု၊ မငြိမ်းချမ်းမှုများ လျော့ပါးကွယ်ပျောက်ရေးတို့အတွက် စာနယ်ဇင်းသမားတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် မေ ၂**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂)တွင် ပြုလုပ်ရာ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့ တက်ရောက်အမှာစကားပြောကြားသည်။

### ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အဖွင့်အမှာစကားပြောကြားရာတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၈ ဖြင့် “e-Government ဦးဆောင်ကော်မတီ”ကို လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယသမ္မတတို့က ဦးဆောင်၍ ၄၆ ဦးဖြင့်လည်းကောင်း၊ “e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ” ကို လုပ်ငန်းတာဝန် (၅) ရပ်ချမှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ ၄၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီသည် ဦးဆောင်ကော်မတီက ချမှတ်လိုက်သည့် မူဝါဒ၊ လမ်းညွှန်ချက်များကို ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ပေါင်းစပ်ညှိနှိုင်းခြင်းများ၊ ကွပ်ကဲကြပ်မတ်ခြင်းများကို အဓိကထားလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ် ဇွန် ၁၂ ရက်တွင် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ထိထိရောက်ရောက် သွက်လက်စွာဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီရှစ်ခုကိုဖွဲ့စည်းထားခဲ့ပြီးဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

e-Government အကောင်အထည်ဖော်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အချက် (၃)ချက်ရှိပါကြောင်း၊ ယင်းတို့မှာ People၊ Process၊ Technology တို့ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် ဝန်ဆောင်မှုပေးရမည့်ဝန်ထမ်းများ၊ မူဝါဒချမှတ်ပေးရမည့်ခေါင်းဆောင်ပိုင်း၊ စီမံခန့်ခွဲရမည့် ဌာနအကြီးအကဲများ၊ ဝန်ဆောင်မှုကို ရယူသုံးစွဲမည့်ပြည်သူများပါဝင်သည့် People ဖြစ်ပါကြောင်း၊ e-Government အောင်မြင်ရန်အတွက် ၎င်းအချက်မှာ ၄၀ ရာခိုင်နှုန်းပါဝင်သည်ဟု ပညာရှင်များက သတ်မှတ်ထားကြပါကြောင်း၊ သက်ဆိုင်ရာအစိုးရဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်သကဲ့သို့ ခေါင်းဆောင်ပိုင်းဖြစ်သည့် ဌာနအကြီးအကဲများ၏ ဆောင်ရွက်လိုစိတ်ကလည်း အရေးကြီးပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လုပ်ငန်းစဉ်တွင် သမားရိုးကျလုပ်ထုံးလုပ်နည်းများကိုဆန်းစစ်ပြီး ဖြေလျှော့သင့်သည်တို့ကို ဖြေလျှော့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်ရန်ဖြစ်သည့် Process ဖြစ်ပြီး e-Government အောင်မြင်ရန်အတွက် ယင်းအချက်မှာ ၄၀ ရာခိုင်နှုန်းခန့် အရေးပါကြောင်းကိုလည်း ပညာရှင်များက သတ်မှတ်ထားကြပါကြောင်း၊ တတိယအချက်ဖြစ်သော နည်းပညာအနေဖြင့် e-Government အောင်မြင်ပြီး နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို လေ့လာပြီး အစိုးရ၏လုပ်ငန်းစဉ်များမှ မည်သည့်လုပ်ငန်းစဉ်များအတွက် မည်သို့သော ခေတ်မီနည်းပညာများကိုအဆင်သင့် ရယူအသုံးချသွားနိုင်ရန်ဖြစ်သည့် Technology ဖြစ်ပြီး ၂၀ ရာခိုင်နှုန်းသာ ပါဝင်သည်ဟု သတ်မှတ်ထားကြသည်ကို တွေ့ရပါကြောင်း၊ e-Government အောင်မြင်ရန် နည်းပညာအတားအဆီးမဟုတ်ဘဲ တာဝန်ခံမှုရှိသည့် ခေါင်းဆောင်မှု၊ ဝန်ဆောင်မှုပေးလိုစိတ်၊ တာဝန်ယူလိုစိတ်ရှိသည့် ဝန်ထမ်းများနှင့် သုံးစွဲလိုစိတ်ရှိသော ပြည်သူများမှာ အဓိကဖြစ်ကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်လိုစိတ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည် ပို၍အရေးကြီးကြောင်း။

### အမြန်ဆုံးအကောင်အထည်ဖော်

ထို့ပြင် မြန်မာနိုင်ငံတွင် အစိုးရဌာနများအပါအဝင် ကွန်ပျူတာသုံးစွဲသူများ၏ ၉၀ ရာခိုင်နှုန်းခန့်မှာ တရားဝင်လိုင်စင်မရှိသေးသည့် Software များ၊ Windows Operating System နှင့် Office Application များကို အသုံးပြုနေကြသည်ကို တွေ့ရသည့်အတွက် Cyber Security နှင့် ပတ်သက်၍ အစိုးရဌာနများ၏ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး တရားဝင် License များရယူ၍အသုံးပြုသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပသည့် အစည်းအဝေးတွင် သက်ဆိုင်ရာဆပ်ကော်မတီ/ဌာနများမှ ဝယ်ယူဖြန့်ဖြူးပေးမည့် အစီအမံများကိုတင်ပြပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ ဌာနအသီးသီးတွင်လည်း e-Government ကို အကောင်အထည်ဖော်ဆောင်သွားရန်အတွက် HR အခက်အခဲနှင့် တိုက်တွန်းအားပေးမှုများ လိုအပ်နေသေးသည်ကို သိရှိရပါကြောင်းနှင့် ဖြေရှင်းနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ကျယ်ကျယ်ပြန့်ပြန့်သိရှိ

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က Single Window ဖြစ်သည့် Myanmar National Portal ကို လွှင့်တင်ထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် မြန်မာနိုင်ငံရှိ အစိုးရအဖွဲ့အစည်းအသီးသီး၏ ဝန်ဆောင်မှုများ၊ online service များ၊ သတင်းအချက်အလက်များကို ရိုးရှင်းလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်ပါကြောင်း၊ Tender၊ News၊ Jobs & Vacancies၊ Services နှင့် အစိုးရ၏ သတင်းအချက်အလက်များအား ပိုမိုအသုံးပြုမှုများပြားသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူလူထုက ပိုပြီးကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး အသုံးပြုလာနိုင်အောင် လိုအပ်သည့် Digital Marketing လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အစိုးရဌာနများ၏ Server များကို Co-location ထားရှိနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက နေပြည်တော်တွင် Data Center တစ်ခုအား

**စာမျက်နှာ ၇ သို့** ✪

❍ ဒုတိယသမ္မတမှ

အစည်းအဝေးသို့ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာအောင်သူ၊ ဦးဝင်းခိုင်၊ ဦးအုန်းမောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်း၊ ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ လုပ်ငန်းကော်မတီ(၅)ရပ်မှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လုပ်ငန်းကော်မတီ (၅)ခုကို ဖွဲ့စည်း**

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့ကျင်းပသည့် အစည်းအဝေးမှာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်ပါ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၇၉/၂၀၁၆ ဖြင့် လုပ်ငန်းတာဝန် (၅)ရပ်ချမှတ်ကာ အဖွဲ့ဝင် (၂၀)ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်းအားဖြင့် နှစ်နှစ်ခွဲရှိပြီဖြစ်ပါကြောင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီ (၅)ခုကို ဖွဲ့စည်းပြီး လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်**

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း လေးကြိမ်၊ ၂၀၁၈ ခုနှစ်အတွင်း သုံးကြိမ်နှင့် ယခုအကြိမ်သည် ၂၀၁၉ ခုနှစ်အတွင်းတွင် ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ်မှ အဋ္ဌမအကြိမ်အထိ အစည်းအဝေးဆုံးဖြတ်ချက် စုစုပေါင်း (၆၉)ချက်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအချက် (၆၄)ချက်နှင့် ဆောင်ရွက်ဆဲ (၅)ချက် ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဆောင်ရွက်ဆဲ (၅)ချက်ကိုလည်း အမြန်ပြီးပြတ်အောင် အချိန်ကာလသတ်မှတ်ပြီး ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင်တည်ရှိပြီး အဆိုပါကုန်သွယ်မှုကဏ္ဍတွင် ပုဂ္ဂလိကကဏ္ဍသည် ၈၀ ရာခိုင်နှုန်းနှင့် ၉၀ ရာခိုင်နှုန်းအကြား ပါဝင်နေသည်ကို ကိန်းဂဏန်းများအရ တွေ့ရပါကြောင်း၊ ထို့အပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းရှင်များ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၉ ခုနှစ် ဧပြီလအထိ (၂၆)ကြိမ် တွေ့ဆုံခဲ့ပြီး (၂၅)ကြိမ်အထိ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲအကြံပြုတင်ပြချက် စုစုပေါင်း (၃၃၉) ချက် အားလုံးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှတစ်ဆင့် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်များထံသို့ အကြောင်းပြန်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

**လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲ**

အဆိုပါပြန်ကြားချက်များအားလုံးတွင် အချို့အချက်များသည် အချိန်ယူ၍ ဆက်လက်ဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ အဆိုပါ ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်း လုပ်ငန်းကော်မတီ(၅)ရပ်မှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဆွေးနွေးပွဲများပြုလုပ်၍ ပြီးပြတ်သည်အထိ အဆင့်ဆင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်သည့် ကဏ္ဍအလိုက် အကောင်အထည်ဖော်ရာတွင် အချို့အချက်များသည် တိုးတက်မှုနှေးကွေးသည်ကို တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများ တိုးတက်မှုမြန်ဆန်လာအောင် အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထို့ပြင် လုပ်ငန်းကော်မတီ (၅)ရပ်အနေဖြင့်လည်း မိမိတို့၏လုပ်ငန်းတာဝန်များအလိုက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်များကို စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရပ်တည်ရန် ခက်ခဲလာနိုင်သဖြင့် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် တရားမဝင်ကုန်ပစ္စည်းများကို တားဆီးထိန်းချုပ်နိုင်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းပြီး ဖမ်းဆီးအရေးယူခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လအထိ ဖမ်းဆီးအရေးယူမှု (၄၃၆)ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၁၄၅ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာတွင် ဆောင်ရွက်သကဲ့သို့ အဆင်ပြေချောမွေ့



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာသန်းမြင့်



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းမောင်

စေရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေး လုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနများအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ကို လုပ်ငန်းတာဝန် (၁၂) ချက် ချမှတ်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်၍ ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းအဖွဲ့အောက်တွင် ညွှန်းကိန်းတစ်ခုချင်းအလိုက် အထောက်အကူပြုအဖွဲ့ ၁၀ ဖွဲ့ကို ထပ်မံဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်မည့် Ease of Doing Business Ranking တွက်ချက်ရေးအတွက် ကမ္ဘာ့ဘဏ်က မေးလာသည့်မေးခွန်းများကို ၂၀၁၉ ခုနှစ် ဧပြီလကုန်တွင် အပြီးသတ်ဖြေကြားခဲ့သည့်အပြင် ၂၀၁၉ ခုနှစ် ဧပြီ ၃ ရက်၊ ၄ ရက်များတွင်လည်း သက်ဆိုင်ရာ ညွှန်းကိန်းအလိုက် အဖွဲ့များနှင့် ကမ္ဘာ့ဘဏ်ရုံးချုပ်မှ တာဝန်ရှိသူများ Video Conferencing ပြုလုပ်ခဲ့ကြသည်ဟု သိရပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သည့် အဖွဲ့ကလည်း Action Plan to April ကို ချမှတ်ကာအညွှန်းကိန်းအလိုက် အထောက်အကူပြုအဖွဲ့များတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (၂၇)ခု ချမှတ်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း။

**ကုန်ကျစရိတ်အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်မည်**

ယခုကဲ့သို့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်နေရခြင်းမှာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ဘဏ်က ထုတ်ပြန်မည့် Doing Business အစီရင်ခံစာအတွက် ဖြစ်သလို Ease of Doing Business လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် တိုးတက်လာစေရန်အတွက်လည်း ဖြစ်ပါကြောင်း၊ ယခုလို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအသီးသီးအနေဖြင့် သက်ဆိုင်ရာအညွှန်းကိန်းများအလိုက် ပြုပြင်ပြောင်းလဲမှုများကို ကာလတို၊ ကာလရှည်သတ်မှတ်ပြီး အောင်မြင်အောင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

သို့မှသာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရေး၊ သိုလှောင်ရုံဆောက်လုပ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ချေးငွေရရှိရေး၊ အခွန်ပေးဆောင်ရေး စသည့်ကိစ္စရပ်များကို အချိန်တိုအတွင်း ကုန်ကျစရိတ်အနည်းဆုံးဖြင့် လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် Ease of Doing Business Ranking တိုးတက်ရေးအတွက် ဆက်စပ်သည့်ဌာနများ အားလုံးအနေဖြင့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲရန်၊ လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် နည်းပညာသစ်များကို အသုံးပြု၍ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်သွားရန်၊ နိုင်ငံတော်အစိုးရမှ ဆုံးဖြတ်ချက်များချမှတ်ကာ ဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာများနှင့် ပြည်သူများအားလုံး ကျယ်ပြန့်စွာ သိရှိနိုင်ရေးဆောင်ရွက်သွားရန်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များကိုလည်း လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ထို့အပြင် လာမည့် ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်မည့် Doing Business အစီရင်ခံစာအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် (Reform Action Plan) များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ဆောင်ရွက်ထားကြရန် ပြောကြားလိုပါကြောင်း။

**လေ့လာအတုယူ**

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများအနေနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် ဒေသတွင်းနိုင်ငံများတွင် လုပ်ဆောင်နေသည့် အောင်မြင်သည့် နည်းစနစ်များ၊ စံနှုန်းများကို လေ့လာအတုယူပြီး မိမိဝန်ကြီးဌာန အဖွဲ့အစည်းအတွင်းတွင်လည်း ပြုပြင်ပြောင်းလဲသင့်သည့်ကိစ္စရပ်များကို ပြုပြင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ပြုပြင်ပြောင်းလဲသည့်နေရာတွင်လည်း မိမိတို့ဝန်ကြီးဌာနစံနှုန်းဖြင့် တိုင်းတာခြင်းထက် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြောင်းလဲတိုးတက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် Ease of Doing Business Ranking တိုးတက်စေရေးအတွက် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီ (၅)ရပ်မှ တာဝန်ရှိသူများ၊ Ease of Doing Business Ranking တိုးတက်စေရေးလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းများနှင့် အခက်အခဲများ၊ နယ်စပ်ကုန်သွယ်မှုအခြေအနေနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက အဋ္ဌမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်က "အခြေခံလူသားအရင်းအမြစ် တည်ဆောက်ရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက "ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများဆောင်ရွက်ရေးလုပ်ငန်းကော်မတီ" နှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က "ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာဝန်းကျင် တိုးတက်ကောင်းမွန်စေရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်ထူးက "ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က "စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ"နှင့်စပ်လျဉ်း၍လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နေမှုများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်မှု အခြေအနေနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေပိုင်းဆိုင်ရာအကြံပြုချက်များကို ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေရရှိနိုင်ရေး ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် ချေးငွေရရှိရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အကြံပြုဆွေးနွေးကြသည်။

ထို့နောက် Ease of Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက Doing Business Ranking နှစ်အလိုက် ရရှိမှုအခြေအနေနှင့် အဆင့်တိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ **စာမျက်နှာ ၇ သို့** ❖

# ဂျိုင်းကော့ကရိတ်တံတား၊ အတ္ထရံကြိုးတံတားတို့ကို အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  မေ  ၂**

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုနှစ်ခုတင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ **သွားလာရေးခက်ခဲသော နေရာဒေသများနှင့် ချောင်းကူး၊ မြောင်းကူးနေရာများတွင် ကုန်ကျတန်ဖိုးမကြီးမားဘဲ ရေရှည်အတွက် လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည့် သံမဏိကြမ်းခင်း၊ သံမဏိကြိုးတံတားငယ်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဝန်ကြီးဌာနအနေဖြင့် မြောင်းမြကြိုးတံတား ပျက်ကျပြီးနောက် လက်ရှိကြိုးတံတားများဖြစ်သည့် လပွတ္တာ (ပင်လယ်လေးတံတား)၊ ဝါးခယ်မကြိုးတံတား၊ ရွှေလောင်းကြိုးတံတား၊ မဲဇလီကြိုးတံတား အစရှိသည့် ကြိုးတံတားများအစား သံကူကွန်ကရစ်တံတားများအဖြစ် ပြန်လည်အစားထိုး တည်ဆောက်လျက်ရှိပါကြောင်း။

## စံချိန်စံညွှန်းသတ်မှတ်ချက် တိတိကျကျမရှိသည့် ကြိုးတံတားများကို ဆောင်ရွက်သွားရန် အစီအစဉ်မရှိ

အလားတူ ဂျိုင်းကော့ကရိတ်တံတား၊ အတ္ထရံကြိုးတံတားတို့ကိုလည်း အသစ်ပြန်လည်တည်ဆောက်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်တွင်ရှိသည့် ရာမောင်ကြိုးတံတားကိုလည်း ပြန်လည်တည်ဆောက်ရန်အတွက် ဒီဇိုင်းရေးဆွဲလျက်ရှိပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသောတံတားများကို တည်ဆောက်လျက်ရှိပါကြောင်း၊ စံချိန်စံညွှန်းပြည့်မီအောင် မတည်ဆောက်နိုင်သေးပါက ယာယီဘေလီတံတားများ အစားထိုး တည်ဆောက်လျက်ရှိသည့်အတွက် စံချိန်စံညွှန်းသတ်မှတ်ချက် တိတိကျကျမရှိသည့် ကြိုးတံတားများကို ဆောင်ရွက်သွားရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ချင်းဆက် အမှတ်(၄) လမ်းအား စီမံကိန်းရေးဆွဲပြီးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခဲ့သော်လည်း အဆိုပြုလမ်းအဆင့်သာဖြစ်နေ၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ၎င်းခရိုင်ချင်းဆက် အမှတ်(၄)လမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်လမ်းအပိုင်း၌ ဂျင်းလမ်းအပိုင်းများပေါ်တွင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေသားလမ်းအပိုင်းများပေါ်တွင် ဂျင်းမြေခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** သိလိုခြင်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက မေးခွန်း၏ ပထမအပိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုတလင်၊ ကနီ၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်၊ ကျွန်းလှ၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ဟုမ္မလင်းမြို့နယ်များနှင့် ကချင်ပြည်နယ်အတွင်းရှိ မိုးညှင်း၊ ဖားကန့်၊ ကာမိုင်း၊ မိုးကောင်းမြို့နယ်များကို ဖြတ်သန်းသွားမည့် အရှည် ၄၁၁ မိုင်ခန့်ရှိသော အမှတ်(၄)ခရိုင်ချင်းဆက်လမ်းမကြီးအား ၂၀၁၀ ပြည့်နှစ်မတိုင်မီက ဖောက်လုပ်ရန် လျာထားခဲ့သော်လည်း လတ်တလောတွင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အစီအစဉ်မရှိသေးပါကြောင်း။

မေးခွန်း၏ ဒုတိယပိုင်းဖြစ်သည့် ကနီမြို့နယ်အတွင်း ကန်ကြီး- ပျင်တော-တပုန်း-ဝင်မနား-တောင်ပြင် လမ်းပိုင်းသည် ကန်ကြီးမှ ဝင်မနားအထိ ၁၁ မိုင်၊ ဝင်မနားမှ တောင်ပြင်အထိ ၁၁ မိုင် စုစုပေါင်းလမ်း ၂၂ မိုင်ခန့်ရှိပါကြောင်း။



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ
ဦးခင်ချို



ဒုတိယဝန်ကြီး
ဦးကျော်လင်း



ကနီမဲဆန္ဒနယ်မှ
ဦးထွန်းထွန်းနိုင်



ပန်းတောင်းမဲဆန္ဒနယ်မှ
ဒေါ်ခင်နှင်းသစ်

ဘုတလင်- ကနဲ- ကနီလမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းပိုင်းဖြစ်ပြီး လမ်းအဆင့်သတ်မှတ်ချက်အရ Class (A) ဦးစားပေးအဆင့် (၁)လမ်းစာရင်းတွင် ပါဝင်ပါသဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၄၁၅၈ လုံး၊ လူဦးရေ ၂၁၀၀၀ ခန့်ကို တိုက်ရိုက်အကျိုးပြုမည်ဖြစ်ပါကြောင်း။

ကန်ကြီး-ပျင်တော-တပုန်း-ဝင်မနားလမ်းပိုင်းအား ကျောက်လမ်း ၄ မိုင် ၆ ဖာလုံ နှင့် ဂျင်းလမ်း ၆ မိုင် ၂ ဖာလုံ ဆောင်ရွက်ခဲ့ပြီး မြေသားလမ်း ၁၁ မိုင်အား ဆက်လက်ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်နှင့် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က **မြန်မာနိုင်ငံရှိ ဘိန်းအများဆုံးစိုက်ပျိုးရာဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန်အတွက် အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ဘိန်းအစားထိုးစီမံကိန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ဆက်လက်၍ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက **ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု မူဝါဒများကို ပြန်လည်သုံးသပ်ပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေး၊ နည်းပညာ အထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းသည်။

ဆက်လက်၍ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က အဆိုအား လက်ခံဆွေးနွေးနိုင်ရန် ထောက်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဉပဒေကြမ်း အဆိုကို တင်သွင်း

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက **ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဉပဒေကြမ်း** အဆိုကို တင်သွင်းပြီး အဆိုပါ ဉပဒေကြမ်းနှင့်စပ်လျဉ်း၍ ဉပဒေကြမ်းကော်မတီဝင် ဒေါက်တာ ဝေဖြိုးအောင်က အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းဉပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သည့် SME နှင့် MSME လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်ရန် အထူးလိုအပ်

**နေပြည်တော် မေ ၂**

အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်သော ပြည်တွင်းစက်မှုလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိသည့် SME နှင့် MSME လုပ်ငန်းများ အောင်မြင်ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးကြောင်း အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြောကြားလိုက်သည်။

### စိန်ခေါ်မှုတစ်ရပ်ဖြစ်နေ

ထို့အပြင် စီးပွားရေးလုပ်ငန်းတစ်ခုတိုးတက်စေရန် ကုန်ထုတ်အင်အားစုများဖြစ်သည့် မြေယာ၊ လုပ်အား၊ အရင်းအနှီးများ လိုအပ်လျက်ရှိရာ နိုင်ငံအတွင်း မြေယာများ ဈေးကြီးနေခြင်း၊ ကျွမ်းကျင်လုပ်သားများ ရှားပါးနေခြင်းနှင့် လုပ်ငန်းတိုးချဲ့လိုလျှင်လည်း ကိုယ်ပိုင်အရင်းအနှီးဖြင့် မလုံလောက်ခြင်းတို့ကလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြည်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ပြန်လည်သုံးသပ်ပြီး ကမ္ဘာ့ထုတ်လုပ်မှုကွင်းဆက် Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စေရေးနှင့် လိုအပ်သော ငွေကြေး၊ နည်းပညာ အထောက်အပံ့များရရှိစေရေး ကူညီဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းရာတွင် ဒေါ်ချိုချိုက အထက်ပါအတိုင်း ဆွေးနွေးပြောကြားလိုက်ခြင်းဖြစ်သည်။

### အဆိုကို တင်သွင်းခြင်းဖြစ်

ရပ်တန့်သလိုဖြစ်နေသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ငွေကြေး၊ နည်းပညာ အထောက်အပံ့များကို ချောမွေ့လွယ်ကူစွာပေးနိုင်ရေး၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အချိန်ကြန့်ကြာပြီး လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု နှောင့်နှေးစေသည့် တင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ ရှုပ်ထွေးလှသည့် Process များကို ဖြေလျှော့ပေးနိုင်ရေး၊ နိုင်ငံတော်၏ မူဝါဒဖြစ်သည့် တိုင်းပြည်စီးပွားရေးတိုးတက်စေရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် နိုင်ငံတော်အနေဖြင့် ဝင်ရောက်ကူညီခြင်းဖြင့် အခြေအနေကောင်းမွန်လာပြီး တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရန်



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို

စသည့် ရည်ရွယ်ချက်များဖြင့် ဤအဆိုကို တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဒေါ်ချိုချိုက တိုင်းပြည်၏ Supply Chain အခွင့်အလမ်းများ တိုးတက်လာမှုသည် FDI များ စုပြုံဝင်ရောက်လာမှု၏ လှုံ့ဆော်မှုကြောင့်ဖြစ်ပြီး တည်ငြိမ်သည့် စီးပွားရေးဝန်းကျင်ကောင်း၊ ငယ်ရွယ်သော လူ့စွမ်းအားအရင်းအမြစ်၊ ကဏ္ဍအလိုက် သက်သာသော ထုတ်လုပ်မှုကုန်ကျစရိတ်များသည် FDI များ ဝင်ရောက်လာစေရေးကို အထောက်အကူပြုကြောင်း။

### FDI များ ဝင်ရောက်လာမှုကို အားနည်းစေ

FDI များသည် လုပ်အားအခြေပြု ကုန်ပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍဖြစ်သည့် IT ပစ္စည်းများ၊ အီလက်ထရွန်နစ်အသုံးအဆောင်များ ဝင်ရောက်လာနိုင်သည့်အတွက် တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းများ အလျင်အမြန် ကျယ်ပြန့်လာသော်လည်း အမျိုးမျိုးသော ကုန်ထုတ်လုပ်မှုသွင်းအားစုများ၊ ကုန်ကြမ်းများ ထုတ်လုပ်သည့်အထောက်အကူပြုစက်မှုလုပ်ငန်းများ အားနည်းနေဆဲဖြစ်သောကြောင့် စက်မှုလုပ်ငန်း သွင်းအားစုထုတ်လုပ်သည့် Suppliers များသည် ကုန်ကျစရိတ်သက်သာသော ကုန်ပစ္စည်းများနှင့် ထောက်ပံ့ပို့ဆောင်နိုင်သည့်နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားပြီး စဉ်းစားရွေးချယ်လာကြကြောင်း၊ ယနေ့အထိ အထောက်အပံ့ စက်မှုလုပ်ငန်းများမဖွံ့ဖြိုးခြင်း၊ ကျွမ်းကျင်လုပ်သားနှင့် နည်းပညာရှင်များအားနည်းခြင်း၊ ကျယ်ပြန့်သည့် ထုတ်ကုန်အမျိုးမျိုးသည် ပြည်ပမှ တင်သွင်းမှုအပေါ် မှီခိုနေဆဲဖြစ်ခြင်း စသည့်အချက်များကြောင့် FDI များ ဝင်ရောက်လာမှုကို အားနည်းစေပါကြောင်း။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရေတို / ရေရှည်လုပ်ငန်းများ ခွဲခြား၍ သစ်တောကဏ္ဍပြုပြင်ပြောင်းလဲရေးများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာ(၂)ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **တရားဝင်သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ဖွံ့ဖြိုးရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အား မည်ကဲ့သို့ ဆောင်ရွက်ထားရှိကြောင်း သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မြန်မာနိုင်ငံတွင် ဥရောပသမဂ္ဂ၏ သစ်တောဥပဒေစိုးမိုးမှု၊ စီမံအုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက်သဘောတူညီမှု (European Union Forest Law Enforcement, Governance and Trade – Voluntary Partnership Agreement, EU FLEGT VPA) လုပ်ငန်းစဉ်၏ လုပ်ငန်းစီမံချက်ကို ရေးဆွဲရန်နှင့် စီမံချက်ပါလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြားဖြတ်လုပ်ငန်းအဖွဲ့ကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်ဖွဲ့စည်းပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် အမျိုးသားအဆင့် FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ကို အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍတို့ ပါဝင်လျက် အဖွဲ့ဝင် ၂၈ ဦးဖြင့် ဖွဲ့စည်းထားပါကြောင်း။

မြန်မာနိုင်ငံ၏ (EU FLEGT VPA) လုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်များမှာ တရားမဝင်သစ်နှင့် ဆက်စပ်ကုန်သွယ်မှုအား တိုက်ဖျက်ရန်၊ သစ်တောစီမံအုပ်ချုပ်မှု အားကောင်းလာစေရန်၊ ရေရှည်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှု ရရှိလာစေရန်နှင့် မြန်မာနိုင်ငံမှသစ်များ ဥရောပသမဂ္ဂသို့ တရားဝင်တင်ပို့ရန်တို့ ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များ ဖော်ဆောင်ခြင်းနှင့်အတူ ဝန်ကြီးဌာနသည် တရားမဝင်သစ်ထုတ်လုပ်မှု တားဆီးခြင်း၊ လက်ရှိမူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ပြန်လည်စိစစ်သုံးသပ်ပြီး ရေတို/ ရေရှည်လုပ်ငန်းများခွဲခြား၍ သစ်တောကဏ္ဍ ပြုပြင်ပြောင်းလဲရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀) နှစ်စီမံကိန်းကို ၂၀၁၇ - ၂၀၁၈ ခုနှစ်မှ ၂၀၂၆ - ၂၀၂၇ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (NDC)အရ ၂၀၃၀ ပြည့်နှစ်အတွင်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို ကြိုးဝိုင်းသစ်တောအဖြစ်လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်လည်းကောင်း ရည်မှန်းလျက် ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပါကြောင်း။

## သစ်ထုတ်ခြင်းအပြင် ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းများကိုလည်း ဆောင်ရွက်လာခဲ့ရာ ဌာနပိုင်ဆင်စခန်းပေါင်း ၂၀ ခန့်အထိ ဖွင့်လှစ်ပြီးဖြစ်

မြန်မာ့သစ်လုပ်ငန်းအနေဖြင့်လည်း ပဲခူးရိုးမနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ်မှစ၍ မြန်မာ့သစ်လုပ်ငန်းပိုင် ကျွန်း/ ပျဉ်းကတိုးစီးပွားရေးစိုက်ခင်းများ တစ်နိုင်တစ်ပိုင်တည်ထောင်ခဲ့ပြီး ငါးနှစ်စီမံချက်နှင့် ဆက်လက်တည်ထောင်သွားရန် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ သစ်ထုတ်ခြင်းအပြင် အခြားသောဝန်ဆောင်မှုကဏ္ဍအနေဖြင့် ဆင်ထိန်းသိမ်းရေးအခြေပြု ခရီးသွားလုပ်ငန်းများကိုလည်း ၂၀၁၆ ခုနှစ်မှစ၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာခဲ့ရာ ယခုအချိန်တွင် ဌာနပိုင်ဆင်စခန်းပေါင်း ၂၀ ခန့်အထိ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း။


ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစခင်ဇော်လင်း


ဒုတိယဝန်ကြီး ဦးလှကျော်


မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွဋ်

သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် သစ်တောဥပဒေ ပုဒ်မ ၁၂(ဃ)နှင့် ပုဒ်မ ၁၄ အရလည်းကောင်း၊ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်နှင့်ပတ်သက်၍ သစ်တောဥပဒေ ပုဒ်မ ၁၇ နှင့် ၁၈ အရ လည်းကောင်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံတွင် (EU FLEGT VPA) လုပ်ငန်းစဉ်အောင်မြင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်အရပ်ရပ်တို့၏ အားပေးလမ်းညွှန်မှုနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ FLEGT သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူအားလုံးမှ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ **မွန်ပြည်နယ် သထုံမြို့နယ်တွင် လယ်မြေဧက ၂၂၀၀၀ အတွက် ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ သရက်တောနှင့် ပန်းတိမ်ကန်ရေထိန်းတံခါးအသစ် နှစ်ခုအား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေတံခါးနှစ်ခုသည် တည်ဆောက်ရမည့် ဒေသ၏ ရေမြေသဘာဝအခြေအနေအရ သဘာဝဘေးကျရောက်နိုင်သည့် အခြေအနေကို အန်တုတည်ဆောက်ရမည့် အရေးကြီးသည့် ရေအားအဆောက်အအုံများ ဖြစ်ပါကြောင်း၊ သို့ဖြစ်သည့်အတွက် ဒီဇိုင်းပြုတွက်ချက်ခြင်းလုပ်ငန်းကို အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ အပြီးသတ် ဒီဇိုင်းပုံစံရေးဆွဲပြီးချိန်တွင် ခန့်မှန်းကုန်ကျငွေတွက်ချက်ပြီး လိုအပ်သည့်ရန်ပုံငွေကို လုပ်ငန်းစီမံဆောင်ရွက်နိုင်သည့် ၂၀၂၀ - ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဒေါက်တာရဲမြင့်ဆွေတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## ၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်း

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **၂၀၁၉ ခုနှစ်၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က အဆိုပါ ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို မေ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

---

❂ စာမျက်နှာ ၄ မှ

တည်ဆောက်ထားပေးပြီးဖြစ်ပါကြောင်း၊ ယခု Data Center မှာ Facility များအဖြစ် Backup Power System, Precision Cooling System, CCTV NVR System, Fire Fighting System, Network Monitoring System, Firewall Security Service များကို 24/7 Service ဆောင်ရွက်ပေးထားသည့်အပြင် အစိုးရဌာနများ၏ e-Government လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ရည်ရွယ်ပြီး ဈေးနှုန်းသက်သာစွာ အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည့်အတွက် အစိုးရဌာနများအနေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ လက်ရှိ Data Center ဝန်ဆောင်မှုများကို ရယူအသုံးပြုသွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် e-Government လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် e-Government Integrated Data Center (eGIDC) စီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ (EDCF)ချေးငွေနှင့် တည်ဆောက်သွားနိုင်ရန်အတွက် ၂၀၁၉ ခုနှစ် ဧပြီလတွင် Korea EXIM Bank Mission အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး Loan Agreement ရေးထိုးနိုင်ရေးကိစ္စများနှင့် eGIDC စီမံကိန်းအတွက် ဆောင်ရွက်ရမည့် Advanced Action Plan များ စတင်ဆောင်ရွက်ရန် ကိစ္စများကို ညှိနှိုင်းသဘောတူခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Online နှင့် IT ဝန်ဆောင်မှုများ ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် Cyber Law နှင့် Policy များကို လိုအပ်လျက်ရှိပါကြောင်း၊ သို့ပါ၍ Cyber Law (မူကြမ်း)ကို ပြုစုလျက်ရှိရာ အဆိုပါ Cyber Law(မူကြမ်း)တွင် Cyber Security၊ e-Government၊ e-Commerce နယ်ပယ်တို့နှင့် သက်ဆိုင်သောဥပဒေ၊ မူဝါဒများထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါသောကြောင့် ကောင်းမွန်ပြည့်စုံ၍ မြန်မာနိုင်ငံနှင့် သင့်လျော်ကိုက်ညီမှုရှိစေမည့် Cyber Law တစ်ခုဖြစ်ပေါ်လာစေရေး သက်ဆိုင်သည့် ဌာန/ အဖွဲ့အစည်းများက တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်း အကြံပြုပေးပါရန် တိုက်တွန်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ e-ID စနစ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ Microsoft Windows Operating System နှင့် Office Application System တို့ကို အစိုးရဌာနများက လိုင်စင်ဖြင့် အသုံးပြုရေး၊ e-Government Secure e-Mail System နှင့် PKI (Public Key Infrastructure) အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကွန်ပျူတာသုံးမြန်မာစာစနစ်တွင် Non-Unicode စနစ်များမှ မြန်မာ Unicode စနစ်သို့ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက် နောက်ဆုံးထား၍ ပြောင်းလဲသုံးစွဲနိုင်စေရေး Migration ပြုလုပ်နိုင်ရန်အတွက် awareness ဆောင်ရွက်မည့် အစီအစဉ်များ၊ Data Policy and Data Classification ဆိုင်ရာမူဝါဒကို နှစ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအမံများ၊ SIM Registration နှင့်ပတ်သက်၍ Common Database ပြုလုပ်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**သတင်းစဉ်**

---


❖ စာမျက်နှာ ၅ မှ

ယင်းနောက် Doing Business အစီရင်ခံစာနှင့်ပတ်သက်၍ ညွှန်းကိန်းနယ်ပယ်အလိုက် ဆက်လက်ဆွေးနွေးတင်ပြရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ၊ ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်လွင်၊ ပြည်တွင်းအခွန်များဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာကြည်ညွှန့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က ၎င်းတို့နှင့် သက်ဆိုင်သည့် ညွှန်းကိန်းနယ်ပယ်အလိုက် Ease of Doing Business Ranking တိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Pasith Thiengtham အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မှု၊ မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေကို အခြေပြု၍ အိမ်နီးချင်းနိုင်ငံများ၏ အကျိုးစီးပွားနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်အောင်လုပ်ဆောင်မည့်အဖွဲ့အစည်း၊ လုပ်ရပ်မှန်သမျှကို လုံးဝခွင့်ပြုမည် မဟုတ်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တပ်မတော်အကြီးအကဲများ ချစ်ကြည်ရေးခရီး အပြန်အလှန်သွားရောက်နိုင်မှု၊ မဲခေါင်မြစ် လုံခြုံရေး အပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် မူးယစ်ဆေးဝါး ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး အတွက် နှစ်ဖက်သတင်းဖလှယ်ရေးကိစ္စရပ်များ၊ ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ပြန့်ပွားရေးအတွက် သံဃာတော်များ အပြန်အလှန် သာသနာတော်ထွန်းကား ပြန့်ပွားရေးခရီးစဉ်များဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံမှ စာချသံဃာတော်များ လာအိုနိုင်ငံသို့ ပင့်ဖိတ်နိုင်ရေး၊ သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့်အခြေအနေ၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့၊ ဆေးအဖွဲ့၊ အားကစား အဖွဲ့များနှင့် အောက်ခြေအဆင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ရေတပ်၊ လေတပ်ဆိုင်ရာ နည်းပညာရပ်များ အပြန်အလှန် ဖလှယ်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲအား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် မေ ၂**
ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော လာအိုပြည်သူ့ တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယ အကြီးအကဲ Major General Pasith Thiengtham အား ဂုဏ်ပြု တပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။



ရှေးဦးစွာ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်းနှင့် လာအိုပြည်သူ့ တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယ အကြီးအကဲ Major General Pasith Thiengtham တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေး သည်။ **(ဝဲပုံ)** ထို့နောက် ဂုဏ်ပြု တပ်ဖွဲ့က ချီတက်အလေးပြု ထွက်ခွာ သည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် လာအိုပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နှင့် ဇေယျာသီရိဗိမာန် ဧည့်ခန်းမ ဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ် အကြား ရှိပြီးချစ်ကြည်ရင်းနှီးမှု တိုးမြှင့် ဆောင်ရွက်ရေး၊ သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ အပြန်အလှန် တိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးအပါအဝင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အပြန် အလှန် သတင်းဖလှယ်ခြင်း၊ တားဆီး ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝ ဘေးအန္တရာယ် နှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် များ အပြန်အလှန်စေလွှတ်၍ အသိ ပညာများမျှဝေခြင်းနှင့် လက်တွေ့ လေ့ကျင့်ရေး၊ မဲခေါင်မြစ်ကြောင်း လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက် ရေးကိစ္စအပါအဝင် ယဉ်ကျေးမှုနှင့် အားကစားအဖွဲ့များ အပြန်အလှန် စေလွှတ်ရေးကိစ္စရပ်များအား ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တည်ခင်းဧည့်ခံ**

ညပိုင်းတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လာအို ပြည်သူ့တပ်မတော်၊ စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Aureum Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်း ဧည့်ခံခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်း ထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့ စစ်တွေမြို့၌ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် အစ္စလာမ်ဘာသာဝင်များအား သီးခြားစီတွေ့ဆုံ

**စစ်တွေ မေ ၂**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

ယင်းနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ အောင်မင်္ဂလာ ရပ်ကွက် မဒ္ဒရာဆာအိစ္စလာမီယာစာသင်ကျောင်းတွင် အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်ဘာသာဝင် ဦးရွှေလှ ဦးဆောင်သော အမျိုးသား၊ အမျိုးသမီးများနှင့် တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် လွှတ်တော်သို့ သွားရောက်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှ၊ ဒုတိယဥက္ကဋ္ဌ ဦးမြသန်းတို့နှင့်တွေ့ဆုံပြီး အစ္စလာမ်ဘာသာဝင်များ၏ နိုင်ငံသားဖြစ်မှုကိစ္စနှင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် စစ်တွေမြို့မှ နေပြည်တော်သို့ ထွက်ခွာသွားကြသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr.Scot Marciel နှင့် တာဝန်ရှိသူများ လိုက်ပါလာကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. David Hale နှင့်အဖွဲ့ အစ္စလာမ်ဘာသာဝင် ဦးရွှေလှ ဦးဆောင်သော အမျိုးသား၊ အမျိုးသမီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ မန္တလေးမြို့သို့ ဒေသစာရီ ကြွချီအပူဇော်ခံ

**မန္တလေး မေ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့သည် မုံရွာမြို့မှ မန္တလေးမြို့သို့ ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ဒေသစာရီကြွချီအပူဇော်ခံရန် ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မဟာမုနိဘုရားဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒါယကာ၊ ဒါယိကာမများက မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် ဖူးမြော်ကြိုဆိုကြသည်။

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ ဒေသစာရီကြွချီလာပြီး အပူဇော်ခံထားရှိမှုနှင့်ပတ်သက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က "ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့နိုင်ငံအတွက် အများကြီးလိုအပ်နေတဲ့အရာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးကိစ္စကို အစိုးရက ဆောင်ရွက်နေတာကတစ်ပိုင်း၊ ငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်တဲ့ ဘာသာရေးပိုင်းက ဆောင်ရွက်တာကလည်း ရှိသင့် ရှိထိုက် ရှိအပ်တဲ့အရာဖြစ်ပါတယ်။ အခုလိုမြန်မာနိုင်ငံရဲ့မြို့တော် နေပြည်တော်မှာ တည်ထားကိုးကွယ်မယ့် ထာဝရငြိမ်းချမ်းရေးစေတီတော်မှာ ကိန်းဝပ်စံပယ်တော်မူမယ့် ဗုဒ္ဓဆင်းတုတော်တွေ ကျွန်တော်တို့မြို့ကို လာရောက်ပြီး အပူဇော်ခံတဲ့အတွက် အများကြီးဝမ်းသာကြည်နူးမိပါတယ်" ဟု မှတ်တမ်းတင်စကား ပြောကြားသည်။

**ဝမ်းသာမိ**

မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလင်းကလည်း "ငြိမ်းချမ်းရေးစေတီဆိုတာ အင်မတန်မှ မင်္ဂလာရှိတဲ့ အမည်နာမဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လှည့်လည်အပူဇော်ခံတဲ့အတွက် ငြိမ်းချမ်းရေးစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေး အတိတ်နိမိတ်ကောင်းတွေ ရရှိမယ်လို့ယုံကြည်ပါတယ်။ အခုလို မန္တလေးမှာ လာရောက်အပူဇော်ခံတဲ့အတွက် ကျွန်တော်တို့ဂေါပကအဖွဲ့အနေနဲ့ အများကြီးဝမ်းသာမိပါတယ်။ စေတီတော်ရဲ့ ဘွဲ့တော်အတိုင်း မြန်မာနိုင်ငံမှာ ထာဝရငြိမ်းချမ်းရေး ရရှိလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်"ဟု ပြောသည်။



ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့အား မန္တလေးမြို့ မဟာမုနိဘုရားကြီးတွင် မေ ၂ ရက်မှ ၇ ရက်နံနက်ပိုင်းအထိ အပူဇော်ခံထားရှိမည်ဖြစ်ပြီး မေ ၃ ရက်တွင် ဆရာတော် အရှင်ဆန္ဒာဓိက က မဟာမုနိဘုရားကြီးဝင်းအတွင်း ငြိမ်းချမ်းရေးတရားတော် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ၊ ဟန်လင်းနိုင်**

---

❂ **ရန်ကုန်မိုးပျံမှ**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ International Finance Corporation (IFC) မှ တာဝန်ရှိသူများ၊ စီမံကိန်းအားရင်းနှီးမြှုပ်နှံမည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီအစုအဖွဲ့များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအစုအဖွဲ့များနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့အား သက်ဆိုင်ရာအဖွဲ့အလိုက် မိတ်ဆက်ကြသည်။

ထို့နောက် စီမံကိန်းအကြံပေးအဖွဲ့အစည်းဖြစ်သည့် IFC မှ ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း အပိုင်း(၁)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် တက်ရောက်လာကြသော ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းက သိလိုသည်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။



ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချနိုင်ရန်အတွက် အဓိက ရည်ရွယ်တည်ဆောက်မည်ဖြစ်သော ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါစီမံကိန်းကို Public Private Partnership (PPP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စုစုပေါင်း အရှည်မှာ ၄၇ ဒသမ ၅ ကီလိုမီတာဖြစ်သည်။ Phase-1 အဖြစ်အရှေ့ဘက်ခြမ်း လေးလမ်းသွားလမ်းမကြီး ၁၉ ကီလိုမီတာ၊ အရှေ့နှင့်အနောက် ချိတ်ဆက်ထားသော လေးလမ်းသွား ခြောက်ကီလိုမီတာ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဆက်သွယ်ထားသော နှစ်လမ်းသွား ၂ ဒသမ ၅ ကီလိုမီတာ စုစုပေါင်း ၂၇ ဒသမ ၅ ကီလိုမီတာ အရှည်ရှိသည်။

ယခုအခါ အဆိုပါစီမံကိန်းအတွက် တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူများကို ရွေးချယ်ရန် ဆန်ခါတင် အရည်အသွေးပြည့်မီသည့် လျှောက်လွှာများ Request for Qualification (RFQ) တင်သွင်းစေပြီး လျှောက်လွှာ ၁၂ စောင်ကို လက်ခံရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် လက်ခံရရှိထားသော လျှောက်လွှာ ၁၂ စောင်အား နိုဝင်ဘာလတွင် ဆန်ခါတင်အရည်အသွေးပြည့်မီမှုကို မူတည်၍ အကဲဖြတ်ခဲ့ရာ စီမံကိန်းအတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော အကျိုးတူအဖွဲ့အစည်း ၁၀ ခုကို ဒီဇင်ဘာလတွင် ဆန်ခါတင် ရွေးချယ်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကြိုတင်အရည်အချင်းပြည့်မီသည့် တင်ဒါယှဉ်ပြိုင်သူများအတွက် Request for Proposal (RFP) ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်ပြီး ၂၀၁၉ ခုနှစ် မေ ၇၊ ၈ နှင့် ၉ ရက်တို့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ IFC နှင့် အရည်အချင်းပြည့်မီသည့် တင်ဒါယှဉ်ပြိုင်သူများသည် One on One Meeting များ ဆောင်ရွက်မည်ဖြစ်သည်။ ဇွန်လတွင် တင်ဒါယှဉ်ပြိုင်သူများသည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းအဆိုပြုလွှာကို တင်သွင်းရမည်ဖြစ်ပြီး ဇူလိုင်လ၊ ဩဂုတ်လတွင် တင်ဒါအောင်မြင်သည့် ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီကို ထုတ်ပြန်သွားမည်ဖြစ်သည်။

ဤစီမံကိန်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင် စတင်၍ တည်ဆောက်ရန် ရည်မှန်းထားပြီး (၃) နှစ်အတွင်း ပြီးစီးနိုင်မည်ဟု ခန့်မှန်းထားသည်။ ဤစီမံကိန်းဆောင်ရွက်ခြင်းအားဖြင့် ရန်ကုန်မြို့တွင်း၌ တွေ့ကြုံနေရသော ယာဉ်ကြောပိတ်ဆို့မှုပြဿနာများကို လျှော့ချပေးနိုင်မည့်အပြင် နိုင်ငံတော်၏ စီးပွားရေးအခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ကာ ပြည်သူလူထု၏ လူမှုဘဝလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❍ **စာမျက်နှာ ၆ မှ**

ထို့ကြောင့် နိုင်ငံတော်မှ သက်သာသောနှုန်းဖြင့် မြေများငှားရမ်းပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ အရည်အသွေးမြင့်တင်သည့် သင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်ပမှ လာရောက်လုပ်ကိုင်သည့် ကျွမ်းကျင်လုပ်သားများနှင့်အတူ ပြည်တွင်းရှိ ကျွမ်းကျင်လုပ်သားများကိုလည်း အလုပ်ခွင်တွင် စိတ်ပါဝင်စားစွာ လုပ်ဆောင်နိုင်ရေးအတွက် ထိုက်သင့်သော လစာ၊ အကျိုးခံစားခွင့်များ၊ ရသင့်ရထိုက်သည့် အခွင့်အရေးများကို ပေးသင့်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ ရွေးချယ်မှု၊ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းပေးရမည့်အခြေအနေများကို ထည့်သွင်းဆွေးနွေးခဲ့သည်။

**တင်းကျပ်သည့် စည်းကမ်း**

ယခုလက်ရှိအခြေအနေတွင် JICA ချေးငွေ two step lone, MEB တို့မှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိသကဲ့သို့ ပုဂ္ဂလိကဘဏ်များကလည်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိသော်လည်း တင်းကျပ်သည့် စည်းကမ်းများကြောင့် ပကတိမြေပြင်အခြေအနေတွင် ချေးငွေရရှိရေးတွင် စိတ်ပျက်မှုများဖြင့်သာ အဆုံးသတ်နေရကြောင်း SME လုပ်ငန်းရှင်များ၏ ပြောကြားချက်အရ သိရကြောင်း။

ထို့ပြင် အတိုးနှုန်းအနေဖြင့်လည်း ပြင်ပမှ အတိုးနှုန်းနှင့်နှိုင်းယှဉ်လျှင် အနည်းငယ်သက်သာမှုရှိသော်လည်း လုပ်ငန်းရှင်များအတွက် လုပ်ငန်းလုပ်ဆောင်ရာတွင် ကြီးမားသည့် အတိုးနှုန်းဖြစ်နေကြောင်း၊ ထို့ကြောင့် SME ချေးငွေကို အားပေးသည့်အနေဖြင့် အခြားဘဏ်ချေးငွေများနည်းတူ အတိုးနှုန်းမယူဘဲ သက်သာသောအတိုးနှုန်းဖြင့် ချေးပေးသင့်သကဲ့သို့ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း တတ်နိုင်သလောက် လျှော့ပေါ့ပေးရန် အထူးလိုအပ်ကြောင်း။

SME ချေးငွေများကို ထုတ်ချေးပေးနေသော်လည်း လက်တွေ့တွင် SME လုပ်ငန်းရှင်အများစုသည် မရရှိသူများ များပြားနေသည့်အတွက် ပေးကားပေး၏ မရဖြစ်နေရကြောင်း၊ SME လုပ်ငန်းအများစုသည် အရင်းအနှီးကြီးကြီးမားမားမရှိသည့်အတွက် လုပ်ငန်းမတိုးချဲ့နိုင်ခြင်း၊ လုပ်ငန်းသည်လည်း မကြီးကျယ်သည့်အတွက် ချေးငွေရရန် အခွင့်အလမ်းနည်းပါးခြင်းဖြင့် မုန့်လုံးစက္ကူကပ်ကိန်း ဆိုက်နေရပါကြောင်း။

ထိုသို့သော အခြေအနေများတွင် SME, MSME လုပ်ငန်းများ အောင်မြင်ရန်အတွက် အခက်အခဲရှိနေပြီး မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းများ တိုးတက်ရေးကိုလည်း အဟန့်အတားဖြစ်နေပါကြောင်း၊ SME , MSME လုပ်ငန်းများ တိုးတက်လာပြီး ၎င်းတို့ထုတ်လုပ်သော ကုန်ပစ္စည်းများသည် အရည်အသွေးအားဖြင့် မြင့်မားပြီး အရေအတွက်တိုးခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် တခြားနိုင်ငံမှထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုလုပ်ငန်းများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်စွမ်းရှိလာမည်ဖြစ်ပါကြောင်း SME လုပ်ငန်းများ တွေ့ကြုံနေရသည့် အခက်အခဲများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

**ခေတ်သစ်ဈေးကွက်တစ်ခု**

Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်ရေးနှင့်စပ်လျဉ်း၍ ဒေါ်ချိုချိုက ဗီယက်နမ်သည် ကနဦးတွင် လုပ်အားအခြေပြု ကုန်ပစ္စည်းထုတ်လုပ်မှုတွင် ဆွဲဆောင်မှုရှိသော ဒေသအဖြစ် ရပ်တည်လာရာမှ (အဝတ်အထည်၊ ဖိနပ်)၊ ယခုအခါတွင် IT နှင့် အဆင့်မြင့်နည်းပညာသုံးပစ္စည်းထုတ်လုပ်မှုတွင် အာရှထိပ်တန်းနိုင်ငံများတွင် ပါဝင်လာကာ ရလဒ်အဖြစ် တန်ဖိုးမြှင့်ထုတ်လုပ်မှုကဏ္ဍအပေါ် အခြေခံ၍ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု၊ ဟိုတယ်နှင့် အစားအသောက်ဝန်ဆောင်မှု Real Estate နှင့် အခြားစီးပွားရေးဝန်ဆောင်မှုလုပ်ငန်းများ မှန်မှန်မြင့်တက်ဖွံ့ဖြိုးလာပြီး ဝန်ဆောင်မှုလုပ်ငန်းရင်းနှီးမြှုပ်နှံသူများအတွက် ဗီယက်နမ်သည် အကျိုးအမြတ်များသော ခေတ်သစ်ဈေးကွက်တစ်ခု ဖြစ်လာခဲ့ကြောင်း။

ထို့ကြောင့် ကုန်ချောထုတ်လုပ်သူ နိုင်ငံခြားကုမ္ပဏီများနှင့် ချိတ်ဆက်၍ တပ်ဆင်ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ကန်ထရိုက်စနစ်(သို့) တစ်ဆင့်ခံကန်ထရိုက်စနစ် အစီအစဉ်များဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း။

ထို့ပြင် ပြည်တွင်းမှထွက်ရှိသော ကုန်ကြမ်းများကို ကုန်ချောဖြစ်အောင် ထပ်ဆင့်ပြုပြင်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း အရှုံးပေါ်၍ ရပ်ဆိုင်းထားရသည့် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများကို PPP စနစ်၊ ပုဂ္ဂလိကကို တိုက်ရိုက်အငှားချသောစနစ်၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကို အပြတ်ရောင်းချသောစနစ် စသည့် နည်းလမ်းများဖြင့် စက်ရုံများ ပြန်၍လည်ပတ်နိုင်စေရေးကိုလည်း ပွင့်လင်းမြင်သာပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် အစီအစဉ်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် Global Supply Chain တွင် ပြည်တွင်းထုတ်လုပ်မှုများ အချိုးအစားတစ်ခုအဖြစ် ပါဝင်နိုင်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သောကြောင့် လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို အချိန်မဆွဲဘဲ ပွင့်လင်းမြင်သာစွာဖြင့် လျင်လျင်မြန်မြန် အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း ဆွေးနွေးခဲ့သည်။

ဒေါ်ချိုချို၏ အဆိုနှင့်စပ်လျဉ်း၍ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင်က အမှန်တကယ် ရင်းနှီးမြှုပ်နှံလိုသူများ မြေယာကို သင့်တင့်သည့်ဈေးနှုန်းဖြင့် အသုံးပြုနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးမည်ဆိုပါက ဆောင်ရွက်ပေးနိုင်သည့် အနေအထားရှိပါကြောင်း၊ လတ်တလောအနေဖြင့် အကျိုးရှိရှိ အသုံးမပြုနိုင်သည့် ဌာနဆိုင်ရာပိုင်မြေများ၊ အသုံးမပြုဘဲထားထားသည့် အစိုးရစီမံခန့်ခွဲခွင့်ရှိသည့် မြေများကို အမှန်တကယ် ရင်းနှီးမြှုပ်နှံမည့်သူများထံ သင့်တင့်သည့်ဈေးနှုန်းသတ်မှတ်ပြီး ငှားရမ်းပေးသင့်ပါကြောင်း၊ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုမပြုဘဲ မြေရယူထားသူများထံမှလည်း အမြန်ဆုံး ပြန်လည်သိမ်းဆည်းသင့်ပါကြောင်း။

**ဆွဲဆောင်နိုင်ရန်လို**

မြန်မာနိုင်ငံ၏ သက်သာသည့်လုပ်အားခသည် ရင်းနှီးမြှုပ်နှံလိုသူများအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော်လည်း မိမိနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အားသာချက်ရှိသည့် လုပ်ငန်းများနှင့် လုပ်သားများ၏ ကျွမ်းကျင်မှုများ ကိုက်ညီရန်လိုပါကြောင်း၊ ရေရှည်တွင် သက်သာသော လုပ်အားခနှင့်သာ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နေရန်မသင့်ဘဲ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်းအားမြင့်မားမှုနှင့် ဆွဲဆောင်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ရင်းနှီးမြှုပ်နှံသူများ အကျိုးရှိရုံသာမက နိုင်ငံသားများလည်း ပိုမိုကောင်းမွန်သည့် လစာရရှိပြီး လူနေမှုမြင့်မားလာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို ယခုထက်ပိုပြီး ထိရောက်လျင်မြန်စွာ ပြုပြင်ပြောင်းလဲရန်နှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများ အမြန်ဆုံးဖြည့်ဆည်းပေးရန် လိုအပ်လျက်ရှိပါကြောင်း ထောက်ခံဆွေးနွေးသည်။

**သတင်း - မော်စီ၊ မွှေးကြူဇင်၊ ဓာတ်ပုံ - ထန်းဖုန်**

# အင်းလေးခေါင်တိုင်အပန်းဖြေစခန်းရှိ နဝမတန်းလူရည်ချွန်များ အင်းလေးကန်နှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ အထင်ကရနေရာများလေ့လာ



**ညောင်ရွှေ မေ ၂**

၂၀၁၉ ခုနှစ် အင်းလေးခေါင်တိုင် လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသော နဝမတန်းလူရည်ချွန် လူငယ်မောင်မယ်များသည် ယနေ့တွင် အင်းလေးကန်နှင့် ညောင်ရွှေမြို့နယ်အတွင်းရှိ သမိုင်းဝင်စေတီများနှင့် အထင်ကရနေရာများကို သွားရောက်ဖူးမြော်လေ့လာကြသည်။

**ကြည့်ရှုလေ့လာ**

လူရည်ချွန်လူငယ်မောင်မယ်များသည် ယနေ့နံနက် ၇ နာရီက အင်းလေးကန်အတွင်း ဟဲယာရွာမရှိ စိန်သမာဓိ ငွေထည်လုပ်ငန်းသို့ သွားရောက်ကာ ရိုးရာငွေထည် လက်မှုပစ္စည်းများ ထုတ်လုပ်နေမှုကို လေ့လာကြသည်။ ယင်းနောက် အင်းပေါ်ခုံကျေးရွာရှိ အင်းလေးရိုးရာ ရက်ကန်းစက်ရုံများဖြစ်သည့် အင်းပေါ်ခုံ ရက်ကန်းစက်ရုံနှင့် ခေတ်ဆန်းယဉ်ပိုး၊ ပိုးချည်နှင့် ရက်ကန်းရုံတို့တွင် ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ရက်လုပ်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လူရည်ချွန်လူငယ်မောင်မယ်များသည် ရှေးဟောင်းသမိုင်းဝင် အလိုတော်ပေါက်ဘုရားနှင့် အင်းလေးဖောင်တော်ဦးဘုရားများအား ဖူးမြော်လေ့လာကြပြီး မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ပေါ်ရှိ စော်ဘွား ၃၃ ဦး စံမြန်းခဲ့သော ညောင်ရွှေဟော်နန်းနှင့် ရွှေဗောဓိ မြို့ဦးစေတီတို့ကို ဖူးမြော်လေ့လာကြသည်။

**ပြန်လည်ထွန်းကားလာ**

အင်းလေးကန်ဒေသ၌ ကျေးရွာပေါင်း ၁၉၄ ရွာ တည်ရှိပြီး ၁၆၉ ရွာသည် အင်းလေးကန်အတွင်းတည်ရှိသည်။ ရွှေပန်းထိမ်၊ ငွေပန်းထိမ်နှင့် ကြေးထည်လုပ်ငန်းများကို ဟဲယာရွာမ၌ အများဆုံးလုပ်ကိုင်ကြကာ ဆွမ်းတော်တင်ကလပ်၊ ရေခွက်၊ ရေကရား၊ ပန်းနှင့် ရှင်လောင်း အဝတ်တန်ဆာများ စသည့် နိဗ္ဗာန်ကုန်များကို အများဆုံး ပြုလုပ်ကြကြောင်း သိရသည်။ ဟဲယာရွာမ၌ ငွေပန်းထိမ်လုပ်ငန်းလုပ်ကိုင်လာသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၅၀ ခန့်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပန်းထိမ်လုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း၊ အဆိုပါ ငွေပန်းထိမ်လုပ်ငန်းသည် ၁၉၉၆ ခုနှစ် မတိုင်မီက ဝယ်ယူသုံးစွဲသူ နည်းပါးမှုကြောင့် လုပ်ငန်းရပ်ဆိုင်းလုမတတ်ဖြစ်သွားပြီး လုပ်ကိုင်သူ ပညာရှင်နည်းပါးခဲ့ကာ ၁၉၉၆ ခုနှစ် မြန်မာနိုင်ငံခရီးသွားနှစ် ရောက်ရှိချိန်မှသာ ငွေပန်းထိမ်လုပ်ငန်းကို ခရီးသွားလုပ်ငန်းနှင့်တွဲဖက်ကာ ပုလဲနှင့် ငွေထည်လက်ဝတ်ရတနာများကိုပါ တိုးမြှင့်ထုတ်လုပ်ပြီး ဈေးကွက်ပြန်လည်ဖော်ဆောင်နိုင်မှုကြောင့် ငွေထည်လက်မှုလုပ်ငန်း ပြန်လည်ထွန်းကားလာခြင်းဖြစ်ကြောင်း စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်းပိုင်ရှင် ဦးစိန်လှိုင်က ပြောသည်။

အင်းလေးကန်အတွင်းရှိ ကျေးရွာများအနက် ရိုးရာရက်ကန်းလုပ်ငန်းကို ဟဲယာရွာမ၊ နန်းပန်၊ အင်းပေါ်ခုံကျေးရွာများတွင် အများဆုံးလုပ်ကိုင်ကြပြီး အများအားဖြင့် ချည်ထည်၊ ပိုးထည်နှင့် ပဒုမ္မာကြာချည်ထည်များ ရက်လုပ်ကြကြောင်း သိရသည်။ ထို့အတူ ပန်းပဲလုပ်ငန်းကို ဆည်ခေါင်းကျေးရွာနှင့် စဉ့်ထည်လုပ်ငန်းကို ကျောက်တိုင်ကျေးရွာများတွင် အများဆုံးပြုလုပ်ကြကြောင်း သိရသည်။ **ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ - သီဟစည်သူ**

# ဒသမတန်းလူရည်ချွန်မောင်မယ်များ ပုသိမ်မြို့သို့ သွားရောက်လေ့လာ

**ငွေဆောင် မေ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေရှိ လူရည်ချွန်စခန်း (ငွေဆောင်)သို့ အပန်းဖြေရန် ရောက်ရှိနေသည့် ၂၀၁၈-၂၀၁၉ ဒသမတန်းလူရည်ချွန် မောင်မယ်များသည် အုပ်ချုပ်သူ ဆရာ ဆရာမများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့သို့ သွားရောက်လေ့လာကြသည်။

**လှူဒါန်း**

ရှေးဦးစွာ ဒသမတန်းလူရည်ချွန်မောင်မယ်များသည် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ လှူဒါန်းကြသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် ရွှေမြင်းပျံ ပုသိမ်ဟာလဝါလုပ်ငန်းနှင့် ရွှေစာပုသိမ်ထီးလုပ်ငန်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကုန်ပစ္စည်း ထုတ်လုပ်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်များက သိရှိလိုသည်များကို မေးမြန်း ကြသည်။


မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ မြို့တော်ခန်းမ၌ လူရည်ချွန်မောင်မယ်များသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံသည်။ ထို့သို့ တွေ့ဆုံရာတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က အမှာစကားပြောကြားပြီး လူရည်ချွန် မောင်မယ်များကိုယ်စား လူရည်ချွန်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက လူရည်ချွန်မောင်မယ်များအား တစ်ဦးချင်းရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များသည် ပုသိမ်စက်မှုဇုန်ရှိ Dong Long (Pathein) Garment အထည်ချုပ်စက်ရုံသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကုန်ပစ္စည်းအဆင့်ဆင့် ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။ ညပိုင်းတွင် ပုလဲငွေဆောင်ဟိုတယ်ကမ်းခြေအနီးတွင် လူရည်ချွန်မောင်မယ်များ၊ ပုသိမ်နှင့် ငွေဆောင်ရှိ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုဖျော်ဖြေကြသည်။

**သတင်း-မင်းသစ်(MNA) ဓာတ်ပုံ-စိုးမင်းဦး(ပြန်/ဆက်)**



# ပုပ္ပားတောင်ကလပ်၊ ပုပ္ပားတောင်ဥယျာဉ်နှင့် Poppa Mountain Resort သို့ အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ



**ကျောက်ပန်းတောင်း မေ ၂**

ပုဂံလူရည်ချွန်စခန်း၌ ရောက်ရှိနေသည့် အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုပ္ပားတောင်ကလပ်ရှိ စေတီတော်အားဖူးမြော်ခြင်း၊ ပုပ္ပားတောင်ဥယျာဉ်နှင့် ပရဆေးစိုက်ခင်းအားကြည့်ရှုလေ့လာခြင်းနှင့် Poppa Mountain Resort သို့ သွားရောက်လေ့လာခြင်းတို့ ဆောင်ရွက်ကြသည်။

**ဖူးမြော်ကြည်ညို**

ရှေးဦးစွာ ပုဂံလူရည်ချွန်စခန်းမှူး မန္တလေးတိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ကြီးကြပ်ဆရာ ဆရာမများနှင့် အဌမတန်းလူရည်ချွန် ကျောင်းသား ကျောင်းသူ ၁၇၈ ဦးတို့သည် ပုဂံလူရည်ချွန်စခန်းမှ ကျောက်ပန်းတောင်းမြို့ရှိ ပုပ္ပားတောင်ကလပ်သို့ ရောက်ရှိပြီး ပုပ္ပားတောင်ကလပ်ရှိ စေတီများအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ပုပ္ပားတောင်ဥယျာဉ်ရှိ ပညာပေးပြခန်းအတွင်း ပြသထားသည့် ဥယျာဉ်အတွင်း တွေ့ရှိနိုင်သည့် နို့တိုက်သတ္တဝါများ၊ တောရိုင်းတိရစ္ဆာန်များ၊ ရေနေသတ္တဝါများ၊ ဆေးဖက်ဝင်အပင်များ၊ သစ်ခွမျိုးစိတ်များ၊ လိပ်ပြာမျိုးစိတ်များ၊ ငှက်မျိုးစိတ်များ၊ မျိုးသုဉ်းပျောက်ကွယ်လုနီးရှိနေသည့် မီးတောင်ချိုင့်ဝှမ်းတွင် နေထိုင်လျက်ရှိသည့် မျောက်မျက်ကွင်းဖြူ စသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထားရှိသည့် ပရဆေးစိုက်ခင်းအတွင်း ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပုပ္ပားတောင်ဥယျာဉ် စုဝေးခန်းမ၌ လူရည်ချွန် ကျောင်းသား ကျောင်းသူများအား တောအုပ်ကြီး ဒေါ်ခင်မျိုးထွေးက ပုပ္ပားတောင်ဘေးမဲ့တောဥယျာဉ်၏ နောက်ခံသမိုင်းကြောင်း၊ ရည်ရွယ်ချက်များ၊ မြေမျက်နှာသွင်ပြင်၊ တောအမျိုးအစား၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သုတေသနပြုလုပ်နေသည့်အခြေအနေများ၊ လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အလမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Poppa Mountain Resort သို့ ရောက်ရှိရာ Poppa Mountain Resort အတွင်း ကြည့်ရှုလေ့လာကြပြီး မှတ်တမ်းဓာတ်ပုံများ ရိုက်ကြကာ မွန်းလွဲပိုင်းတွင် ပုဂံလူရည်ချွန်စခန်းသို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်း-ကိုမင်း၊ ဓာတ်ပုံ-မင်းမင်း**

# စက်မှုဇုန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်သည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**စက်မှုဇုန်ဥပဒေကြမ်း**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။ )**

**၁၃၈၁ ခုနှစ်၊    လ    ရက်**

**(၂၀၁၉ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို စက်မှုဇုန်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **တာဝန်ခံဝန်ကြီးဌာန**ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန**ကို ဆိုသည်။

(ဃ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ **ပြည်ထောင်စုအစိုးရအဖွဲ့၊ စက်မှုဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး**ကိုဆိုသည်။

(င) **စက်မှုဇုန်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ စက်မှုဇုန်အဖြစ် နယ်နိမိတ်ပိုင်းခြား သတ်မှတ် တည်ထောင်သည့် ဇုန်မြေနေရာကို ဆိုသည်။

(စ) **ဗဟိုကော်မတီ**ဆိုသည်မှာ စက်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ**ကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာကော်မတီ**ဆိုသည်မှာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒေသအလိုက် စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးအတွက် ဤဥပဒေအရဖွဲ့စည်းသော **ဒေသဆိုင်ရာစက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ**ကိုဆိုသည်။

(ဇ) **စီမံခန့်ခွဲရေးကော်မတီ**ဆိုသည်မှာ သက်ဆိုင်ရာစက်မှုဇုန်တွင် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဤဥပဒေအရဖွဲ့စည်းသော **စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**ကို ဆိုသည်။

(ဈ) **အခြေခံအဆောက်အအုံများ**ဆိုရာတွင် စက်မှုဇုန်နှင့် ဆက်စပ်သည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရေရရှိရေး၊ ရေဆိုးသန့်စင်ရေး၊ မီးဘေးလုံခြုံရေး၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေဆိပ်၊ ဆက်သွယ်ရေးကွန်ရက်စသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ အခြေခံလိုအပ်ချက်များနှင့် ကွန်ပျူတာအစီအစဉ်များ၊ လုပ်ငန်းများလွယ်ကူထိရောက်စေရေးအတွက် ဆောင်ရွက်ပေးနိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာအစီအစဉ်များစသည့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာမဟုတ်သည့် အခြေခံလိုအပ်ချက်များ ပါဝင်သည်။

(ည) **ရင်းနှီးတည်ဆောက်သူ**ဆိုသည်မှာ စက်မှုဇုန်ထူထောင်တည်ဆောက်သည့်လုပ်ငန်း၊ စက်မှုဇုန်အတွင်း အခြေခံအဆောက်အအုံ တည်ဆောက်သည့်လုပ်ငန်းနှင့် လုပ်ငန်းလည်ပတ်ခြင်း သို့မဟုတ် မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကိစ္စရပ်တစ်ခုချင်းအလိုက် တာဝန်ယူဆောင်ရွက်သည့် ကုမ္ပဏီ၊ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ရင်းနှီးမြှုပ်နှံသူ**ဆိုသည်မှာ ဒေသဆိုင်ရာကော်မတီ၏ သတ်မှတ်ချက်များနှင့်အညီ စက်မှုဇုန်အတွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကို ဆောင်ရွက်သည့် နိုင်ငံသားကိုသော်လည်းကောင်း၊ နိုင်ငံခြားသားကိုသော်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းထူထောင်သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ကိုလည်းကောင်းဆိုသည်။

**အခန်း (၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စက်မှုလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စက်မှုဇုန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်၊

(ခ) စက်မှုဇုန်များကို နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဘောင်များနှင့်အညီ စနစ်တကျစီမံထူထောင်၍ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နိုင်စေရန်၊

(ဂ) ကုန်ထုတ်လုပ်ငန်းနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ၏ လိုအပ်ချက်များကို ပြည့်စုံစွာစီမံဆောင်ရွက်ခြင်းဖြင့် စက်မှုဇုန်များအတွင်း လုပ်ငန်းချိတ်ဆက်မှုအားကောင်း၍ ဈေးကွက်အရယူဉ်ပြိုင်နိုင်သော စက်မှုလုပ်ငန်းများဖြစ်လာစေရန်၊

(ဃ) စက်မှုလုပ်ငန်းများကိုစက်မှုဇုန်အတွင်း အခြေချလုပ်ကိုင်ဆောင်ရွက်လာစေရန်နှင့် စက်မှုလုပ်ငန်းများကြောင့် သဘာဝနှင့်လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ မဖြစ်ပေါ်စေရေး၊ လျော့နည်းစေရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်စေရန်၊

(င) စက်မှုဇုန်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်လာစေပြီး နိုင်ငံသားများ၏လူနေမှုအဆင့်မြင့်မားလာစေရန်နှင့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျော့နည်းစေရန်၊

(စ) စက်မှုဇုန်များ၏ ကွန်ရက်ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန်၊ စက်မှုဇုန်အတွင်း လိုအပ်ချက်များဖြည့်ဆည်းရန်နှင့် တာဝန်ယူ၊ တာဝန်ခံမှုစနစ် ထွန်းကားလာစေရန်။

**(ဆက်လက်ဖော်ပြပါမည်)**

## အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၆၀ / ၂၀၁၉ )**

၁၃၈၁ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၉ ခုနှစ် ၊ မေလ ၂ ရက် )

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ**

[The Yeomanry Development Party (YDP)] **အား**

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၅)လမ်း၊ မြေညီထပ်၊ အမှတ်(၉)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]**အား ၂၀၁၉ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**အခြေခံလူတန်းစားဘဝမြင့်မားရေးပါတီ [The Yeomanry Development Party (YDP)]**၏ မှတ်ပုံတင်အမှတ်မှာ (၁၁၃) ဖြစ်ပါသည်။

**(လုံသိန်း)**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား လူထုပါတီ အမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၆၁/ ၂၀၁၉ )**

၁၃၈၁ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၉ ခုနှစ် ၊ မေလ ၂ ရက် )

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီအား**

**လူထုပါတီ** (The Party for People)

**အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၉၈)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ**သည် ယင်းပါတီ၏အမည်ကို **လူထုပါတီ(The Party for People)** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် က ဥပဒေနှင့်အညီစိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီ**အား ၂-၅-၂၀၁၉ ရက်နေ့မှစ၍ **လူထုပါတီ(The Party for People)**အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

**(လုံသိန်း)**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် **ကချင်ပြည်နယ်ပြည်သူ့ပါတီ[Kachin State People's Party(KSPP)]**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အမှတ်(၃၈၆)တွင် ပါတီရုံးချုပ် တည်ရှိသော **ကချင်ပြည်နယ်ပြည်သူ့ပါတီ[Kachin State People's Party (KSPP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၃၀-၄-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကချင်ပြည်နယ်ပြည်သူ့ပါတီ**

[Kachin State People's Party (KSPP)]**၏ အလံပုံစံ**



**ကချင်ပြည်နယ်ပြည်သူ့ပါတီ**

[Kachin State People's Party (KSPP)]**၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## အသိပေးကြေညာချက်

၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၄၀ (င) နှင့် ပုဒ်မ ၆၂ တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်တွင်းသုံးငွေကို တစ်ဦးတည်း ထုတ်ဝေသူနှင့် စီမံခန့်ခွဲသူဖြစ်ပါသည်။

၂။ ယခုအခါ Digital Currency များဖြစ်သော Cryptocurrency: Bitcoin (BTC)၊ Litecoin (LTC)၊ Ethereum (ETH) နှင့် Perfect Money (PM) အစရှိသည်တို့အား personal Facebook account များ၊ web page များမှတစ်ဆင့် ရောင်း/ဝယ်၊ လဲလှယ်မှုများအား မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ ဝန်ဆောင်မှုပေးသည့် ပုံစံဖြင့်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၃။ Cryptocurrency အပါအဝင် Digital Currency များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တရားဝင်ငွေကြေးအဖြစ် သတ်မှတ်ထားခြင်း မရှိသကဲ့သို့ ယင်းကို ရောင်း/ဝယ်၊ လဲလှယ်ခြင်းများ ဆောင်ရွက်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ခွင့်ပြုထားခြင်းမရှိပါ။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားခြင်းမရှိသော Cryptocurrency အပါအဝင် Digital Currency များအား online မှ တစ်ဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင် သော်လည်းကောင်း ရောင်း/ဝယ်၊ လဲလှယ်မှုများ ဆောင်ရွက်ပါက သုံးစွဲဆောင်ရွက်သူများတွင် ဆုံးရှုံးနိုင်ခြေရှိကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း ကြင်ရာတော်အသစ်နှင့် နန်းတက်ပွဲဆင်နွှဲမည်

**ဗန်ကောက် မေ ၂**

**ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းက သူ၏နန်းတက်ပွဲမတိုင်မီ သက်တော်စောင့်အဖွဲ့ခေါင်းဆောင် အမျိုးသမီးတစ်ဦးနှင့် မေ ၁ ရက်တွင် လက်ထပ်ထိမ်းမြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။**



ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် သူ၏သက်တော်စောင့်အဖွဲ့ခေါင်းဆောင် အမျိုးသမီးနှင့် လက်ထပ်ထိမ်းမြားလိုက်ပြီဖြစ်ကြောင်းနှင့် အဆိုပါကြင်ရာတော်အသစ်အား ဘုရင်မ သုသီဒါဘွဲ့ပေးအပ်ခဲ့သည်ဟု ထိုင်းအစိုးရအဖွဲ့က တရားဝင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

ယခု လက်ထပ်ထိမ်းမြားမင်္ဂလာသည် အသက် ၆၆ နှစ်အရွယ်ရှိပြီဖြစ်သော ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ လေးကြိမ်မြောက် လက်ထပ်မင်္ဂလာဖြစ်သည်။

မင်္ဂလာလက်ထပ်ပွဲ အခမ်းအနားကို ထိုင်းရုပ်သံလိုင်းများမှ ထုတ်လွှင့်ပြသခဲ့သည်။ ဘုရင် မဟာဗာဂျီရာလောင်ကွန်းက ဘုရင်မ သုသီဒါ၏ ဦးခေါင်းပေါ်သို့ ရေစင်တော်များ လောင်းချကာ မင်္ဂလာယူခဲ့ပြီး လက်ထပ်စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဗီဒီယိုမှတ်တမ်းများကို ရုပ်သံလိုင်းတွင် ပြသခဲ့ကြောင်း သိရသည်။

လက်ထပ်ပွဲ အခမ်းအနားသို့ ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာနှင့် ဘုရင်၏အကြံပေးအဖွဲ့ အကြီးအကဲနှင့် အခြားအဆင့်မြင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းသည် ဘုရင်ကြီး ဘူမိဘောအဒူလျာဒက်ဂျ် နတ်ရွာစံခဲ့သည့် ၂၀၁၆ ခုနှစ် အောက်တိုဘာလကစပြီး ထီးနန်းဆက်ခံလျက်ရှိသည်။

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ နန်းတက်ပွဲအခမ်းအနားကို မေ ၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဘုရင်မသုသီဒါအား ၁၉၇၈ ခုနှစ် ဇွန် ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ကိုယ်ပိုင်တက္ကသိုလ်တစ်ခုဖြစ်သော အဆမ်းရှင်းတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထို့နောက် ထိုင်းလေကြောင်းလိုင်းတွင် ဝင်ရောက်အလုပ်လုပ်ကိုင်ခဲ့ပြီးနောက် ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း၏ သက်တော်စောင့်အဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။

မေ ၄ ရက်တွင် ကျင်းပမည့် နန်းတက်ပွဲတွင် ဘုရင် မဟာဗာဂျီရာလောင်ကွန်းက ဘုရင်မ သုသီဒါအား တော်ဝင်ဆုတံဆိပ်များ ပေးအပ်နိုင်ဖွယ်ရှိသည်။ ယင်းသို့ တော်ဝင်မိသားစုအနွယ်တော်ဝင်များအား ဆုတံဆိပ်များအပ်နှင်းခြင်းသည် နန်းတက်စကြောဇ်ဘုရင်တစ်ပါး၏ ရိုးရာဓလေ့တစ်ခုပင်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# အကြမ်းဖက်မှုကျူးလွန်သူများ၏ နာမည်နှင့် ဓာတ်ပုံများအား သီရိလင်္ကာရဲများ ထုတ်ပြန်

**ကိုလံဘို မေ ၂**

မကြာသေးမီက သီရိလင်္ကာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများအား ကျူးလွန်ခဲ့သူ အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့၏ နာမည်နှင့် ဓာတ်ပုံများကို သီရိလင်္ကာ အာဏာပိုင်များက ယနေ့ထုတ်ပြန်ကြေညာခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ဧပြီ ၂၁ ရက်တွင် ကိုလံဘိုမြို့ရှိ ဟိုတယ်များနှင့် ခရစ်ယာန်ဘုရားကျောင်းများ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရသည်။ အဆိုပါအကြမ်းဖက်မှုများကြောင့် လူ ၂၅၃ ဦး သေဆုံးခဲ့သည်။

အကြမ်းဖက်မှု ကျူးလွန်ခဲ့ကြသူများအား ၎င်းတို့၏ မျိုးရိုးဗီဇ (DNA) စစ်ဆေးချက်များအရ သီရိလင်္ကာရဲတပ်ဖွဲ့က မေ ၁ ရက်တွင် အတည်ပြုခဲ့ပြီး ၎င်းတို့၏ နာမည်နှင့်ဓာတ်ပုံများကို ပြည်သူများအား အသိပေးချပြခဲ့ကြောင်း သိရသည်။

ယင်းအကြမ်းဖက်မှုခေါင်းဆောင်သည် မိုဟာမက်ဇာဟာရန်ဖြစ်ပြီး ၎င်းသည် ရှန်ဂရီလာဟိုတယ်ဗုံးခွဲတိုက်ခိုက်မှုကို ကျူးလွန်ခဲ့သည်ဟု ရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။ ကျန်အမျိုးသားငါးဦးသည် ဟိုတယ်နှစ်လုံးနှင့် ခရစ်ယာန်ဘုရားကျောင်းများအား ဗုံးခွဲတိုက်ခိုက်ခဲ့သူများဖြစ်သည်။ ယင်းတို့အနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ရဲများလိုက်ဖမ်းလျက်ရှိစဉ် ၎င်းတို့ကိုယ်ကို အသေခံဗုံးခွဲခဲ့ကြောင်း သိရသည်။

အဖွဲ့ခေါင်းဆောင် ဇာဟာရန်နှင့် အခြားအမျိုးသား တစ်ယောက်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က ယူဆထားသည်။

ထို့ပြင် စုံစမ်းစစ်ဆေးသူများက အကြမ်းဖက်တိုက်ခိုက်မှု၏ အကြောင်းရင်းခံကို အတိအကျသိရှိရန် ၎င်းတို့၏ပိုင်ဆိုင်မှုများနှင့် ဘဏ်စာရင်းများအား လိုက်လံစုံစမ်းလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အင်အားပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းဖန်နီ အိန္ဒိယသို့ ဦးတည် မုန်တိုင်းဝင်ရောက်မည့်လမ်းကြောင်းဒေသမှ လူအမြောက်အမြားကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့

**နယူးဒေလီ မေ ၂**

လေတိုက်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၂၀၀ (၁၂၅ မိုင်) အထက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းစေနိုင်သည့် အင်အားပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းဖန်နီသည် အိန္ဒိယနိုင်ငံသို့ ဦးတည်ရွေ့လျားနေခြင်းကြောင့် မုန်တိုင်းဝင်ရောက်လာမည့် လမ်းကြောင်းတစ်လျှောက်တွင် ကျရောက်သည့် အိန္ဒိယနိုင်ငံအရှေ့ပိုင်းဒေသတွင် လူဦးရေ ၈၀၀၀၀၀ နီးပါးကို ဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းထားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂ ရက်တွင် ပြောကြားသည်။



အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ၂၀၁၈ ခုနှစ်က Titli ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။

အင်အားအလွန်ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းဖန်နီကြောင့် ဩရိသပြည်နယ်တွင် မေ ၃ ရက် မွန်းလွဲပိုင်းတွင် မြေပြိုမှုများဖြစ်ပေါ်နိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ ယင်းမုန်တိုင်းသည် အလွန်လျင်မြန်သောနှုန်းဖြင့် အရှေ့မြောက်ဘက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဦးတည်ရွေ့လျားသွားမည်ဖြစ်ကာ ယင်းဦးတည်ရွေ့လျားရာလမ်းကြောင်းတစ်လျှောက်တွင် လူဦးရေသန်း ၁၀၀ ကျော်နေထိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။

အင်အားပြင်းထန်သည့် မုန်တိုင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးသည်းထန်စွာရွာသွန်းခြင်းများ အဆိုပါဒေသများ၌ ဖြစ်ပေါ်မည်ဖြစ်ပြီး ဩရိသပြည်နယ်၏ မြေနိမ့်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုများ ၁ ဒသမ ၅ မီတာ(ငါးပေ)ခန့်အထိ ဖြစ်ပေါ်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ပြောကြားသည်။

ဩရိသပြည်နယ်တွင်းရှိ မုန်တိုင်းအန္တရာယ်ခံစားရဖွယ်ရှိသည့် ခရိုင်ပေါင်း ၁၃ ခုထက်မနည်းမှ ပြည်သူ ၇၈၀၀၀၀ ခန့်ကို မေ ၁ ရက် တစ်ညလုံးတွင် လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်းနှင့် ပြည်နယ်အတွင်း နေထိုင်သူဦးရေ ၄၆ သန်းမှာ မုန်တိုင်းအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ရမည်ဟု ပြည်နယ်ကယ်ဆယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားသည်။

လာမည့် ၁၂ နာရီအတွင်း အန္တရာယ်ရှိသောဇုန်အတွင်းမှ လူပေါင်းတစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း ဩရိသပြည်နယ် အထူးကယ်ဆယ်ရေး မင်းကြီးဘစ်ရှ်မုပါဒါဆတ်ဟီက အေအက်ဖ်ပီသို့ ပြောကြားသည်။

ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများနှင့် အစိုးရအဆောက်အအုံများ၌ ယာယီခိုလှုံရေးစခန်းပေါင်း ၃၀၀၀ ကို ဖွင့်လှစ်ထားပြီး ယင်းစခန်းများ၌ လူပေါင်း တစ်သန်းကျော် ဝင်ဆံ့သည်ဟု ဆိုသည်။ ယာယီခိုလှုံရေးစခန်းများ၌ ခိုလှုံသူများအား ထောက်ပံ့ရန် ရိက္ခာခြောက်အထုပ်ပေါင်း ၁၀၀၀၀၀ကျော်ကို အဆင်သင့်ထားရှိကြောင်း သိရသည်။

ဆိုင်ကလုန်းမုန်တိုင်းဖန်နီသည် ဆယ်စုနှစ် နှစ်ခုနီးပါးအတွင်း အိန္ဒိယနိုင်ငံအရှေ့ပိုင်းသို့ တိုက်ခတ်ခဲ့သည့် အကြီးမားဆုံး ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပြီး ၎င်းမုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော်အတွင်း အရှိန်ယူအစပျိုးကာ အိန္ဒိယနိုင်ငံ အရှေ့ပိုင်းကမ်းခြေဆီသို့ မှန်မှန်ဦးတည်လာနေကြောင်း မေ ၂ ရက် သတင်းများ၌ ဖော်ပြသည်။

ယင်းမုန်တိုင်း၏ ပြင်းအားကို အဆင့် ၃ သို့မဟုတ် ၄ အဖြစ် သတ်မှတ်ထားသည်။ မုန်တိုင်းဗဟိုချက်၏ လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၈၀ မှ ၁၉၀ ကီလိုမီတာရှိပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ အထက်လည်း တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားသည်။ **အေအက်ဖ်ပီ**

# ပင်လယ်နီအတွင်း၌ စက်ပျက်နေသည့် အီရန်ရေနံတင်သင်္ဘောကို ဆော်ဒီအာရေဗျ ကမ်းခြေစောင့်တပ်ဖွဲ့မှ ကယ်တင်

**ရီယာ့ဒ် မေ ၂**

ဂျက်ဒါကမ်းလွန်ပင်လယ်ပြင်အတွင်း၌ အီရန် ရေနံတင်သင်္ဘောတစ်စင်းကို ဆော်ဒီအာရေဗျ ကမ်းခြေစောင့်တပ်ဖွဲ့က ကယ်တင်ခဲ့ရကြောင်း၊ ၎င်းတို့ရေယာဉ် စက်ပျက်နေကြောင်းနှင့် ထိန်းချုပ်၍မရတော့ကြောင်း၊ ဘေးဒုက္ခရောက်နေသည့် သတင်းပေးပို့ချက်ကို လက်ခံရရှိပြီးနောက်တွင် ယင်းအီရန်ကုန်တင်သင်္ဘောကို ဆော်ဒီအာရေဗျ ကမ်းခြေစောင့်တပ်ဖွဲ့မှ ကယ်ဆယ်ခဲ့ခြင်းဖြစ်ကြောင်း အာရပ်သတင်းဌာနက မေ ၂ ရက်တွင် သတင်းဖော်ပြသည်။

အီရန်ရေနံတင်သင်္ဘောပေါ်တွင် ရေယာဉ်အဖွဲ့သား ၂၆ ဦးပါရှိကြောင်း၊ ၂၄ ဦးမှာ အီရန်လူမျိုးများဖြစ်ပြီး နှစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများဖြစ်ကြောင်း၊ အီရန်ရေနံတင်သင်္ဘောသားကို ဂျက်ဒါမြို့၏တောင်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာရှိ ပင်လယ်နီအတွင်း၌ ကယ်ဆယ်ခဲ့ရကြောင်း ဆော်ဒီအာရေဗျအစိုးရသတင်းဌာနက ဖော်ပြသည်။

အီရန်ရေနံတင်သင်္ဘောအား ကယ်ဆယ်ရေးလုပ်ငန်းတွင် ဆော်ဒီအာရေဗျအစိုးရ၏ အေဂျင်စီများကလည်း ပါဝင်လုပ်ဆောင်ခဲ့ကြကြောင်း၊ ဆော်ဒီအာရေဗျသတင်းဌာနက အသားပေးဖော်ပြသော်လည်း ရေနံတင်သင်္ဘောပေါ်၌ ရေနံများယိုဖိတ်မှု ရှိ၊ မရှိကိုမူ အသေးစိတ်ဖော်ပြခြင်းမရှိပေ။

လတ်တလောကာလတွင် အီရန်နိုင်ငံ၏ ရေနံတင်ပို့ရောင်းချမှုအပေါ် အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုများနှင့် တိုးမြှင့်ရင်ဆိုင်နေရသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နှင့် အနောက်အင်အားကြီးနိုင်ငံများအကြား ရရှိထားသည့် အဏုမြူအရေးဆိုင်ရာ သဘောတူစာချုပ်မှ အမေရိကန်နိုင်ငံ နုတ်ထွက်ပြီးနောက်တွင် အီရန်၏ ရေနံတင်ပို့ရောင်းချမှုအား ပိတ်ပင်ဟန့်တားရန် အမေရိကန်က ဖိအားပေးမှုများ ပြုလုပ်လာခြင်းဖြစ်သည်။

**ဆင်ဟွာ**

# ထိုင်းနှင့် ကမ္ဘောဒီးယားကြား နယ်စပ်ဖြတ်ကျော်ရထားလမ်းပြန်လည်ဖွင့်လှစ်ပြီ

## ကျော်ထိုက်စိုး

၂၀၂၀ ပြည့်နှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုကို နှစ်ဆအထိ တိုးမြှင့်ရန် ရည်ရွယ်ကာ ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် သံတမန်ရေးရာနှင့် စီးပွားရေးဆက်ဆံမှုကို အားပေးသည့် ကြိုးပမ်းမှုများ တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော ထိုင်းနှင့်ကမ္ဘောဒီးယားတို့သည် ၄၅ နှစ်ကြာ အသုံးမပြုဘဲပစ်ထားခဲ့သည့် နယ်စပ်ဖြတ်ကျော် ရထားလမ်းချိတ်ဆက်မှုကို ဧပြီလ ၂၂ရက်နေ့က ပြန်လည်အသက်သွင်းခဲ့သည်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆမ်တို့သည် အဆိုပါရထားလမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံအရှေ့ပိုင်း အရညာပရာသတ်မြို့မှ ကမ္ဘောဒီးယားနိုင်ငံ ပွိုင်ပက်မြို့အထိ ထိုင်းနိုင်ငံက လှူဒါန်းထားသော ရထားတစ်စင်းကို အတူတကွ စီးနင်းခဲ့ကြသည်။

အဆိုပါရထားလမ်းပိုင်းကို နေ့စဉ်ပြေးဆွဲရန်အတွက် ၁၉၄၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သော်လည်း ၁၉၇၄ ခုနှစ်တွင် ရထားလမ်းပိုင်းကို ပိတ်ပစ်ခဲ့သည်။ ထိုင်း-ကမ္ဘောဒီးယားရထားလမ်းစီမံကိန်းမှာ မူလအစက မြို့တော်နှစ်ခုဖြစ်သော ဗန်ကောက်နှင့် ဖနောင်ပင်တို့ကို ချိတ်ဆက်ပေးရန် ရည်ရွယ်ခဲ့သည်။ သို့သော်လည်း ကမ္ဘောဒီးယားနိုင်ငံဘက်ခြမ်းရှိ ရထားလမ်းပိုင်းမှာ ရှည်လျားသော ပြည်တွင်းစစ်ကြောင့် အကြီးအကျယ်ပျက်စီးသွားခဲ့သည်။ ဝန်ကြီးချုပ် ဟွမ်ဆန်က ပျက်စီးသွားသော ရထားလမ်းပိုင်းကို ပြုပြင်ရန် ညွှန်ကြားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံက ၂၀၁၈ ခုနှစ်အတွင်း ဖနောင်ပင်မြို့တော်မှ ထိုင်းနယ်စပ်မြို့ အရညာပရာသတ်အထိ အရှည် ကီလိုမီတာ ၃၇၀ ရှိသော ရထားလမ်းစီမံကိန်း၏ အပြီးသတ်အပိုင်းကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၅ ခုနှစ်အတွင်း ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွမ်ဆန်တို့သည် လမ်းမကြီးများ၊ ရထားလမ်းများ ချိတ်ဆက်မှုမှတစ်ဆင့် ၂၀၂၀ ပြည့်နှစ်မရောက်မီ နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုင်းဘဏ်၏အဆိုအရ အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သည့် ထိုင်းနှင့် ကမ္ဘောဒီးယားတို့ကြား နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ ၂၀၁၈ ခုနှစ်အတွင်း ထိုင်းဘတ် ၂၄၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံ) အထိရှိခဲ့ပြီး ၂၀၁၇ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၃၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။



ဧပြီလ ၂၂ ရက်က ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ရှိ အရညာပရာသတ်မြို့တွင် ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နောင်လာမည့်နှစ်များအတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှာ အလားတူပမာဏဖြင့် တိုးတက်ပါက အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရောက်ရှိရေး ရည်မှန်းချက်မှာ ပြည့်မီဖွယ်ရှိနေသည်။ ထိုင်းနှင့် ကမ္ဘောဒီးယားအစိုးရတို့ကြား သဘောတူညီချက်တစ်ရပ်ရရှိခြင်း မရှိသေးသောကြောင့် မြို့တော်နှစ်ခုကို ဆက်သွယ်ပေးသော ရထားပြေးဆွဲမှုမှာ ကာလအတိုင်းအတာတစ်ခုအထိ ကြာမြင့်ဖွယ်ရှိသည်။ သို့သော်လည်း နှစ်နိုင်ငံကြား ရထားလမ်း ချိတ်ဆက်မှုက သယ်ယူပို့ဆောင်ရေးဆိုင်ရာ နည်းလမ်းသစ်တစ်ခုဖြစ်သောကြောင့် အနာဂတ်ကာလတွင် နယ်စပ်ကုန်သွယ်ရေးကို တိုးတက်လာစေမည်ဖြစ်သည်။ ယခုအခါ နှစ်နိုင်ငံကြားကုန်သွယ်မှုကို အများအားဖြင့် ထရပ်ကားများဖြင့် ဆောင်ရွက်သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား ရထားလမ်း ချိတ်ဆက်မှုမှာ နှစ်နိုင်ငံကြားကုန်သွယ်မှုထက် အဓိပ္ပာယ်ပိုရှိနေသည်။ ရထားလမ်းချိတ်ဆက်မှုမှာ နှစ်နိုင်ငံကြား ဆက်ဆံရေးအခြေအနေ ပိုမိုတိုးတက်ကောင်းမွန်လာသည့် အမှတ်သညာတစ်ခုပင် ဖြစ်သည်။ နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဟု အခိုင်အမာဆိုထားသည့် နယ်စပ်ဒေသ၌ တည်ရှိသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘုရားကျောင်းတစ်ခုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်အတွင်း နှစ်နိုင်ငံကြား အငြင်းပွားမှုဖြစ်ပွားခဲ့သည်။ အဆိုပါပိုင်နက်နယ်မြေ အငြင်းပွားမှုမှသည် ဟိဂ်မြို့တော်ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးအထိ ရောက်ရှိသွားခဲ့သည်။

အပြည်ပြည်ဆိုင်ရာတရားရုံးက ဘုရားကျောင်းပိုင်ဆိုင်ခွင့်ကို ကမ္ဘောဒီးယားနိုင်ငံသို့ပေးအပ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ထိုင်းတပ်ဖွဲ့များ အငြင်းပွားမှုဖြစ်ပွားရာ နယ်မြေမှ ရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့သည်။ ၂၀၁၄ ခုနှစ် မေလနောက်ပိုင်း နှစ်နိုင်ငံကြားဆက်ဆံရေးမှာ နဂိုအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည်။ နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးမှာ ယခင်ကထက်များစွာ ပိုမိုကောင်းမွန်လာကြောင်း ၂၀၁၈ ခုနှစ် မေလအတွင်း ကျင်းပသည့် နှစ်နိုင်ငံနယ်စပ်အစည်းအဝေး၌ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ပရာဝစ်ဝေါင်ဆုဝမ်နှင့် ကမ္ဘောဒီးယားကာကွယ်ရေးဝန်ကြီး တီယာဘန်တို့က အတည်ပြုခဲ့သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ခရီးသွားလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းလာစေရန် ဆိပ်ကမ်းများ ချိတ်ဆက်မည့်သဘောတူညီချက် တစ်ရပ်ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း လက်မှတ်ရေးထိုးခဲ့သည်။ ထိုင်းပင်လယ်ကွေ့အတွင်းရှိ အပန်းဖြေကျွန်းတစ်ခုဖြစ်သော ကော့စမွေနှင့် ယခုနှစ်နှောင်းပိုင်း (သို့မဟုတ်) ၂၀၂၀ ပြည့်နှစ် အစောပိုင်းတွင် နိုင်ငံတောင်ပိုင်းရှိ ကမ်ပေါ့မြို့တော်အနီး တည်ဆောက်မှုစတင်ရန် ကမ္ဘောဒီးယားနိုင်ငံက စီစဉ်ထားသော ဆိပ်ကမ်းတစ်ခုကြားချိတ်ဆက်ရန် နှစ်နိုင်ငံစလုံးက ရည်ရွယ်သည်။

ယင်းသို့သောဆောင်ရွက်မှုများမှာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်တို့ပါဝင်သည့် ဒေသတွင်း၌ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာစေမည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းချက်များနှင့်အညီ ဖြစ်သည်။ အဆိုပါ အိမ်နီးချင်းလေးနိုင်ငံစလုံးမှာ သက်ကြီးလူဦးရေ တိုးပွားမှုကြုံတွေ့နေရသည့် ထိုင်းနိုင်ငံနှင့်နှိုင်းယှဉ်လျှင် ပိုမိုမြင့်မားသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိလျက်ရှိသည်။ အတုံ့အလှည့်အနေဖြင့် ထိုင်းနိုင်ငံက ပိုမိုဖွံ့ဖြိုးသောဈေးကွက်နှင့် မြင့်မားသောနည်းပညာ ပံ့ပိုးပေးနိုင်သည့်အပြင် တရုတ်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်မည့် ထိုင်းနိုင်ငံ၏မဟာဗျူဟာကိုလည်း ကိုယ်စားပြုသည်။ ကမ္ဘောဒီးယားနှင့် လာအိုတို့မှာ တရုတ်နိုင်ငံနှင့် ခိုင်မာသော ဆက်ဆံရေးရှိပြီး နှစ်နိုင်ငံစလုံးမှာ တရုတ်နိုင်ငံထံမှ ပမာဏများပြားသော ဘဏ္ဍာရေးဆိုင်ရာအကူအညီများ ရရှိသည်။ ထိုင်းအစိုးရက ကမ္ဘောဒီးယား၊ လာအိုတို့နှင့် ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ထားမှုကြောင့် ထိုင်းကုမ္ပဏီများအနေဖြင့် စီးပွားရေးလုပ်ငန်းများကို အခက်အခဲမရှိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ နယ်စပ်ဖြတ်ကျော် ရထားလိုင်းပုံမှန်ပြေးဆွဲမှုကို မကြာမီ လုပ်ဆောင်နိုင်မည်ဟု ထိုင်းတာဝန်ရှိသူများက ပြောကြားသည်။ နှစ်နိုင်ငံကြား ရထားလမ်းချိတ်ဆက်မှု ပြန်လည်ဖွင့်လှစ်ခြင်းက ကျန်ရှိသော အရှေ့တောင်အာရှဒေသနှင့် ချိတ်ဆက်ခြင်းအားဖြင့် နှစ်နိုင်ငံစလုံး၏စီးပွားရေးကို တိုးတက်လာစေမည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားခဲ့သည်။

ထို့အပြင် နှစ်နိုင်ငံကြား ရထားလမ်းပြန်လည်ချိတ်ဆက်ရန် ကြိုးပမ်းခဲ့သည့် ထိုင်းနိုင်ငံကိုလည်း ကျေးဇူးတင်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)သည် နှစ်နိုင်ငံကြား ခရီးသွားကြာချိန် လျှော့ချရန်နှင့် ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်ကာ ၂၀၀၉ ခုနှစ်အတွင်း ရထားလမ်း ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁၃ သန်း ပံ့ပိုးကူညီခဲ့သည်။ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့သည် နယ်စပ်ဖြတ်ကျော်ရထားလမ်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား-နစ်ကိုင်းအေရှန်းရီဗျူး**

Thailand and Cambodia reopen rail and sea links as ties blossom

---

### ❖ ဆိုင်ကလုန်းမုန်တိုင်းမှ

ချန်ဘာလီမြို့အကြား ပူရီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီး အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"အဖြစ်သို့ အားလျော့ကာ မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနေမည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"၏အရှိန်ကြောင့် မေ ၂ ရက်မှ မေ ၄ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

### ○ ကျောဖုံးမှ

ဒုတိယအဆင့်မှစတင်၍ ရှုံးထွက်ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် နိုင်ငံခြားသားကစားသမားများ ထည့်သွင်းအသုံးပြုခွင့်ပေးမည်မဟုတ်ဘဲ ၂၀၁၇ နောက်ပိုင်း မြန်မာနေရှင်နယ်လိဂ်နှင့် MNL-2 ကလပ်အသင်းများတွင် မှတ်ပုံတင်ထားသည့် နည်းပြများနှင့် ကစားသမားများကို ကစားသမားအဖြစ် မှတ်ပုံတင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်က ကျင်းပသည့် MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် MIC အသင်းက ချန်ပီယံဆုရရှိခဲ့သည်။ ယခုပြိုင်ပွဲတွင် ခြေစွမ်းပြသည့် ကစားသမားများမှာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း၏ ပဏာမလူစာရင်းတွင် ပါဝင်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမမှ စတုတ္ထနေရာအထိရရှိသည့် ကစားသမားများကို ဆုကြေးငွေများ ချီးမြှင့်မည်ဖြစ်ပြီး ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု ငွေကျပ်သိန်း ၃၀၊ တတိယဆု ငွေကျပ်သိန်း ၂၀၊ စတုတ္ထဆု ငွေကျပ် ၁၀ သိန်း၊ အသန့်ရှင်းဆုံးအသင်းဆု ငွေကျပ်ငါးသိန်း၊ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုနှင့် အကောင်းဆုံးဂိုးသမားဆုရရှိသူတို့ကို ငွေကျပ်သုံးသိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

## သင်္ဃန်းကျွန်း(စံပြ)ဆေးရုံကြီးသို့ အဲကွန်း ၂၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်း(စံပြ) ဆေးရုံးကြီးသို့ Zaw Electrical & Electronic Production Co.,Ltd. (ZEP)က ငွေကျပ်သိန်း ၁၀၀ ကျော် တန်ဖိုးရှိ Star Way အဲကွန်း ၂၅ လုံးနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂၈ ရက်က ယင်းဆေးရုံကြီး၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ထို့နောက် ယင်းကုမ္ပဏီမှ စက်ရုံမှူး ဦးရဲဝင်းက လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ZEP အီလက်ထရွန်နစ်ပစ္စည်း သုံးစွဲသူများ၊ အရောင်းကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ စုပေါင်း၍ လှူဒါန်းခြင်းဖြစ်ကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်လင်း+ဒေါ်ဟန်စုယဉ်မိသားစုက Star Way အဲကွန်းနှင့် ဆက်စပ်ပစ္စည်းများကိုပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းလှက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

၎င်းဆေးရုံတွင် နေ့စဉ်အတွင်းလူနာ ၇၀၀ ကျော်နှင့် ပြင်ပလူနာ ၆၀၀ မှ ၇၀၀ ကြားရှိပြီး ရောဂါ ၂၁ မျိုးကို အဓိကထား၍ ကုသပေးလျက်ရှိရာ ယခုကဲ့သို့ လေအေးပေးစက်များကို လာရောက်လှူဒါန်းပေးသည့်အတွက် များစွာကျေးဇူးတင်ပါကြောင်း၊ ယင်းလေအေးပေးစက်များကို ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသော လူနာများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်သန်းလှက ပြောကြားသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

# နဘား-ကသာရထားလမ်းသံလမ်းမှုလီများ ဖြုတ်ယူခိုးသူများကို အမှုဖွင့်ထား

**ကသာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နဘားနှင့်ကသာရထားလမ်းပေါ်ရှိ နေရာ ၂၅ နေရာကျော်တွင် သံလမ်းမှုလီများ ပြုတ်နေကြောင်းတွေ့ရသည့်အတွက် ဖြုတ်ယူခိုးသူများကိုအရေးယူပေးရန် နဘားရဲစခန်းတွင်အမှုဖွင့်ထားကြောင်း သိရသည်။

နဘားမှကသာသို့ မေ ၁ ရက်က ထွက်ခွာလာသော အမှတ်(၅၁)အဆန်ရထားမောင်းသူက သတိထားမောင်းရင်းကြည့်ရာ မိုင်တိုင်(၅၉၂-၅၉၃-၅၉၄)ကြားရှိ သံလမ်းဆက် ဂျိုင်းပတ်တာများ ပြုတ်နေသည်မှာ ၂၅ နေရာကျော်တွေ့ရကြောင်း ပြောကြားသည်။

အဆိုပါ ၁၄ မိုင်ခရီးရှိသည့် နဘား-ကသာမီးရထားလမ်းပိုင်းသည် တောင်တက် လမ်းပိုင်းဖြစ်ပြီး နဘားဘူတာမှ နံနက် ၆ နာရီခွဲတွင် အမှတ်(၅၁)အဆန်ရထား၊ ကသာဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် အမှတ် (၅၂)အစုန်ရထားတို့ဖြင့် နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**





# ဒီမော့ဆိုမြို့နယ်တွင် မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် မီးတိုင်အချို့ကျိုးကျ

**ဒီမော့ဆို မေ ၂**

ကယားပြည်နယ် ဒီမော့ဆိုမြို့နယ်တွင် မေ ၂ ရက် ညနေ ၃ နာရီခွဲက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ငွေတောင်ကျေးရွာအုပ်စု ဒေါကလိုးခူကျေးရွာအတွင်းသွယ်တန်းထားသော လျှပ်စစ်မီးတိုင်ရှစ်တိုင် ကျိုးကျပြီး လေးတိုင်ယိုင်လဲကာ လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့နယ်လျှပ်စစ်တာဝန်ခံ ဦးသီဟဝင်းနှင့် ဝန်ထမ်းများ၊ အုပ်စုအုပ်ချုပ်ရေးမှူးတို့က လိုအပ်သည်များဆောင်ရွက်နိုင်ရန် လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။ **ရီရယ်(ဒီမော့ဆို)**

# မုံရွာမြို့နှင့် ကျိုင်းတုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

မူးယစ်တပ်ဖွဲ့စု(၈) မုံရွာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် မွန်းလွဲ ၁ နာရီက မုံရွာမြို့ ရွှေဇလုပ်ရပ်ကွက် ဇလုပ်အဝိုင်းအနီး မြို့ရှောင်လမ်းတွင် ကျော်ဝင်းညွန့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ မြဝတီရပ်ကွက် အမှတ်(၁၅)လမ်းသွယ် မေတ္တာလမ်းရှိ ဦးကျော်ဝင်းညွန့်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၇ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု(၂၈) ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်နွဲ့ကျေးရွာနေ လုံကျွဲ၏နေအိမ်ကိုရှာဖွေရာ လုံကျွဲ၊ အိုက်စံနှင့် အိုက်နန့်တို့အား တွေ့ရှိရပြီး လုံကျွဲထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၀ ကိုလည်းကောင်း၊ အိုက်စံထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၃ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ကျော်ဝင်းညွန့်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်စစ်ကြောင်းအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေး



ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုံရွာ-ယာကြီး-ကလေးဝကားလမ်း(၃၅/၅)မိုင်အနီးနေရာ၌ ယာဉ်အမှတ် ၉၄/---- ထော်လာဂျီယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၃ ဒသမ ၁၄၆၆ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် မုံရွာမြို့နယ် အလုံ-ထန်းတောရပ်တွင် မော်တော်ယာဉ် သုံးစီးပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၄ ဒသမ ၁၅၀၀ တန်၊ ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် ညောင်ဖောက်ကျေးရွာ အနောက်ဘက် နှစ်ဖာလုံခန့်အကွာနေရာမှ တရားမဝင်တောင်စကိုင်းခွဲသား ၅ ဒသမ ၇၄၂၆ တန်တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိပြီး ဆက်စပ်ပတ်သက်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# တိုက်ကြီးမြို့နယ်အတွင်းမှ တရားမဝင်သစ်များ သိမ်းဆည်း

**ရန်ကုန် မေ ၂**

ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနမှ လ/ထ ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးစီးသောအဖွဲ့သည် တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးအောင်အောင်စိုးအဖွဲ့နှင့်ပူးပေါင်း၍ သက်သေများနှင့်အတူ မေ ၁ ရက် ညနေ ၄ နာရီခွဲက တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၂)နယ်မြေ လျှော်ပုံဘိနယ် နဘဲဝင်းအတွင်း သတင်းအရဝင်ရောက်ရှာဖွေရာ တရားမဝင်သစ်မျိုးစုံ ၁၇ လုံး (၅ ဒသမ ၈၈၂၈တန်) ရှာဖွေဖမ်းဆီးရမိသဖြင့် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားပြီး သစ်ပိုင်ရှင်အား စုံစမ်းဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **လူအောင်(ကသာ)**

# မကွေးတိုင်းဒေသကြီး၌ ယခုနှစ်အတွင်း ဧပြီလအထိ မီးလောင်မှု ၁၄၄ ကြိမ်ဖြစ်ပွား

**မကွေး မေ ၂**

မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မီးလောင်မှု ၁၄၄ ကြိမ် ဖြစ်ပွားရာ မီးဘေးသင့်ပြည်သူ ၄၁၈ ဦးရှိပြီး ပျက်စီးဆုံးရှုံးမှု ခန့်မှန်းခြေတန်ဖိုးငွေကျပ် ၁၃၅၀၈၄၄၀၀ ခန့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ဖြစ်ပွားမှုမှာ ၂၀၁၉ ခုနှစ်အတွင်း ဇန်နဝါရီလတွင် ၂၂ ကြိမ်၊ ဖေဖော်ဝါရီလတွင် ၂၈ ကြိမ်၊ မတ်လတွင် အကြိမ် ၅၀၊ ဧပြီလတွင် ၄၄ ကြိမ် စုစုပေါင်း ၁၄၄ ကြိမ်ဖြစ်ပွားခဲ့ရာ နေအိမ်များရှိ မီးဖိုမီးကြောင့် ၂၇ ကြိမ်၊ မီးပေါ့ဆစွာသုံးစွဲမှု ၇၆ ကြိမ်၊ လျှပ်စစ်မီး ၁၀ ကြိမ်၊ ရှို့မီး ၁၄ ကြိမ်၊ တောမီး ၁၅ ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်ဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်ခြေ ၁၅၅ အိမ်၊ သေဆုံးသူ ကိုးဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၁၂ ဦး၊ မီးဘေးသင့်ပြည်သူ ၄၁၈ ဦး၊ တိရစ္ဆာန် ၁၄ ကောင် မီးလောင်ကျွမ်းခဲ့ရာ ခန့်မှန်းခြေစုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၅၀၈၄၄၀၀ ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ မီးလောင်မှု အကြိမ် ၉၀ ဖြစ်ပွားခဲ့ရာ အိမ်ခြေ ၂၇၇ အိမ်၊ သေဆုံးသူ တစ်ဦး၊ ထိခိုက်ဒဏ်ရာရရှိသူတစ်ဦး၊ မီးဘေးသင့်ပြည်သူ ၁၂၃၂ ဦး၊ တိရစ္ဆာန် ၄၉၃ ကောင် ခန့်မှန်းခြေစုစုပေါင်းတန်ဖိုးငွေကျပ် ၁၂၁၈၂၃၄၀၀ ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဝေဖြိုးလေး(ပြန်/ဆက်)**

# မောင်တောနှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သူဦးလာကျေးရွာ၌ မေ ၂ ရက် နံနက် ၉ နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

မောင်တောမြို့ သူဦးလာကျေးရွာ မူလတန်းကျောင်းအနီး၌ မီးလောင်နေကြောင်း သိရသဖြင့် ဒုရဲအုပ်ဆက်ပိုင်ထူးဦးစီး၍ တပ်ဖွဲ့ဝင်များ၊ သူဦးလာကျေးရွာအုပ်ချုပ်ရေးမှူး မာမွတ်ရော်ရှိတ်၊ ကျေးရွာသူကျေးရွာသားများနှင့်အတူ မီးလောင်ရာသို့ မီးငြိမ်းသတ်ရန် သွားရောက်ရာ မီးလောင်နေအိမ်အတွင်းမှ ဂျာဂိန် ထွက်ပြေးသွားသည်ကို တွေ့ရှိသဖြင့် ဝိုင်းဝန်းဖမ်းဆီးပြီး မီးလောင်နေသည့် နေအိမ်များကို ဝိုင်းဝန်းငြိမ်းသတ်ရာ ၁၀ နာရီ မိနစ် ၄၀ ခန့်က မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူမနေသည့်သွပ်မိုး၊ ဓနိမိုး၊ ဝါးထရံကာ နေအိမ်ငါးလုံး မီးကူးစက်လောင်ကျွမ်းခဲ့သည်။ နေအိမ်များအား မီးရှို့ဖျက်ဆီးသူ ဂျာဂိန်အား တရားဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**ပြည်ကြီးတံခွန်**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တောင်မြင့်ရပ်ကွက် အကွက်(၆) တွင် မေ ၁ ရက် ည ၉ နာရီ မိနစ် ၂၀ က နေအိမ်အောက်ထပ်ရှိ မီးပလပ်ခုံ အပူရှိန်လွန်ကဲရာမှ ပျဉ်ထောင်၊ သွပ်မိုးနှစ်ထပ်နေအိမ်တစ်လုံးနှင့် နို့စားနွားမတစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ငါးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၉ နာရီ ၃၉ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ လျှပ်စစ်မီး ပေါ့ဆစွာသုံးစွဲသူ ဦးဝင်းဆွေအား ပြည်ကြီးတံခွန်မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နွားများတင်ဆောင်လာသည့် ယာဉ်နှစ်စီး သီပေါ၊ မန်ဟဲနှင့် ပန်ဆောက်မိန်းရွာအနီး ပစ်ခတ်ခံရ

**သီပေါ မေ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ မန္တလေး- သီပေါ- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင် (၁၂၅/၆-၇) ကြားတွင် ယာဉ်မောင်း နုလွင်၊ ယာဉ်နောက်လိုက် မျိုးနိုင်နှင့်အတူ ပြည်ပတရားဝင်ပို့ကုန်ဖြင့် ကေခိုင်ကျော်ကုမ္ပဏီက စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်မှ နွားများတင်ဆောင်၍ မူဆယ်မြို့သို့ သွားမည့် ၁၂ ဘီးယာဉ်ကို မေ ၁ ရက် ညနေ ၅ နာရီခွဲက ဆိုင်ကယ်တစ်စီးဖြင့် လူနှစ်ယောက်က ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ယာဉ်နောက်လိုက် မျိုးနိုင်၏ ပေါင်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

ထို့အပြင် အဆိုပါ ည ၇ နာရီ ၄၅ မိနစ်ကလည်း သီပေါမြို့နယ် ပန်ဆောက်မိန်းကျေးရွာအုပ်စု ဆွတ်လန်းကျေးရွာ မန္တလေး-မူဆယ်သွား ကားလမ်းမိုင်တိုင်(၁၃၃/၃-၄) ကြား စားသောက်ဆိုင်ရှေ့တွင် ပြည်ပတရားဝင်ပို့ကုန်ဖြင့် ကေခိုင်ကျော်ကုမ္ပဏီက နွားများတင်ဆောင်၍ ယာဉ်မောင်းဇာနည်အောင်မောင်းနှင်လာသော ၁၂ ဘီးယာဉ်မှာ နားခဲကျေးရွာ၌ သေနတ်ဖြင့် ပစ်ခတ်ခံရသဖြင့် ယာဉ်မောင်းမှာ သေဆုံးသွားခဲ့သည်။ အခင်းဖြစ်ပွားရာသို့ တပ်မတော်စစ်ကြောင်းမှ လိုက်လံရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# အမှုကိစ္စများကို ကျေအေးပြီးပြတ်စေရေးနှင့်ဥပဒေ



**မောင်စာဂ**

"ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး"ဟူသည် တရားစီရင်ရာတွင်အခြေခံရမည့် ဆင္ဒမပြောက်အခြေခံမှု ဖြစ်သည်။ ဤအခြေခံမှုအရ အမှုကိစ္စများကို ကျေအေးပြီးပြတ်စေရေးဆိုရာတွင် ပထမအချက် ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စဖြစ်ရမည်။ ဒုတိယအချက် ဥပဒေဘောင်အတွင်းက ကျေအေးပြီးပြတ်ခြင်းဖြစ်ရမည်။ အနှစ်ချုပ်၍ မှုဝေပါရစေ။

**ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကိစ္စများ**

ရာဇဝတ်မှုခင်းများသည် ယေဘုယျအားဖြင့် နိုင်ငံတော်နှင့် သက်ဆိုင်သည်။ နိုင်ငံတော်က တရားလိုဖြစ်သည်။ ရာဇဝတ်မှုဖြစ်ပွားခြင်းကို သရုပ်ခွဲကြည့်လျှင် ပြည်သူတစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားမှု၊ ခြိမ်းခြောက်မှု၊ နာကျင်စေမှု၊ ပိုင်နက်ကျူးလွန်မှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှု၊ ခိုးမှု စသည်ကဲ့သို့ မှုခင်းများသည် ပြည်သူအချင်းချင်းဖြစ်ပွားသော မှုခင်းများဖြစ်သည်။ မူးယစ်ဆေးဝါး မှုခင်းများ၊ လူကုန်ကူးမှုများ၊ လူမှောင်ခိုမှုများ၊ လောင်းကစားမှုခင်းများ၊ လက်နက်မှုများ စသည်ကဲ့သို့ မှုခင်းများသည် ပြည်သူအချင်းချင်းသာမက ပြည်သူအများနှင့် နိုင်ငံတော်ကိုပါ ထိခိုက်ရာရောက်စေသည့် မှုခင်းများဟု ဆိုနိုင်သည်။

**အမှုကိစ္စများကျေအေးပြီးပြတ်စေခြင်း နည်းလမ်းနှစ်သွယ်**

အမှုကိစ္စများ ကျေအေးပြီးပြတ်အောင် ဆောင်ရွက်ရာ၌ နည်းလမ်းနှစ်သွယ် ပြဋ္ဌာန်းထားရာ ပထမနည်းလမ်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ (၁)တွင် ဇယားဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပထမစာတိုင်တွင် ပြစ်မှုအမျိုးအစား၊ ဒုတိယစာတိုင်တွင် ယင်းပြစ်မှု၏ ပုဒ်မ၊ တတိယစာတိုင်တွင် ပြစ်မှုကိုကျေအေးနိုင်သူဟု ဖော်ပြထားသည်။ အချို့ကိုဖော်ပြရလျှင် လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု၊ ပုဒ်မ ၃၅၂/၃၅၅/၃၅၈ ကို လက်ရောက်မှု သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု ကျူးလွန်ခြင်းခံရသူက ကျေအေးခြင်းပြုနိုင်မည်။ ခုနစ်နှစ်အထိ ထောင်ဒဏ်ထိုက်သော ပြစ်မှုမှတစ်ပါး ပြစ်မှုမကင်းသော ခြောက်လှန့်မှု၊ ပုဒ်မ ၅၀၆ ကို ခြောက်လှန့်ခြင်းခံရသူက ကျေအေးနိုင်သည်။

ဒုတိယနည်းလမ်းကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၂)တွင် ဇယားဖြင့်သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပထမစာတိုင်တွင် ပြစ်မှုအမျိုးအစား၊ ဒုတိယစာတိုင်တွင် ယင်းပြစ်မှု၏ပုဒ်မ၊ တတိယစာတိုင်တွင် ပြစ်မှုကို ကျေအေးနိုင်သူများဟု ဖော်ပြထားသည်။ အချို့ကို ဖော်ပြရလျှင် နာကျင်စေမှု၊ ပုဒ်မ ၃၂၃ ကို နာကျင်စေမှု ပြုလုပ်ခြင်းခံရသူက ကျေအေးနိုင်သည်။ သူတစ်ပါးအယောင်ဆောင်၍ လိမ်လည်မှု၊ ပုဒ်မ ၄၁၉ ကို လိမ်လည်ခြင်းခံရသူက ကျေအေးနိုင်သည်။

**ကျေအေးခြင်းနည်းလမ်းနှစ်သွယ်၏ခြားနားချက်**

ပထမနည်းလမ်းဖြစ်သည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁)၏ ဇယားတွင်ပါရှိသော ကျေအေးနိုင်သော ပုဒ်မများနှင့်စပ်လျဉ်း၍ ကျေအေးနိုင်ခွင့်ရှိသောသူက ကျေအေးလိုကြောင်း တရားရုံးသို့ လျှောက်ထားလာသည့်အခါ တရားသူကြီးက မဖြစ်မနေကျေအေးခွင့်ပေးရသည်။ ဒုတိယနည်းလမ်းဖြစ်သည့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၂) ၏ ဇယားတွင်ပါရှိသော ကျေအေးနိုင်သော ပုဒ်မများနှင့်စပ်လျဉ်း၍ ကျေအေးနိုင်ခွင့်ရှိသောသူက ကျေအေးလိုကြောင်း လျှောက်ထားသည့်အခါ တရားသူကြီးက ကျေအေးခွင့်ပြုသင့် မသင့် မှုခင်းဖြစ်ရပ်အပေါ် ဆင်ခြင်စဉ်းစားရသည်။ ကျေအေးခွင့်ပြုကြောင်း အမိန့်ချမှတ်မှသာ ကျေအေးခွင့်ရရှိပါမည်။

**ကျေအေးခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ**

ပြစ်မှုတစ်ခုသည် ကျေအေးနိုင်သည့်ပြစ်မှုဖြစ်လျှင် အဆိုပါပြစ်မှုကို အားပေးကူညီမှု၊ ကျူးလွန်ရန် အားထုတ်မှုတို့ကိုလည်း အလားတူကျေအေးနိုင်သည်။

**ဥပဒေဘောင်အတွင်းက စီရင်ဆုံးဖြတ်ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူအချင်းချင်းနှင့် ပတ်သက်သောအမှုများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ် . . .**

ပြစ်မှုတစ်ခုကို ကျေအေးနိုင်သူမှာ အသက်တစ်ဆယ့်ရှစ်နှစ်အောက် သို့မဟုတ် ဝမ်းတွင်းရူးသူ သို့မဟုတ် ရူးသွပ်သူဖြစ်နေလျှင် ၎င်းကိုယ်စား ပဋိညာဉ်ပြုရန် အရည်အချင်းရှိသူသည် တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်သည်။ တရားခံအားပြစ်မှုထင်ရှားစီရင်ပြီး၍ အယူခံမှုတင်သွင်းထားလျှင် ယင်းအယူခံမှုကို ကြားနာမည့် တရားရုံး၏ ခွင့်ပြုချက်မရဘဲ ကျေအေးခွင့်မပြုရပါ။

တရားလွှတ်တော်သည် မိမိ၏ပြင်ဆင်မှုအာဏာများကို ကျင့်သုံးလျက် ကျေအေးနိုင်သည့် မည်သည့်ပြစ်မှုကိုမဆို ကျေအေးခွင့်ပြုနိုင်သည့် အရည်အချင်းရှိသူအား ကျေအေးခွင့်ပြုနိုင်သည်။ ပြစ်မှုတစ်ရပ်ကို ကျေအေးခြင်းသည် ကျေအေးပေးလိုက်သည့်ပြစ်မှုနှင့်စပ်လျဉ်းသည့် တရားခံအား အမှုမှအပြီးအပြတ်လွှတ်သည့် အကျိုးသက်ရောက်စေရမည်။ 'ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၅ ပုဒ်မ ခွဲ (၃) မှ (၆) အထိ'

**အမှုများရုပ်သိမ်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်များ**

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ (၁) နှင့် ၃၄၅ (၂) တို့တွင် ပြဋ္ဌာန်းထားသော ကျေအေးနိုင်သောပုဒ်မမျိုးမဟုတ်ခဲ့လျှင် ရုပ်သိမ်းခြင်းနည်းလမ်းဖြင့်အမှုကို ပြီးပြတ်အောင်ဆောင်ရွက်နိုင်သည်။ ထိုသို့ရုပ်သိမ်းခြင်းကိစ္စအတွက် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ တွင် တိုင်တန်းသူတစ်ဦး တစ်ယောက်သည် ဤအခန်းအရ အမှုတစ်စုံတစ်ရာကို အပြီးသတ်အမိန့်မချမီ မည်သည့်အဆင့်တွင်မဆို တရားရုံး၏ခွင့်ပြုချက်ဖြင့် ရုပ်သိမ်းနိုင်ကြောင်းနှင့် ပုဒ်မ ၄၉၄ တွင် အစိုးရရှေ့နေသည် အမှုတစ်ခုကို ကြားနာစစ်ဆေးနေစဉ် တရားခံအပေါ်စွဲဆိုထားသော ပြစ်မှုများအနက် ပြစ်မှုတစ်ရပ်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပြစ်မှုအများနှင့်စပ်လျဉ်း၍ဖြစ်စေ တရားရုံး၏သဘောတူညီချက်ဖြင့် ရုပ်သိမ်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုရှေ့နေချုပ်သည် တရားရုံးတွင်စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုနှင့်စပ်လျဉ်း၍ မည်သည့်အဆင့်တွင်မဆို ရုပ်သိမ်းနိုင်ကြောင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်သည် တရားရုံးတွင် စွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ မည်သည့်အဆင့်တွင်မဆို ရုပ်သိမ်းခြင်းပြုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ 'ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၁၂၇ (က) နှင့် (ခ)'

ထို့ပြင် မြို့နယ်ဥပဒေအရာရှိသည် ရာဇသတ်ကြီးနှင့် အထူးဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်နိုင်သည့် ပြစ်မှုများကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိသည် ထောင်ဒဏ် ခုနစ်နှစ်နှင့်အထက်မှ ၁၀ နှစ်အထိချမှတ်နိုင်သည့် ပြစ်မှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိသည် မြို့နယ်နှင့်ခရိုင်ဥပဒေအရာရှိများက ရုပ်သိမ်းရန် ဆုံးဖြတ်ခွင့်မရှိသော ပြစ်မှုများကိုလည်းကောင်း၊ ရုပ်သိမ်းခြင်းပြုနိုင်ကြောင်းနှင့် ထိုသို့ဆောင်ရွက်သည့်အခါ မည်သို့လိုက်နာရမည့် နည်းလမ်းများကိုလည်းကောင်း ပြဋ္ဌာန်းထားသည်။ 'နည်းဥပဒေ ၁၂၂၊ ၁၂၃'

**ရုပ်သိမ်းခွင့်ပြုခြင်းအကျိုးသက်ရောက်မှု**

သက်ဆိုင်ရာဥပဒေရုံးက အမှုရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်၍ ရုပ်သိမ်းခွင့်ပြုနိုင်ရန် တရားရုံးသို့ တင်ပြလျှောက်ထားသည့်အခါ တရားသူကြီးက ရုပ်သိမ်းခွင့်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်မှသာလျှင် အမှုရုပ်သိမ်းခြင်းပြီးမြောက်သည်။ ထိုသို့ရုပ်သိမ်းခြင်းသည် စွဲချက်မတင်မီ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားခံအား စွဲချက်မတင်မီ တရားရုံးကလွှတ်ရသည်။ တရားရှင်လွှတ်ခြင်းဖြစ်သည်။ ယင်းအမှုနှင့်စပ်လျဉ်း၍ ပြန်လည်စွဲဆိုနိုင်သည့် သဘောဖြစ်သည်။ စွဲချက်တင်ပြီးနောက်မှ ရုပ်သိမ်းခြင်းဖြစ်လျှင် တရားရုံးက တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ရမည်။ ယင်းအမှုနှင့်စပ်လျဉ်း၍ ထပ်မံမစွဲဆိုနိုင်တော့သည့် သဘောဖြစ်သည်။

**အမှုကိုရုပ်သိမ်းရန်သင့်-မသင့် ဥပဒေရုံးများက ဆုံးဖြတ်ရန်အချက်များ**

သက်ဆိုင်ရာဥပဒေချုပ်နှင့် တာဝန်ခံဥပဒေအရာရှိသည် အောက်ပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ခြင်း ရှိ-မရှိစိစစ်၍ အမှုကိုရုပ်သိမ်းရန် သင့်-မသင့် ဆုံးဖြတ်ကြရသည်- 'ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေ ၁၂၅'

(က) ဥပဒေဆိုင်ရာလိုအပ်ချက်တစ်ရပ်ရပ်အရ အမှုရုပ်သိမ်းခြင်းပြုရန် လိုအပ်ခြင်း၊

(ခ) ပေါ်ပေါက်သည့်သက်သေခံချက်အရ ပြစ်မှုမမြောက်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်း၊

(ဂ) ပြစ်မှုထင်ရှားပေါ်လွင်စေရန် တရားလိုဘက်မှ သက်သေနှင့် သက်သေခံအထောက်အထားများ မတင်ပြနိုင်ခြင်း၊

(ဃ) တရားခံတစ်ဦးဦးကို တရားလိုပြသက်သေအဖြစ် ပြောင်းလဲအသုံးပြုရန် အကြောင်းပေါ်ပေါက်သဖြင့် အဆိုပါတရားခံကို အမှုမှ ရုပ်သိမ်းရန်လိုအပ်ခြင်း၊

(င) အမှုသည်အချင်းချင်း ကျေနပ်မှုရရှိကြပြီးဖြစ်၍သော်လည်းကောင်း၊ သွေးရင်းသားရင်းများဖြစ်၍သော်လည်းကောင်း အမှုကို ဆက်လက်စစ်ဆေးပါက အကျိုးထူးဖွယ်ရာ မရှိကြောင်းနှင့် အမှန်တရားကို ထုတ်ဖော်ပြောဆိုမည်မဟုတ်ကြောင်း ပေါ်ပေါက်ခြင်း၊

(စ) အမှုရုပ်သိမ်းခြင်းအားဖြင့် အလားတူအမှုမျိုးထပ်မံဖြစ်ပွားစေရန် အကြောင်းမရှိခြင်း။

**ထာဝစဉ်ရှင်သန်နိုင်ပါစေ**

တရားရုံး၏ခွင့်ပြုချက်ဖြင့် ကျေအေးနိုင်သောပြစ်မှုများကို ကျေအေးရန် လျှောက်ထားလာသည့်အခါတွင်လည်းကောင်း၊ ကျေအေးခွင့်မရှိသဖြင့် ရုပ်သိမ်းခွင့်ပြုရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၄၈ အရ တိုင်တန်းသူက လျှောက်ထားလာသည့်အခါတွင်လည်းကောင်း၊ ပုဒ်မ ၄၉၄ အရ သက်ဆိုင်ရာ ဥပဒေရုံးက လျှောက်ထားလာသည့်အခါတွင်လည်းကောင်း တရားရုံးများသည် အထူးအလေးထား၍ စဉ်းစားဆင်ခြင် သုံးသပ်ဆုံးဖြတ်ကြရသည်။ ဥပဒေဘောင်အတွင်းက ဆောင်ရွက်ကြရသည်။ ဤသို့ဖြင့် ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေးဆိုသည်ကို လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ထာဝရတည်တံ့နေအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်သည်။ ပြည်သူအချင်းချင်း ချစ်ခင်ရင်းနှီးစည်းလုံးမှုမပျက်ပြားရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဦးတည်လျက် ဥပဒေဘောင်အတွင်းက စီရင်ဆုံးဖြတ် ဆောင်ရွက်ကြခြင်းဖြင့် "ပြည်သူအချင်းချင်းနှင့်ပတ်သက်သောအမှုများကို ဥပဒေဘောင်အတွင်း၌ ကျေအေးပြီးပြတ်စေရေး" အခြေခံမှု ထာဝစဉ်ရှင်သန်နေစေလိုကြောင်းပါ။

**ပြည်သူအချင်းချင်းအမှုကိစ္စများကို ဥပဒေဘောင်အတွင်းကကျေအေးပြီးပြတ်နိုင်ကြပါစေ၊**

**ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ဆောင်ရွက်နိုင်ကြပါစေ၊**

**တရားစီရင်ရေးဆိုင်ရာ အခြေခံမှုများ ထာဝစဉ်ရှင်သန်နိုင်ပါစေ။** ။

# ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**ရန်ကုန် မေ ၂**
ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် စတုတ္ထအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မေ ၂ ရက် နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး၏ နန်းဦးတန်ဆောင်း၌ ကျင်းပသည်။

စေတီတော်ရင်ပြင်၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ဇန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်ခင်မိမိကြွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အလှူရှင်များက ငွေကျပ် ၁၇၈ သိန်းကျော် တန်ဖိုးရှိ ဆွမ်းဆန်တော်များနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စေတီတော်ရင်ပြင်ရှိ ရှင်သီဝလိကျောင်းတော်ရာကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည့်မွမ်းမံပြင်ဆင်မှုများကို အမြန်ဆုံးပြန်လည်ပြုပြင်ရန်အတွက် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၈ ရက်မှ မေ ၂ ရက်အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ဆန်းကျော်ဦး (ပြန် / ဆက်)**

# ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ - ၂၀၁၉ အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂**
ကုလသမဂ္ဂယူနက်စကိုအဖွဲ့အစည်းက ကြီးမှူးကျင်းပသည့် မေ ၃ ရက်တွင် ကျရောက်မည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့- ၂၀၁၉ (World Press Freedom Day-2019) အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ ဗီဒီယိုဖိုင်အားပြသပြီး ယူနက်စကိုမြန်မာ၏ အကြီးအကဲ မစ္စမင်ဂျောင်ကင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး Mr. Wouter Jurgens က မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယူနက်စကို မြန်မာ၏အကြီးအကဲ မစ္စမင်ဂျောင်ကင်က စာနယ်ဇင်းလွတ်လပ်ခွင့်ဆု ရရှိကြသူများနှင့်ပတ်သက်၍ အမှတ်တရစကား ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲကာလအတွင်း မီဒီယာ၏ အခန်းကဏ္ဍ၊ သတင်းအမှားများနှင့် လုပ်ကြံသတင်းများ၏ ရိုက်ခတ်မှုကို လျော့ပါးသက်သာအောင် အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရနှင့် အခြားသက်ဆိုင်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ဆောင်နိုင်မည့်နည်းလမ်း၊ နည်းဗျူဟာများဆက်နွှယ်သည့် စကားဝိုင်းဆွေးနွေးပွဲကို ပြုလုပ်သည်။

စကားဝိုင်းဆွေးနွေးပွဲကို အင်တာနယူးစ်မှ Senior Media Trainer ဒေါ်တင်ဇာအောင်က moderator အဖြစ်ဦးဆောင်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်း၊ မြန်မာတိုင်းမ်အင်္ဂလိပ်သတင်းစာမှ အကြီးတန်းသတင်းထောက် နော်ဘက်တီဟန်၊ Myanmar Institute for Democracy မှ Executive Director ဦးရဲထွဋ်၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာတင်၊ MAF-INDO မှ Secretary of Presidium မှ Mr. Valentina Wijiyati၊ Myanmar Tech Accountability Network မှ Research Advisor ဦးမြတ်သူတို့က ပါဝင်ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည့်မေးခွန်းများကို ကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။



စာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ မြန်မာတိုင်းမ်အင်္ဂလိပ်သတင်းစာမှ အကြီးတန်းသတင်းထောက် နော်ဘက်တီဟန်က "သတင်းထောက်တစ်ယောက်အနေနဲ့ ရွေးကောက်ပွဲကာလမှာ အခက်အခဲတွေ၊ စိန်ခေါ်မှု တွေကြုံခဲ့ရတဲ့ အတွေ့အကြုံတွေကိုဆွေးနွေးမယ်။ လာမယ့် ၂၀၂၀ ရွေးကောက်ပွဲမှာလည်း ကြုံရမယ့်အခက်အခဲတွေအပေါ်မူတည်ပြီး ဘယ်လိုဖြေရှင်းကြမလဲဆိုတဲ့ အကြောင်းအရာတွေကို အဓိကဆွေးနွေးမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ကို မြန်မာနိုင်ငံတွင် ကျင်းပလာသည်မှာ (၇)ကြိမ်မြောက်ဖြစ်သည်။ ယခုရက်သတ္တပတ်အတွင်း ကမ္ဘာ့နိုင်ငံပေါင်းတစ်ရာကျော်တွင် စာနယ်ဇင်းလွတ်လပ်ခွင့်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိသည်။ ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွင် သို့မဟုတ် တက်ကြွလှုပ်ရှားမှုများ၊ စာနယ်ဇင်းလွပ်လပ်ခွင့်၊ သတင်းလွတ်လပ်ခွင့်အတွက် ရပ်တည်လုပ်ဆောင်သူများကို ဂုဏ်ပြုသည့်နေ့ဖြစ်သည်။

မေလ ၃ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စာနယ်ဇင်းလွတ်လပ်ခွင့်နေ့-၂၀၁၉ ၏ ဆောင်ပုဒ်မှာ "ဒီမိုကရေစီအတွက် မီဒီယာ-လုပ်ကြံသတင်း ခေတ်အတွင်းမှ သတင်းအတတ်ပညာနှင့် ရွေးကောက်ပွဲများ"ဟူ၍ ဖြစ်သည်။

**သတင်း - ဝင်းမီမီ၊ ဓာတ်ပုံ - ရဲထွဋ်**

# ဘားအံ၌ လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အသိပေးဆွေးနွေး

**ဘားအံ မေ ၂**
ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် ( IAQE ) အသိပေးဆွေးနွေးပွဲကို မေ ၂ ရက် နံနက် ၉ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြသံလွင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ကရင်ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးငွေစိုးက ပြည်နယ်အတွင်း ပညာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ဘဏ်မှ Education Specialist ဒေါ်မာမာသွင်က အစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း အစီအမံများအကြောင်း ရှင်းလင်းတင်ပြပြီး အသိပေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော NGO အဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းကျောင်းအုပ်များ၊ ကျောင်းသားမိဘနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဌာနဆိုင်ရာများက ဦးစားပေးမြို့နယ်ရွေးချယ်ခြင်းဆိုင်ရာ အညွှန်းကိန်းများအတွက် ဆွေးနွေးကြကာ မြို့နယ်တန်းစီဇယားနှင့် ဦးစားပေးအဆင့်တို့ကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

အသိပေးဆွေးနွေးပွဲကို ပတ်ဝန်းကျင်နှင့် လူမှုရေးရာစီမံခန့်ခွဲမှု မူဘောင်၊ ရပ်ရွာပူးပေါင်းပါဝင်ရေးမူဘောင်နှင့် နစ်နာချက်များအပေါ် တိုင်ကြားသည့်စနစ် စသည်တို့အပေါ် အများပြည်သူ၏ ဝေဖန်အကြံပြုချက်များကို ရယူနိုင်ရန်၊ ပြည်နယ်အတွင်းရှိ မြို့နယ်များအလိုက် လိုအပ်ချက် အညွှန်းကိန်းပေါ်မူတည်၍ တန်းစီဇယားရေးဆွဲခြင်းနှင့်ဦးစားပေးမြို့နယ်များ ဖော်ထုတ်နိုင်ရန် မျှော်မှန်းကျင်းပခြင်းဖြစ်သည်။

**စောမျိုးမင်းသိန်း(ပြန် / ဆက်)**



## မန္တလေးဈေးကွက်တွင် ပဲစင်းငုံဈေး အိန္ဒိယက ပြန်လည်ဝယ်မည့် သတင်းကြောင့် ကျပ် ၁၀၀၀၀၀ အထိ မြင့်တက်လာ

**မန္တလေး မေ ၂**
အိန္ဒိယနိုင်ငံမှ မြန်မာ့ထွက်ကုန် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံသီးနှံများကို ပြန်လည်တင်သွင်းခွင့်ပြုမည့် သတင်းကြောင့် တရိပ်ရိပ်မြင့်တက်လာသည့် ပဲစင်းငုံဈေးနှုန်းမှာ ယခု မေ ၂ ရက်တွင် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းအထိ ရောက်ရှိလာကြောင်း မန္တလေးပဲဈေးကွက်မှ သိရသည်။

### ဈေးမြင့်တက်လာ

အဆိုပါသီးနှံများကို လွန်ခဲ့သည့် နှစ်လကျော်ကာလက အိန္ဒိယနိုင်ငံက ဝယ်ယူမှု ရပ်ဆိုင်းထားခဲ့ပြီး မတ် ၂၉ ရက်တွင် ပဲစင်းငုံတန်ချိန် ၂၀၀၀၀၀၊ မတ်ပဲ တန်ချိန် ၁၅၀၀၀၀ နှင့် ပဲတီစိမ်း တန်ချိန် ၁၅၀၀၀၀ ပြန်လည်ဝယ်ယူရန် ခွင့်ပြုသည့် သတင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ နှုန်းသာရှိခဲ့သော ပဲစင်းငုံသီးနှံမှာ အဆိုပါသတင်းကြောင့် သင်္ကြန်မတိုင်မီကာလ၌ ငွေကျပ် ၈၅၀၀၀ ခန့်အထိ မြင့်တက်လာခဲ့ပြီး သင်္ကြန်အပြီးကာလ၌ တရိပ်ရိပ်မြင့်တက်လာကာ ယခု မေ ၂ ရက်တွင် ငွေကျပ် ၁၀၀၀၀၀ အထိ ရောက်ရှိခဲ့ကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"အိန္ဒိယက ပြန်လည်ဝယ်ယူမယ်ဆိုတဲ့ သတင်းကြားရုံနဲ့တင် ပြည်တွင်းက ကုန်သည်တွေက ကြိုတင်ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးနှုန်းက တရိပ်ရိပ်တက်လာလိုက်တာ ဒီနေ့ဆို ငွေကျပ် ၁၀၀၀၀၀ အထိ ရောက်သွားတယ်။ နှစ်နှစ်အတွင်းမှာ ပဲစင်းငုံဈေးနှုန်းက စံချိန်တင်မြင့်တက်လာတယ်လို့ ပြောလို့တယ်။ ဝယ်ယူမှုစပြီး ရပ်ဆိုင်းလိုက်တဲ့ ၂၀၁၇ ခုနှစ်အချိန်ကတည်းက ဈေးနှုန်းတွေ ကျဆင်းလာခဲ့တာ ငွေကျပ် ၄၀၀၀၀ အထိ ရောက်ရှိခဲ့တဲ့အတွက် တောင်သူတွေရော ကုန်သည်တွေပါ အခက်အခဲတွေ ကြုံတွေ့ညည်းတွား ခဲ့ရတယ်။ အခု ၂၀၁၉ ခုနှစ် သင်္ကြန်အပြီးမှာတော့ ပြုံးနိုင်ပျော်နိုင်တဲ့ အနေအထားကို ရောက်ရှိသွားပါပြီ "ဟု ၎င်းက ပြောသည်။

ထို့အတူ မတ်ပဲနှင့် ပဲတီစိမ်းသီးနှံများမှာလည်း အိန္ဒိယမှ ပြန်လည်တင်သွင်းခွင့်ပြုမည့်သတင်းကြောင့် ဈေးနှုန်းများ တရိပ်ရိပ် မြင့်တက်လာခဲ့ရာ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၈၀၀၀ နှုန်းရှိခဲ့သော မတ်ပဲမှာ လက်ရှိတွင် ငွေကျပ် ၇၃၀၀၀ နှုန်း၊ ယခင်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းရှိခဲ့သော ပဲတီစိမ်းသီးနှံမှာ ယခုအခါ ငွေကျပ် ၁၂၅၀၀၀ နှုန်းအထိ တရိပ်ရိပ်မြင့်တက်လျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံမှာ တစ်နှစ်လျှင် တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး အထက်အညာဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ပြည်ပပို့ကုန်အဖြစ် အဓိကအားထားစိုက်ပျိုးကြသည့် သီးနှံဖြစ်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

# မြန်မာ - ထိုင်း နယ်ခြားကော်မတီအစည်းအဝေး တာချီလိတ်တွင် ကျင်းပ



**တာချီလိတ် မေ ၂**

(၉၅)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ မြို့နယ်အဆင့် နယ်ခြားကော်မတီအစည်းအဝေးကို ဧပြီ ၃၀ ရက် နံနက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဟိုတယ်တာချီလိတ်တွင် ကျင်းပသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ မြို့နယ်အဆင့် နယ်ခြားကော်မတီဥက္ကဋ္ဌများက အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြား ဖြတ်သန်းစီးဆင်းနေသည့် မယ်ဆိုင်-မယ်ဟောက်ချောင်းဘေးတွင် မြန်မာနိုင်ငံဘက်မှ မြေထိန်းနံရံတည်ဆောက်နေမှု၊ ထိုင်းနိုင်ငံဘက်မှ ရေသွယ်မြောင်းများပြုပြင်၍ ရေရယူနေမှု၊ နှစ်နိုင်ငံမှ ချောင်းဘေးတစ်လျှောက်နေထိုင်သူများက အဆောက်အအုံများကို ချောင်းအတွင်းဘက် ကျူးကျော်တည်ဆောက်နေမှု၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် နှစ်စဉ်တောင်ယာမီးရှို့ခြင်းကြောင့် မီးခိုးမြူထူထပ်စွာကျရောက်သဖြင့် လေထုညစ်ညမ်းမှုဖြစ်ပွား၍ တောင်ယာမီးရှို့မှုများကို ထိန်းသိမ်းပေးရေး၊ မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရေးကိစ္စနှင့် နှစ်နိုင်ငံတရားခံပြေးများ အပြန်အလှန်ဖမ်းဆီးပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ နယ်ခြားကော်မတီအစည်းအဝေးကို နှစ်နိုင်ငံအလှည့်ကျကျင်းပနေခြင်းဖြစ်ရာ (၉၅) ကြိမ်မြောက် အစည်းအဝေးကို တာချီလိတ်မြို့တွင် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ၇၃ လမ်းနှင့် ၇၈ လမ်းဆက်သွယ်သည့် ၃၈ လမ်း နိုင်လွန်ကတ္တရာလမ်းခင်း

**မန္တလေး မေ ၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းများကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ နိုင်လွန်ကတ္တရာလမ်းများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းနှင့် မြို့တွင်းလမ်းများ ယာဉ်ကြောကျပ်မှုလျော့နည်းစေရေး၊ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့သည်။



မဟာအောင်မြေမြို့နယ် ၃၈ လမ်းအား ၇၃ လမ်းမှ ၇၈ လမ်းအထိ စုစုပေါင်းအရှည်ပေ ၂၈၀၀၊ အကျယ်ပေ ၆၀ ကို မူလလမ်းမဖောက်မီက နွံများနှင့် မကောင်းသည့်မြေသားများကို ဖယ်ထုတ်ရှင်းလင်းကာ အခြေခံအလွှာကို မာကျောကျစ်လျစ်မှုရှိစေရန် မြေဖို့ကြိတ်ပြီး ကျောက်ပျက်များလမ်းခင်းကျင်းမှုလုပ်ငန်းကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး လမ်းအရည်အသွေးကောင်းစေရန် ကွန်ကရစ်ခင်းပေးခဲ့သည်။

ကွန်ကရစ်လမ်းနှင့်အတူ တစ်ဖက်လျှင် ၁၀ ပေအကျယ် ပလက်ဖောင်း၊ Precast ရေမြောင်း၊ မြောင်းကူးတံတားနှင့် LED လမ်းမီးတိုင်များ တည်ဆောက်ခဲ့သည်။ ကွန်ကရစ်လမ်းခင်းပြီး၍ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ဧပြီ ၂၇ ရက်မှစတင်ကာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းလျက်ရှိသည်။

လမ်းသစ်ဘေးဝဲယာတွင် Flower Box များပြုလုပ်ထားပြီး မိုးဦးကျလျှင် ငုဝါပင်များစိုက်ပျိုးသွားမည်ဖြစ်ပြီး မကြာမီ လမ်းသစ်ကြီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူငယ်ဘဝဖွံ့ဖြိုးရေးကျောင်းဖွင့်လှစ်

**ရန်ကုန် မေ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် ပရဟိတအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခမဲ့လူငယ်ဘဝဖွံ့ဖြိုးရေးကျောင်းဖွင့်ပွဲကို မေ ၁ ရက် ညနေ ၅ နာရီခွဲက ဗိုလ်ချုပ်ကျေးရွာ ရာစုဥဒါန်းလမ်း ဆန်းလင်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

သန်လျင်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက အဖွင့်မိတ်ဆက်စကားပြောကြားပြီး လူငယ်ဘဝဖွံ့ဖြိုးရေးကျောင်း တာဝန်ရှိသူများက လူငယ်ဘဝဖွံ့ဖြိုးရေးကျောင်းက သင်ကြားပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ လူငယ်ဘဝဖွံ့ဖြိုးရေးကျောင်းသို့ အခြေခံပညာ အဋ္ဌမတန်းအောင်မှစတင်ကာ ဘွဲ့ရပြီးသူအထိ တက်ရောက်နိုင်ပြီး အခြေခံအင်္ဂလိပ်စာ၊ ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ အလုပ်ခွင်သင်ခန်းစာများကို အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ပြီး မေ ၁၄ မှ စတင်ကာ ကျောင်းလက်ခံမည်ဖြစ်ကာ ဇွန် ၁ ရက်တွင် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## သတင်းလမ်းညွှန်

### ကျန်းမာရေးဆိုင်ရာပြပွဲကြီး ကျင်းပမည်

**မန္တလေး**

နိုင်ငံတကာကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပြပွဲကြီးကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် မေ ၃ ရက်မှ ၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲကာလအတွင်း ထိုင်းနှင့်မြန်မာနိုင်ငံတို့မှ ဆရာဝန်ကြီးများကိုယ်တိုင် နေ့စဉ်ကျန်းမာရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများနှင့်အတူ ကျန်းမာရေးစစ်ဆေးခြင်း၊ တိုင်ပင်ဆွေးနွေးခြင်းများကို အခမဲ့ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### Job Nation Mandalay ၂၀၁၉ ပြပွဲကျင်းပမည်

Job Nation Mandalay 2019 ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvel တွင် မေ ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို မည်သူမဆို စာရင်းပေးသွင်းကာ အခမဲ့တက်ရောက်နိုင်ပြီး အလုပ်အကိုင်ရာထူးပေါင်းများစွာ ရှာဖွေခန့်အပ်ပေးသွားမည့်အပြင် အခြားအစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

### သရက်သီးဈေးရောင်းပွဲတော် ကျင်းပမည်

ဒုတိယအကြိမ်မြောက် သရက်သီးဈေးရောင်းပွဲတော်ကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားတွင် မေ ၁၆ ရက်မှ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် သရက်သီးအရောင်းဆိုင်များအပြင် သရက်သီးတန်ဖိုးမြှင့်ထုတ်ကုန် ဆိုင်ခန်းများလည်းပါဝင်ကြောင်း သိရသည်။

### မန္တလေးတွင် အလုပ်အကိုင်ပြပွဲကြီး ကျင်းပမည်

မန္တလေး Digital CV အလုပ်အကိုင်ပြပွဲကြီးကို မန္တလေးမြို့ ဘူတာကြီးအပေါ်ထပ်ရှိ Hotel Marvel တွင် မေ ၅ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲကို မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ပြီး အလုပ်အကိုင်အမျိုးအစားစုံ၊ နယ်ပယ်စုံ ပါဝင်သွားမည်ဖြစ်ရာ ပညာရှင်များ၏ ဗဟုသုတရစရာ ဟောပြောပွဲများလည်းပါဝင်ကြောင်း သိရသည်။

### ပဉ္စမအကြိမ်မြောက် သရက်သီးပွဲတော်ကျင်းပမည်

ပဉ္စမအကြိမ်မြောက် သရက်သီးပွဲတော်ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၅၃ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ Hotel Hazel တွင် မေ ၁၁ ရက်မှ ၁၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သရက်သီးပွဲတော်တွင် သရက်သီးပြပွဲ၊ ပြိုင်ပွဲများ၊ အနယ်နယ်အရပ်ရပ်မှ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆွေးနွေးပွဲများလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်

### ကမ္ဘာ့သွေးမတိတ်သောရောဂါနေ့ ကျင်းပမည်

"World Haemophilia Day" ကမ္ဘာ့သွေးမတိတ်သောရောဂါနေ့ အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၇ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြားရှိ Sakura Princess Hotel တွင် မေ ၅ ရက် နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်**

# တနိုင်းမြို့နယ် နောင်ခေါင်းပါ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တနိုင်း မေ ၂**

ကချင်ပြည်နယ် တနိုင်းမြို့နယ် နောင်ခေါင်းပါ ကုန်ထုတ်လမ်းမြေသားသဲကျောက် တစ်မိုင်အား ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးဝေထွန်းတို့က လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ နောင်ခေါင်းပါ ကုန်ထုတ်လမ်းသည် တောင်သူများလုပ်ငန်းဆောင်ရွက်သော မြန်မာဟူးကောင်းစတားကုမ္ပဏီနှင့် ကျေးလက်ဦးစီးဌာနတို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကာ မြေသားလမ်းအဆင့်တွင် အရှည်တစ်မိုင်နှင့် အကျယ်ပေ ၂၀ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မြန်မာ့အလင်း သတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နာယက ဦးမြင့်ကြည် (မြင့်ဝင်းနီ) ကွယ်လွန်သွားခြင်းအတွက် ဧပြီ ၂၈ ရက်က အဖွဲ့နာယက ဦးမျိုးမြင့်နှင့် ဦးသန်းမောင်တို့က ကျန်ရစ်သူမိသားစုနေ အိမ်သို့သွားရောက်၍ အဖွဲ့ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**

သန်းဝင်း (သန်လျင်)



# ကျေးရွာချင်းဆက်လမ်းပေါ်ရှိ တံတားတည်ဆောက်ပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး မေ ၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ခုတ်သားကြီးကျေးရွာနှင့် အောင်ခိုင်ကျေးရွာဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး မြေသားလမ်းပေါ်ရှိ လိုအပ်နေသည့် တံတားများအနက်မှ တိုင်းဒေသကြီးလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၂၀ ဖြင့် တည်ဆောက်နေသည့် တံတားပြီးစီးမှုကို မေ ၁ ရက် ညနေပိုင်းက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**

# ရထားသံလမ်းတင် ပင်လယ်ကူးသင်္ဘော ဆူးလေဆိပ်ကမ်း၌ ဆိုက်ကပ်

**ရန်ကုန် မေ ၂**

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် အသုံးပြုမည့် ဂျပန်နိုင်ငံမှ ODA Loan ဖြင့် ဝယ်ယူထားသော ရထားသံလမ်းများ တင်ဆောင်လာသည့် TAIKLI အမည်ရှိ ပင်လယ်ကူးသင်္ဘောကြီးမှာ ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်းသို့ မေ ၁ ရက် မွန်းလွဲ ၂ နာရီက ဆိုက်ကပ်ခဲ့သည်။

အဆိုပါ ပင်လယ်ကူးသင်္ဘောကြီးမှာ ရထားသံလမ်း တန်ချိန် ၂၈၅၀ ကို တင်ဆောင်လာခြင်းဖြစ်ပြီး ရထားသံလမ်းများကို ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း(အဆင့်-၁) ဖြစ်သည့် ရန်ကုန်-တောင်ငူရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုအတွက် အသုံးပြုသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး လမ်းပိုင်းသည် ၃၈၅ ဒသမ ၅ မိုင် ရှည်လျားသည့်အတွက် အဆိုပါ လမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ပမာဏများပြားသဖြင့် ရထားလမ်းပိုင်းကိုစီမံကိန်း(အဆင့်-၁)အနေဖြင့် ရန်ကုန်-တောင်ငူ လမ်းပိုင်း ၁၆၆ မိုင်၊ စီမံကိန်း(အဆင့်-၂)အနေဖြင့် တောင်ငူ-မန္တလေးလမ်းပိုင်း ၂၁၉ ဒသမ ၅ မိုင်ဟူ၍ အဆင့်နှစ်ဆင့်ခွဲခြား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်-တောင်ငူ လမ်းပိုင်းအတွက် ရထားသံလမ်း တန်ချိန် ၆၀၀၀၀ ကို အသုံးပြုခင်းကျင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသိန်း ၇၂၀ ကုန်ကျမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်) ဦးထွန်းအောင်သင်းကပြောကြားသည်။

"အရင်ကအသုံးပြုတဲ့ ၇၅ ပေါင် သံလမ်းအစားကို အခုအသစ်ရောက်ရှိတဲ့ ပေါင် ၁၀၀ နဲ့ လဲလှယ်အသုံးပြုသွားမှာမို့ အလေးချိန်ပိုများတော့ ရထားပြေးဆွဲမှုနှုန်းမြန်ဆန်လာမှာဖြစ်ပါတယ်၊ ဒီကြားထဲမှာ ဘူတာတွေများတယ်၊ ရထားလမ်းကူးနဲ့ တရားမဝင်လမ်းဖြတ်တွေ များတာကြောင့် အခက်အခဲအနည်းငယ်ရှိနေပါတယ်၊ ဒါတွေသာလျော့ကျလာမယ်ဆိုရင် ဒီထက်ပိုပြီးအချိန်အနည်းငယ်အတွင်းမှာရထားဆိုက်ရောက်နိုင်မှာဖြစ်ပါတယ်" ဟု ဦးထွန်းအောင်သင်းက ရှင်းပြသည်။




လက်ရှိ ၁၅ နာရီကြာ ပြေးဆွဲပေးနေသော ရန်ကုန်-မန္တလေးရထားတွဲဆိုင်းမှာ တစ်နာရီလျှင် ၃၈ မိုင်နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးပါက ရထားပြေးဆွဲချိန် ခရီးစဉ် ၈ နာရီသာ ကြာမြင့်တော့မည်ဖြစ်ကြောင်းနှင့် ၁ နာရီလျှင် ၆၂ မိုင်နှုန်းဖြင့် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ -စိုးမြင့်အောင်**



## မြို့နယ်အသီးသီးတွင် အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်

**ဘိုကလေး**

မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ဒေသအတွင်း မုန်တိုင်းအန္တရာယ်နှင့် သဘာဝဘေးများကင်းရှင်းစေရေးအတွက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၆ နာရီက ဘိုကလေးမြို့နယ် မြို့မဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

အလားတူ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများကကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ် (ဖျာပုံ)**

**ရွှေဘို**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် မေ ၁ ရက် နံနက် ၉ နာရီက တတိယအကြိမ်မြောက် ရွှေဘိုမြို့လုံးဆိုင်ရာ မော်ဓောမြင်သာမြို့ထောင့်စေတီတော် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အဆိုပါစေတီတော်အရှေ့ဘက်အာရုံခံတန်ဆောင်းအတွင်း၌ ကျင်းပသည်။

အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၈၁ ခု တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ၁၄ ရက်ထိ ကျင်းပပြီး မော်ဓောမြင်သာမြို့ထောင့်စေတီတော်နာယကဆရာတော်များ အပါအဝင် သံဃာတော် ၄၅ ပါးက ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြောင်း သိရသည်။ **မိုးသောက်(ရွှေဘို)**

# သောက်သုံးရေရှားပါးသည့်ဒေသများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများသောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသဖြင့် ညောင်ဦးမြို့နယ်ပုဂံနယ်မြေမီးသတ်စခန်းမှမီးသတ်တပ်ဖွဲ့ဝင်များက မေ ၁ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် တောရွာကျေးရွာသို့သွားရောက်ပြီး ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ပုဂံနယ်မြေမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက ရေသယ်ယာဉ်များဖြင့် ရေဂါလန် ၁၆၀၀ ကို အဆိုပါကျေးရွာရှိ အိမ်ထောင်စု ၁၉၉ စုမှ ကျေးလက်နေပြည်သူများ နွေရာသီကာလသောက်သုံးရေအဆင်ပြေစွာ သုံးစွဲနိုင်ရန်အတွက် အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



**ကျိုက်ထို**

ရေရှားပါးသည့် ရပ်ကွက်များသို့ ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမင်းထွန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးအေးမြင့်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် မေ ၂ ရက် နံနက်ပိုင်းမှ စတင်ပြီး ကံ့ကော်ရပ်ကွက်ရှိ အိမ်ခြေ ၂၀၀ခန့်အား ၂၀ လီတာ သောက်သုံးရေသန့်ဘူးကြီး ၅၀ နှင့် သုံးရေ ဂါလန် ၃၆၀၀ ကျော် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

**နန္ဒကျော်စွာ**



**သနပ်ပင်**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် သောက်သုံးရေအခက်အခဲရှိသည့် ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ပေးဝေလျက်ရှိရာ ဧပြီ ၃၀ ရက်က သနပ်ပင်မြို့နယ် ကျေးလက် ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျီးပင်စုကျေးရွာအုပ်စု ကံကြီးဝိုင်ကျေးရွာရှိ အိမ်ခြေ ၁၄၀၊ လူဦးရေ ၁၁၃၆ ဦးအတွက် ရေဂါလန် ၂၁၀၀ သွားရောက်လှူဒါန်းခဲ့ကြသည်။**(အပေါ်ပုံ)**

သနပ်ပင်မြို့နယ်အတွင်း ရွာပေါင်း ၉၉ ရွာရှိသည့်အနက် ကျေးရွာအများစုမှာ နွေအခါတွင် သောက်သုံးရေကန်များ ခန်းခြောက်၍ ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲရှိကြောင်း၊ အဆိုပါ ကျေးရွာများသို့နှစ်စဉ် ပရဟိတအသင်းအဖွဲ့များက ရေအလှူ လာရောက်လှူဒါန်းပေးနေကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

**မြောက်ဦး**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်၌ နွေရာသီကာလတွင် သောက်သုံးရေမပြတ်လပ်စေရန်နှင့် သန့်ရှင်းသောသောက်သုံးရေရရှိရန်ရည်ရွယ်၍ ဧပြီ ၂၉ ရက် နံနက် ၉ နာရီက မင်းပြားမြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နွံနစ်ခွဆုံ ကျေးရွာသို့ သွားရောက်ကာ သောက်သုံးရေများ လှူဒါန်းခဲ့သည်။

ထိုသို့သောက်သုံးရေများ လှူဒါန်းရာတွင် မင်းပြားမြို့နယ်မီးသတ်စခန်းမှ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို နွံနစ်ခွဆုံ ကျေးရွာနေ ပြည်သူများထံသို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းနည်းနှင့် အာလူးစိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဆွေးနွေး

**နောင်တရား မေ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ထီရယ်ဘုန်းတော်ကြီးကျောင်း၌ ငမြှောင်တောင်ပိုးကာကွယ်နှိမ်နင်းနည်းနှင့် အာလူးစိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးဆွေးနွေးပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဒေါ်ဆွေဆွေမာက GAP အကြောင်းကိုလည်းကောင်း၊ နောင်တရားမြို့စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နီလာက ငမြှောင်တောင် ကာကွယ်နှိမ်နင်းရေးနည်းပညာများကိုလည်းကောင်း၊ ဟဲဟိုးမျိုးပွားခြံမှ ခြံဦးစီးမှူး ဦးညီညီအောင်က အာလူးစိုက်ပျိုးရေးနည်းပညာများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက်တက်ရောက်လာသူများက ငမြှောင်တောင်ကာကွယ်နှိမ်နင်းနည်းနှင့် စိုက်ပျိုးရေးနည်းပညာများကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

**ခွန်အောင်(နောင်တရား)**

## မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု လက်ကမ်းစာစောင် ဖြန့်ဝေ၊ သန့်ရှင်းရေးဆောင်ရွက်

**ရွှေဘို မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် မေ ၁ ရက် နံနက် ၇ နာရီက ရွှေဘိုခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၅၅ ဦးတို့က မေ ၅ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆို သောအားဖြင့် ရွှေဘိုမြို့ မော်ဓောမြင်သာမြို့ထောင့်စေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ပြီး ရွှေဘိုခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စည်ပင်သာယာမြို့မဈေးကြီးသို့ လာရောက်သော ပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်က ပြောသည်။

**မိုးသောက်(ရွှေဘို)**

## (၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု

**ချမ်းမြသာစည်**
(၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးခရိုင်အတွင်းရှိ သန္နေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅၀ တို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မေ ၂ ရက် နံနက် ၆ နာရီမှ ၉ နာရီအထိ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခြင်း၊ သံဃာ့ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**ချောက်**
မကွေးတိုင်းဒေသကြီး ချောက်မြို့အမှတ်(၁)ရပ်ကွက်တွင် မေ ၂ ရက် နံနက် ၇ နာရီက (၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးအကြံပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ချောက်မြို့နယ် မီးသတ်တပ်ဖွဲ့လက်ထောက်ဦးစီးမှူး ဒေါ်ယုယုအောင်နှင့် သန္နေတပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၅ ဦးတို့က အဖွဲ့ခွဲ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တစ်အိမ်တက်ဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

**စစ်ကိုင်း**
(၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုသောအားဖြင့် စစ်ကိုင်းခရိုင်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စစ်ကိုင်းမြို့ပေါ်ရပ်ကွက်များဖြစ် သည့် မိုးဇာ၊ ပိုးတန်း၊ မင်းလမ်း၊ စိန်ကုန်း၊ မြေဝတီ၊ တကောင်း၊ မီးရထား၊ ရွှေမင်းဝံ၊ ရွာထောင် စသည့်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေမင်းဝံရပ်ကွက် မီးရထားသံလမ်းလမ်းဘေးဝဲယာရှိ ချုံနွယ်ပိတ်ပေါင်းများကို မေ ၁ ရက် နံနက် ၇ နာရီက သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခိုင်ဇေယျ**

**မောင်တော**
မေ ၅ ရက်တွင် ကျရောက်မည့် (၇၃) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဆိုင်းဘုတ်တင်အခမ်းအနားကို မေ ၁ ရက် ညနေ ၄ နာရီခွဲတွင် ရခိုင်ပြည်နယ် မောင်တော၌ အလိုတော်ပြည့် ပရဟိတဘုန်းတော်ကြီး ကျောင်းတိုက်ရှေ့၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားနှင့် စပ်လျဉ်း၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးထွန်းရွှေခိုင်က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

**ဂန့်ဂေါ**
ဂန့်ဂေါခရိုင် မီးသတ်တပ်ဖွဲ့ကကြီးမှူး၍ (၇၃) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အတွက် ကြိုတင်လေ့ကျင့်မှုကို မေ ၁ ရက် နံနက် ၉ နာရီတွင် ဂန့်ဂေါခရိုင်အားကစားကွင်း၌ ပြုလုပ်သည်။

ခရိုင်မီးသတ်ရုံးမှ ဦးစီးမှူး မြတ်သူအောင်နှင့် မြို့နယ်မီးသတ်ရုံးမှ ဦးစီးမှူး ရဲရင့်ကျော်တို့ပါဝင်သည့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးကျော်က မီးငြိမ်းသတ်ယာဉ်လေးစီး၊ လူနာတင်ယာဉ်တစ်စီးတို့ဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်မှုများ ပြုလုပ်ကြကြောင်း သိရသည်။ **စိန်ကျော်**


ဂန့်ဂေါ

## သရက်ခြံ ၁၆ ခြံကို GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသွားမည်



**မန္တလေး မေ ၂**
မန္တလေးတိုင်းဒေသကြီးတွင် ယခုနှစ်အတွင်း၌ ကွင်းဆင်းစစ်ဆေးပြီးသော သရက်ခြံ၁၆ ခြံကို GAPအသိအမှတ်ပြုလက်မှတ် ထုတ်ပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန (မန္တလေး) မှ ဒုတိယတိုင်းဦးစီးမှူး ဒေါ်လွင်လွင်ထွန်းက ပြောကြားသည်။

အဆိုပါသီးနှံများ ဈေးကွက်အတွင်းသို့ အရည်အသွေးပြည့်မီစွာရောင်းချနိုင်ရေးနှင့် ပြည်ပနိုင်ငံများသို့ စံချိန်စံညွှန်းမီ တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအား ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့် (GAP) လက်မှတ်ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်း၍ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ပေးကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ယခုနှစ်အတွင်း ကော်ဖီခြံ ၁၅ ခြံ၊ စတော်ဘယ်ရီ ခြံရှစ်ခြံတို့ကို GAP လက်မှတ်ထုတ်ပေးခဲ့ပြီး ဆက်လက်ထုတ်ပေးရန် သရက်ခြံ ၁၆ ခြံကိုလည်း ကွင်းဆင်းစစ်ဆေးကာ လက်မှတ်များထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ စိုက်ပျိုးသီးနှံတွေကို ထုတ်လုပ်နေတဲ့ တောင်သူတွေကို GAP လက်မှတ်ပေးဖို့ သီးနှံ ၁၅ မျိုးသတ်မှတ်ထားပေမယ့် အဲဒါတွေအပြင် ကျန်တဲ့သီးနှံတွေကိုပါ ပေးသွားမှာပါ။ လက်ရှိ GAP လက်မှတ်ထုတ်ပေးပြီးသားသီးနှံတွေကတော့ သရက်၊ ကော်ဖီ၊ နှမ်း၊ ပဲတီစိမ်း စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ ဒီနှစ်ထဲမှာလည်း လာရောက်လျှောက်ထားတဲ့အတွက် ကော်ဖီ၊ စတော်ဘယ်ရီနဲ့ သရက်တွေကို ထပ်မံပေးသွားမှာပါ။ နောက်ထပ်ပေးဖို့ရည်ရွယ်ထားတာကတော့ ခါကြက်ဥသီးနှံကိုလည်း GAP လက်မှတ်ပေးသွားဖို့အတွက် စီစဉ်ဆောင်ရွက်မှုတွေရှိနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း GAP အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့မှုအနေဖြင့် မြို့နယ် ၁၁ မြို့နယ်တွင် သရက်ခြံ ၁၅ ခြံ၊ မြို့နယ်တစ်မြို့နယ်တွင် ကော်ဖီခြံခြောက်ခြံ၊ မြို့နယ်လေးမြို့နယ်တွင် နှမ်းအတွက် ၂၁ ဦးနှင့် မြို့နယ်နှစ်မြို့နယ်တွင် ပဲတီစိမ်းအတွက်သုံးဦး စသည့်တို့ကို GAP လက်မှတ်များ အသီးသီးထုတ်ပေးထားကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ရေတာရှည်မြို့နယ်တွင် ပြောင်းစိုက်ပျိုးမှု ပိုမိုများပြားလာ



**ရေတာရှည် မေ ၂**
စပါးကို အဓိကအားထားစိုက်ပျိုးလျက်ရှိသော တောင်သူများအနေဖြင့် သီးနှံတစ်ခုတည်းအပေါ် မှီခိုစိုက်ပျိုးခြင်းထက် အာမခံမှုရှိသော အခြားသော သီးနှံတစ်မျိုးဖြစ်သည့် ထိုင်းနိုင်ငံမှ မျိုးစေ့တင်သွင်း၍ ပြောင်းစိုက်ပျိုးမှုများယခင်ကထက်ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

"ခုဆိုရင် ပြောင်းစိုက်ပျိုးတဲ့ တောင်သူတွေ ပိုများလာတယ်။ များလာရတဲ့ အကြောင်းရင်းက ဈေးကွက်ခိုင်မာမှုရှိတယ်လို့ပြောရင်ရတယ်။ ထိုင်းနိုင်ငံက မျိုးတင်သွင်းတယ်၊ ကုမ္ပဏီက ရေတွင်းတွေအခမဲ့တူးပေးတယ်။ နည်းပညာတွေပံ့ပိုးပေးတယ်။ ထွက်လာသမျှပြောင်းကိုလည်း ကာလပေါက်ဈေးနဲ့ပြန်လည်ဝယ်ယူတာဖြစ်တဲ့အတွက် တောင်သူတွေလည်း အဆင်ပြေကြတာတွေ့ရတယ်"ဟု ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည့် ရေတာရှည်မြို့နယ် အင်ကျင်းကုန်းကျေးရွာ တောင်သူဦးမြဝင်း၏ ပြောင်းစံပြကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်က ပြောကြားသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် စီစီပီဓာတ်မြေဩဇာကုမ္ပဏီ ကူဘိုတာ လယ်ယာသုံးစက်ပစ္စည်းကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာငါးရွာမှ ဒေသခံပြည်သူ ၁၅၀ ကျော်လာရောက်လေ့လာခဲ့သည်။

"စီစီပီကုမ္ပဏီက ဈေးကွက်ပေါက်ဈေးနဲ့ဝယ်ယူတော့ တောင်သူတွေအဆင်ပြေတာပေါ့။ ရှေ့နှစ်ရာသီဆိုပြောင်းစိုက်ပျိုးတဲ့သူပိုများလာလိမ့်မယ်လို့ထင်တယ်"ဟု အင်ကျင်းကုန်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## ရာသီဥတုနှင့်အညီ မျိုးကောင်းမျိုးသန့်နှင့် နည်းစနစ်များ ပြောင်းလဲအသုံးပြုစိုက်ပျိုးရန်လိုအပ်

**မုံရွာ မေ ၂**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များကို ပြောင်းလဲအသုံးပြု စိုက်ပျိုးကြရန်လိုအပ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အမာကြည်က ပြောသည်။

"အဲဒီရာသီဥတုပြောင်းလဲလာမှုရဲ့ဒဏ်ကို ခံနိုင်ရည်ရှိတဲ့ စိုက်ပျိုးနည်းစနစ်တွေ၊ မျိုးတွေ၊ ရာသီဥတုနဲ့လိုက်လျောညီထွေဖြစ်နိုင်တဲ့ ပိုးသတ်ဆေးအသုံးပြုခြင်း၊ ဓာတ်မြေဩဇာအသုံးပြုတာကအစ စိုက်ပျိုးမှုစနစ်တွေကအစ ပြောင်းလဲလာတယ်။ စိုက်စနစ်ဆိုရင် ဟိုတုန်းက သက်တမ်းရှည်တဲ့မျိုးတွေကို သုံးပေမယ့် အခုနောက်ပိုင်းမှာတော့ ရေလိုအပ်ချက်နည်းတဲ့ သက်တမ်းတိုမျိုးတွေကို ပြောင်းပြီးစိုက်လာတယ်။ သီးထပ်သီးညှပ်တွေစိုက်လာတယ်။ ရေငတ်ဒဏ်ခံနိုင်တဲ့ သက်တမ်းရှည်မျိုးတွေဖြစ်တဲ့ ဝါလိုသီးနှံမျိုးတွေနဲ့ ရေလိုအပ်ချက်နည်းတဲ့ သက်တမ်းတို ပဲတီစိမ်းသီးနှံမျိုးလိုဟာတွေ သီးညှပ်စိုက်လာတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မုံရွာမြို့နယ်သည် လယ်မြေစိုက်ပျိုးရေးထက် ပဲမျိုးစုံ၊ဆီထွက်သီးနှံ၊ ဝါ၊ ဂျုံ၊ ကြက်သွန်နီ၊ အစေ့ထုတ်ပြောင်း၊ စက်မှုသီးနှံများကို အများဆုံးစိုက်ပျိုးသည့် မြို့နယ်တစ်ခုဖြစ်ရာ စိုက်ပျိုးသည့်သီးနှံများ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရေး၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသည့် စိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးရန် လိုအပ်မည်ဖြစ်ကြောင်းသိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



# ဘာစီလိုနာအသင်းက လီဗာပူးအသင်းကို သုံးဂိုးပြတ်အနိုင်ရ တိုက်စစ်မှူးမက်ဆီ သွင်းဂိုး ၆၀၀ ပြည့်သွင်းယူနိုင်ခဲ့

ဘာစီလိုနာအသင်းနဲ့ လီဗာပူးအသင်းတို့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းက လီဗာပူးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းက လူစုံထုတ်ပြီး ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့သလို လီဗာပူးအသင်းကလည်း နောက်တစ်ဆင့်မျှော်လင့်ချက်အတွက် ကစားသမားအစုံအလင်ဖြင့် ၄-၃-၁-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ် အတွေ့အကြုံပိုမိုရင့်ကျက်ခြင်းနဲ့အတူ လီဗာပူးအသင်းကို အကောင်းဆုံးကစားနိုင်ခဲ့ပြီး ပွဲကစားချိန် ၂၆ မိနစ်မှာ တိုက်စစ်မှူးဆွာရတ်ဇ်ရဲ့သွင်းဂိုးနဲ့ ဘာစီလိုနာအသင်းက ဦးဆောင်ဂိုးစတင်ရရှိခဲ့ပါတယ်။ အဲဒီနောက် လီဗာပူးအသင်းက ချေပဂိုးပြန်လည်ရရှိရေးအတွက် ကြိုးစားခဲ့ပေမယ့် ဘာစီလိုနာအသင်းကသာ ပွဲကစားချိန် ၇၅ မိနစ်နဲ့ ၈၂ မိနစ်တို့မှာ တိုက်စစ်မှူးမက်ဆီရဲ့သွင်းဂိုးနှစ်ဂိုးထပ်မံရရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းက လီဗာပူးအသင်းကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ သူ့ရဲ့သွင်းဂိုး ၆၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ပြီး အင်္ဂလန်အသင်းတွေနဲ့ တွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာ သွင်းဂိုး ၂၆ ဂိုးမြောက်သွင်းယူနိုင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။ တိုက်စစ်မှူးမက်ဆီဟာ ၂၀၀၅ ခုနှစ်က ဘာစီလိုနာအသင်းနဲ့ အယ်လ်ဘာစီတီအသင်းတို့ တွေ့ဆုံချိန်မှာ ဘာစီလိုနာအသင်းအတွက် ပထမဆုံးဂိုးသွင်းယူခဲ့တာဖြစ်ပြီး ၁၄ နှစ်ကြာကစားခဲ့မှုအတွင်း သွင်းဂိုး ၆၀၀ ပြည့်ခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းအတွက်တော့ ၂၀၁၄ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံလိဂ်မှာ အကြီးမားဆုံးရှုံးနိမ့်မှုဖြစ်ခဲ့ပါတယ်။ ဘာစီလိုနာအသင်းကတော့ အသင်းရဲ့ချန်ပီယံလိဂ်သွင်းဂိုး ၅၀၂ ဂိုးရှိခဲ့တာကြောင့် ချန်ပီယံလိဂ်သွင်းဂိုး ၅၀၀ ပြည့်သည့်အသင်းတွေထဲမှာ ဒုတိယအသင်းဖြစ်လာခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက လက်ရှိမှာ ချန်ပီယံလိဂ်သွင်းဂိုး ၅၅၁ ဂိုးသွင်းယူထားကာ ချန်ပီယံလိဂ်သွင်းဂိုး ၅၀၀ ပြည့်ခဲ့တဲ့ပထမဆုံးအသင်းလည်းဖြစ်ပါတယ်။

# ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စပါးကွင်းလယ်လူ အဲရစ်ဆင် သဘောတူညီထားပြီးဖြစ်

စပါးအသင်းကွင်းလယ်ကစားသမား အဲရစ်ဆင်ဟာ စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းကို ပြောင်းရွှေ့ကစားဖို့ သဘောတူညီထားပြီးဖြစ်တယ်လို့ သိရပါတယ်။

ဒိန်းမတ်ကြယ်ပွင့် အဲရစ်ဆင်ဟာ နည်းပြဇီဒန်းနဲ့ လက်တွဲရန် ဆုံးဖြတ်ထားပြီးဖြစ်တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းအတွက်တော့ အခုနွေရာသီအပြောင်းအရွှေ့မှာ ပထမဆုံးစာချုပ်ချုပ်ဆိုခေါ်ယူမယ့် ကစားလည်းဖြစ်လာတော့မှာဖြစ်ပါတယ်။

လက်ရှိမှာ စပါးအသင်းဥက္ကဋ္ဌကတော့ ကွင်းလယ်ကစားသမားအဲရစ်ဆင်ရဲ့အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး ပြောင်းရွှေ့ကြေးကို ယူရိုသန်း ၁၅၀ အထိပေးဖို့ တောင်းဆိုထားတယ်လို့ သိရပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းကတော့ စပါးအသင်းရဲ့ တောင်းဆိုမှုကို ပြန်လည်ဖြေကြားခြင်းမရှိသေးဘူးလို့သိရပါတယ်။



အဲရစ်ဆင်ဟာ စပါးအသင်းကို ၂၀၁၃ ခုနှစ်က ရောက်ရှိလာခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ စပါးအသင်းမှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲရစ်ဆင်ရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၀ ပြည့်နှစ်မှာ ကုန်ဆုံးမှာဖြစ်ပေမယ့် စပါးအသင်းနဲ့ စာချုပ်သစ်ထပ်တိုးချုပ်ဆိုဖို့ ဆွေးနွေးမှုတစ်စုံတစ်ရာပြုလုပ်ထားတာမရှိဘူးလို့လည်း သိရပါတယ်။

အဲရစ်ဆင်ဟာ စပါးအသင်းနဲ့အတူ ဖလားရယူနိုင်ခြင်းမရှိခဲ့ပေမယ့် စပါးအသင်းကို ရောက်ရှိခဲ့တဲ့အချိန်ကစပြီး ပြိုင်ပွဲအရပ်ရပ်မှာ ၂၇၁ ပွဲပါဝင်ကစားပေးထားကာ သွင်းဂိုး ၆၅ ဂိုးအထိသွင်းယူထားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အဲရစ်ဆင်ကို ခေါ်ယူဖို့စပိန်လာလီဂါထိပ်တန်းကလပ် ဘာစီလိုနာအသင်းနဲ့ ပရီမီယာလိဂ်ကလပ်မန်ယူအသင်းတို့က ပစ်မှတ်ထားနေပေမယ့် အဲရစ်ဆင်ကတော့ ရီးယဲလ်မက်ဒရစ်အသင်းကိုသာ ပြောင်းရွှေ့ဖို့ဆုံးဖြတ်ထားတယ်လို့ ဆိုပါတယ်။

**ငွေကြယ် - ရေးသားသည်**

## ဘောလုံးလောက သတင်းတိုများ

- **မန်ယူအသင်းသည် ပေါ်တူဂီကစားသမားနှစ်ဦးဖြစ်သည့် ဘင်ဖီကာတိုက်စစ်မှူး ဖီးလစ်နှင့် စပို့တင်းလစ္စဘွန်းကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်တို့ကို ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။**
- *အာဆင်နယ်အသင်းနှင့် ဂျာမနီအသင်းတို့၏ ကွင်းလယ်ကစားသမား အိုဇေးလ်သည် အာဆင်နယ်အသင်းတွင် ပျော်ရွှင်မှုရရှိနေခြင်းကြောင့် လာမည့်ဘောလုံးရာသီတွင်လည်း အမ်းမရိတ်တွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။*
- **ဘရာဇီးနောက်တန်းကစားသမား ဖီးလစ်ပီလူးဝစ်သည် လက်ရှိကလပ်အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ဆက်ကစားရန် ဆုံးဖြတ်ထားခြင်းကြောင့် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။**

## အနုပညာ



# တိတ်တဆိတ်လက်ထပ်လိုက်တဲ့ ဆိုဖီယာတာနာ

လတ်တလော ဇာတ်လမ်းတွဲသစ်တွေကို ထုတ်လွှင့်ပြသနေတဲ့ "Game of Thrones" ရုပ်သံဇာတ်လမ်းတွဲရဲ့ အဓိကဇာတ်ဆောင်မင်းသမီးတစ်ဦးဖြစ်သူ ဆိုဖီယာတာနာဟာ လတ်တလောမှာတော့ ချစ်သူ ဂျိုးဂျိုးနက်စ်နဲ့ လက်ထပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းတွေပေါ်ထွက်လာခဲ့ပါတယ်။ အများကို ထုတ်ဖော်အသိပေးခဲ့ခြင်းမရှိပေမယ့် သူတို့နှစ်ဦးဟာ လတ်စ်ဗီးဂတ်စ်မှာ မင်္ဂလာပွဲကျင်းပခဲ့တာဖြစ်ကြောင်း ဟောလီဝုဒ်မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

လတ်တလောမှာ အသက် ၂၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆိုဖီယာတာနာနဲ့ ၂၆ နှစ်အရွယ် ဂျိုးဂျိုးနက်စ်တို့ဟာ လတ်စ်ဗီးဂတ်စ်က ဘုရားကျောင်းတစ်ကျောင်းမှာ မင်္ဂလာပွဲပြုလုပ်ခဲ့တာပါ။ ဒီအခမ်းအနားအတွက် အမေရိကန်ဒေါ်လာ ၆၀၀ ခန့်သာ ကုန်ကျခဲ့တယ်လို့လည်း သိရပါတယ်။

မင်္ဂလာအခမ်းအနားကို တိတ်တဆိတ်ပြုလုပ်ခဲ့တာဖြစ်ပေမယ့် နာမည်ကျော်တေးသံရှင်အချို့ တက်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ကန်းထရီးတေးသံရှင်တွေဖြစ်ကြတဲ့ ဒန်နဲ့ ရှေးတို့ကတော့ "Speechless" တေးသီချင်းနဲ့ အခမ်းအနားမှာ ပါဝင်ဖျော်ဖြေပေးခဲ့ပါတယ်။ ဒီဂျေပညာရှင် ဒစ်ပလိုကတော့ ဒီအခမ်းအနားက ပုံရိပ်တွေကို ဗီဒီယိုရိုက်ကူးပြီး သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြန်လည်မျှဝေခဲ့တာကို တွေ့ရပါတယ်။

ဆိုဖီယာတာနာနဲ့ ဂျိုးဂျိုးနက်စ်တို့ရဲ့ မင်္ဂလာပွဲကိုတော့ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေနဲ့ အနုပညာရှင်အချို့တက်ရောက်ခဲ့ကြပါတယ်။ ဂျိုးဂျိုးနက်စ်ရဲ့ အစ်ကိုဖြစ်သူ နစ်ခ်ဂျိုးနက်စ်ရဲ့ဇနီး မင်းသမီး ပရီယင်ကာချိုပရာလည်း တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ကြယ်ပွင့်စုံတွဲဟာ ယခင်က ပြင်သစ်မှာ မင်္ဂလာပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း သတင်းတွေထွက်ခဲ့တာကြောင့် မကြာမီမှာတော့ သူတို့ရဲ့နောက်ထပ်မင်္ဂလာအခမ်းအနားတစ်ခုကို တွေ့မြင်ရဦးမှာဖြစ်တယ်လို့ ဝေဖန်မှုတွေလည်း ရှိနေပါတယ်။

# ဘေဘုတ်တေးဂီတဆုပေးပွဲမှာ ထူးချွန်ဆုနှစ်ခုသိမ်းပိုက်နိုင်ခဲ့တဲ့ BTS

တောင်ကိုရီးယားရဲ့ကမ္ဘာကျော် တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS" ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲမှာ ထူးချွန်ဆုနှစ်ဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၁ ရက်ကပြုလုပ်ခဲ့တဲ့ "Billboard Music Awards" ဆုပေးပွဲမှာ "BTS" ဟာ " Top Duo/Group" နဲ့ " Top Social Artist" ဆုတွေကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ 'BTS'" ဟာ အဆိုပါ ဆုပေးပွဲမှာ ယခုနှစ်မှာတော့ ဆုနှစ်ဆု သိမ်းပိုက်နိုင်ခဲ့တာဖြစ်ပါတယ်။ "BTS" အနေနဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲမှာ "Top Social Artist" ဆုကို ယခုနှစ်အပါအဝင် သုံးနှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**



မေ ၁ ရက်က ပြုလုပ်ခဲ့တဲ့ ဘေဘုတ်တေးဂီတဆုပေးပွဲ တက်ရောက်ခဲ့ကြတဲ့ တေလာဆွစ်၊ ဆိုဖီယာတာနာ၊ ကယ်လီကလာ့ခ်ဆန်၊ ဒစ်ပလို (ဝဲမှယာ)တို့ ကော်ဇောနီပေါ် လျှောက်လှမ်းစဉ်။

# အမျိုးသားအဆင့် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုမဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းစီမံကိန်းရေးဆွဲချမှတ်ရေး အလုပ်ရုံဆွေးနွေး



**နေပြည်တော် မေ ၂**

အမျိုးသားအဆင့် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုမဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းစီမံကိန်းရေးဆွဲချမှတ်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။ **(ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုစနစ်၏ စွမ်းဆောင်နိုင်မှုအရည်အသွေးသည် နိုင်ငံနှင့် ဝန်ကြီးဌာနတို့အတွက် လွန်စွာအရေးကြီးပါကြောင်း၊ ယခု အလုပ်ရုံဆွေးနွေးပွဲသည် အဆိုပါစနစ်ကြီးအား ကျွမ်းကျင်မှုဆိုင်ရာရှုထောင့်မှ လည်းကောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာရှုထောင့်မှ လည်းကောင်း အားဖြည့်တည့်မတ်စေရန်အတွက် လက်တွေ့ဆောင်ရွက်ရမည့်လုပ်ငန်းများကိုရေးဆွဲပြီး ဆုံးဖြတ်အတည်ပြုမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း။

ယခုအခါ ဝန်ကြီးဌာနအနေဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် ဦးဆောင်သော ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲကို ဖွဲ့စည်း၍ ဆေးနှင့်ဆေးပစ္စည်းများ နှစ်အလိုက်သုံးစွဲမှုအခြေအနေဆန်းစစ်ခြင်း၊ ဝယ်ယူရန်ဆေးနှင့် ဆေးပစ္စည်းခန့်မှန်းတွက်ချက်ခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးချမှုအခြေအနေ ဆန်းစစ်ခြင်းတို့ကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူဖြန့်ဖြူးရေးစနစ်၏ အခြေခံအုတ်မြစ်များဖြစ်သော ဆေးနှင့်ဆေးပစ္စည်းများစနစ်တကျဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ သက်တမ်းလွန်နှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲခြင်း၊ ဖြန့်ဖြူးခြင်း၊ ဆေးနှင့်ဆေးပစ္စည်းလိုအပ်ချက်များကို ခန့်မှန်းတွက်ချက်ခြင်းနှင့် သတင်းအချက်အလက်စနစ် တည်ထောင်ခြင်းတို့ကို အခြေခံ၍ ဆွေးနွေးကာ ရေးဆွဲသွားရမည်ဖြစ်ပါကြောင်း၊ ၎င်းလုပ်ငန်းများအောင်မြင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးနှင့် ဆေးရုံအုပ်ကြီးများ၏ အခန်းကဏ္ဍသည် အဓိကကျပြီး မိမိတို့၏ကိုယ်ပိုင်အရေးကိစ္စကဲ့သို့ မှတ်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုဆိုင်ရာ ဒီပလိုမာသင်တန်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားပေးစေလိုပြီး ထိုသို့ သင်တန်းပြုလုပ်ရန်အတွက် USAID Global Supply Chain Program မှ ပံ့ပိုးမှုများပေးစေလိုပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် အတွေ့အကြုံမျှဝေခြင်း၊ လက်တွေ့ကျပြီး နိုင်ငံ၏အခြေအနေအရပ်ရပ်နှင့် ကိုက်ညီသော အကြံပြုချက်များနှင့် အနာဂတ်တွင် တွေ့ကြုံနိုင်သည့် အခြေအနေများကို ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း၊ လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ရှင်းလင်းခိုင်မာတိကျပြီး လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့်မဟာဗျူဟာ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်း စီမံကိန်းအား ချမှတ်ရေးဆွဲရာမှတစ်ဆင့် နိုင်ငံအတွက် အထူးအကျိုးများစေမည့် ဝယ်ယူဖြန့်ဖြူးမှုစနစ်ကြီး ဖြစ်ပေါ်လာစေရေးဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး) ဒေါက်တာဝင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး Global Health Supply Chain Program - Procurement and Supply Management (GHSC-PSM) မှ Country Director Mr. Mehmood Anwar က လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်း စီမံကိန်းရေးဆွဲချမှတ်ရာတွင် ဆက်လက်ပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ လည်းကောင်း၊ Consultant Mr. Pierre de Vasson က ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးမှုစနစ်ကို အားဖြည့်ဆောင်ရွက်ရန်နှင့် စီမံခန့်ခွဲမှုကဏ္ဍ၏ အရေးကြီးမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဦးစီးဌာနများ၊ ဌာနခွဲများနှင့် ကျန်းမာရေးစီမံချက်များမှ မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဌာနများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်မှုဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုမိတ်ဖက်အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့လိုက် ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ တက်ရောက်လာသူများအားလုံး နှီးနှောဖလှယ်ဆွေးနွေးခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုဂံလူရည်ချွန်စခန်းမှ ကျောင်းသား ကျောင်းသူများ၏ စကားသံများ

**တွေ့ဆုံမေးမြန်း - ကိုမင်း**
**ဓာတ်ပုံ - မင်းမင်း**




ဒေါ်သန်းမြင့်



မောင်ဇွဲညီညာနိုင်



မနန်းအေးမြမြရှင်



မောင်အောင်ဟိန်းကျော်



မဟန်နီလင်း



မောင်စိုင်းခွန်ဝမ်း

၂၀၁၉ ခုနှစ် အဋ္ဌမတန်း လူရည်ချွန်ကျောင်းသား ကျောင်းသူများကို ပုဂံလူရည်ချွန်စခန်းဖွင့်လှစ်ပြီး ဧပြီ ၂၉ ရက်မှ ယနေ့အထိ လေ့လာရေးခရီးစဉ်များ ပို့ဆောင်ပေးလျက်ရှိရာ လေ့လာရေးခရီးစဉ်အတွင်း ပုဂံလူရည်ချွန်စခန်းမှူးနှင့် ကျောင်းသား ကျောင်းသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-

**ဒေါ်သန်းမြင့်**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မန္တလေးတိုင်းပညာရေးမှူးရုံး၊ ပုဂံလူရည်ချွန်စခန်းမှူး)**

လူရည်ချွန်မောင်မယ်လေးတွေက ပညာတွေတော်ကြသလို အနေအထိုင်မှာလည်း အလွန်စည်းကမ်းရှိကြပါတယ်။ တစ်ဦးနဲ့တစ်ဦး ချစ်ကြည်ရင်းနှီးမှုရအောင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးက ကလေးတွေကို အုပ်စုခွဲပြီး ရောထားပါတယ်။ ကြီးကြပ်ဆရာ ဆရာမတွေကိုလည်း သူ့တိုင်းဒေသကြီး၊ သူ့ပြည်နယ်မဟုတ်တဲ့ ရောထားပါတယ်။ လူရည်ချွန်တွေအနေနဲ့ အနာဂတ်မှာ ခေါင်းဆောင်တွေဖြစ်လာတဲ့အခါမှာ လူရည်ချွန်ကြီးတွေလိုပဲ ရင်းနှီးချစ်ခင်စွာနဲ့ နိုင်ငံ့အကျိုးကို ဆောင်ရွက်ကြမယ့်သူတွေဖြစ်လာမယ်လို့ ကျွန်မအနေနဲ့ ယုံကြည်မျှော်လင့်မိပါတယ်။

**မောင်ဇွဲညီညာနိုင်**
**(ရွှေပြည်သာမြို့နယ်၊ ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း၊ ရန်ကုန်မြို့)**

ကျွန်တော် ဒီလေ့လာရေးခရီးကို သွားချင်လွန်းလို့ လူရည်ချွန်စာမေးပွဲကို ဝင်ဖြေခဲ့တယ်။ အခုလည်း သွားခွင့်ရတဲ့အတွက် အလွန်ဝမ်းသာတယ်။ ပျော်လည်း ပျော်ပါတယ်။ အိမ်နဲ့ တစ်ခါမှမခွဲဖူးဘူးဆိုပြီး စိုးရိမ်မိပေမယ့် ဒီလည်းရောက်ရော သူငယ်ချင်းတွေနဲ့တွေ့ပြီး တစ်ယောက်နဲ့တစ်ယောက် အပျော်တွေ ကူးစက်ပြီးတော့ အိမ်ကိုတောင် မေ့သွားတယ်။

ဒီမှာ လူရည်ချွန်ကြီးတွေနဲ့ တွေ့ဆုံခွင့်ရပါတယ်။ အထူးသဖြင့် အရှင်ဆန္ဒာဓိကနဲ့ တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ကိုယ့်ကိုယ်ကိုယ်အောင်မြင်တဲ့သူတစ်ယောက်ဖြစ်အောင် မခံယူနဲ့ဦး၊ တန်ဖိုးရှိတဲ့သူတစ်ယောက်ဖြစ်အောင် အရင်ကြိုးစားဦးဆိုတာနဲ့ ပညာနဲ့တူသော အလင်းရောင်သည်မရှိဆိုတဲ့ လူရည်ချွန်ကြီးတွေရဲ့ ဩဝါဒစကားက ရင်ထဲကို စွဲသွားစေပါတယ်။

**မနန်းအေးမြမြရှင်**
**(အထက-၂၊ ဘားအံမြို့ ကရင်ပြည်နယ်)**

ပထမဆုံး ဘားအံကနေ ရန်ကုန်ကို လာရပါတယ်။ ရန်ကုန်မှာ တခြားမွန်တို့၊ ပဲခူးတို့က သူငယ်ချင်းတွေနဲ့ အရင်တွေ့ပြီးတော့ မန္တလေးကို လာကြပါတယ်။ ပုဂံရောက်တော့ အုပ်စုတွေထပ်ခွဲပြီး နေရပါတယ်။ သူငယ်ချင်းတွေနဲ့ နေရတာ အဆင်ပြေပြီး ပျော်လည်း ပျော်ပါတယ်။ လူအများနဲ့လည်း စုပေါင်းပြီး နေတတ်ထိုင်တတ်လာပါတယ်။

လေ့လာရေးခရီးစဉ်အတွင်း မန္တလေးမှာဆိုရင် မြနန်းစံကျော်ရွှေနန်းတော်နဲ့ မဟာမုနိဘုရားကို ဖူးမြော်လေ့လာခွင့်ရရှိပါတယ်။ ပုဂံမှာလည်း တန်ခိုးကြီးဘုရားတွေ ဖူးခွင့်ရခဲ့ပါတယ်။ ကိုယ့်ဟာကို ဖူးတာနဲ့စာရင် ဒီတစ်ခေါက်မှာတော့ သမိုင်းကြောင်းတွေကို ဂဃနဏ လေ့လာသိရှိခွင့်ရခဲ့ပြီး ဒေသန္တရဗဟုသုတတွေလည်း ပိုမိုများပြားလာပါတယ်။

လူရည်ချွန်ကြီးတွေနဲ့ တွေ့ဆုံတဲ့အခါမှာ လူရည်ချွန်တစ်ယောက်ဖြစ်လာပြီဆိုရင် အများနဲ့နေထိုင်တတ်ရမယ်၊ အကျင့်စာရိတ္တလည်းကောင်းရမယ်၊ တခြားသူတွေအပေါ် တစ်ကိုယ်ကောင်းမဆန်ရဘူး၊ ကျန်းမာရေးလည်း ဂရုစိုက်ကြဖို့ မှာကြားသွားပါတယ်။

**မောင်အောင်ဟိန်းကျော်**
**(အထက-၁၊ မလှိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး)**

လူရည်ချွန်တွေစုပေါင်းပြီး လေ့လာရေးခရီးသွားတာ ပထမဆုံးအကြိမ်ပါ။ အရင်ကတော့ ဘယ်ခရီးသွားသွား ကိုယ့်အိမ်က မိသားစု(ဒါမှမဟုတ်)ဆွေမျိုးတွေနဲ့ပဲ သွားဖြစ်ပါ တယ်။ အခုအတွေ့အကြုံကတော့ တော်တော်စိတ်လှုပ်ရှားဖို့ကောင်းပါတယ်။ လေ့လာရေးခရီးမှာ ကြီးကြပ်ဆရာတွေကလည်း အကုန်လုံးကို ဂရုစိုက်ပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်လို့ နှာစေး၊ ချောင်းဆိုးကအစ အသေးစိတ်ကူညီစောင့်ရှောက်ပေးပါတယ်။

နောက်ပြီးတော့ လူရည်ချွန်ရဲ့အနှစ်သာရကို သိရှိလာပါတယ်။ သာမန်အားဖြင့် လူရည်ချွန်ဆိုတာ စာတော်တဲ့ ကျောင်းသားတစ်ယောက်ဆိုပြီး သိခဲ့ပါတယ်။ ဒီကိုရောက်မှ လူရည်ချွန်ဆိုတာ ပညာရေးဘက်မှာတင်မဟုတ်ဘဲ တခြား လူမှုရေးနယ်ပယ်မှာရော တော်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက လူရည်ချွန်တစ်ခါဖြစ်ပြီးတာနဲ့ လူရည်ချွန်ဆိုတဲ့ ဂုဏ်ပုဒ်ဟာ ပျောက်သွားတာ မဟုတ်ပါဘူး။ လူရည်ချွန်တစ်ခါရရင် ထာဝရလူရည်ချွန်ပါပဲဆိုတဲ့ အသိတွေ ရရှိလာပါတယ်။

**မဟန်နီလင်း**
**(ပါရမီကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်)**

ကျွန်မက မွန်ပြည်နယ်ကဆိုတော့ ရန်ကုန်မှာလာပြီး ကြားစခန်းအနေနဲ့ တည်းရတယ်။ အဲဒီအချိန်မှာ သူငယ်ချင်းတွေနဲ့ မရင်းနှီးသေးဘူး။ မန္တလေးရောက်တော့ သူငယ်ချင်းတွေနဲ့ ရင်းနှီးမှုပိုမိုရခဲ့ပြီး ပျော်လာပါတယ်။ ပုဂံလူရည်ချွန်စခန်းရောက်တော့ ပုဂံသူ ပုဂံသားတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတဲ့အတွက် အလွန်ပျော်ပါတယ်။

ပုပ္ပားတောင်ဉယျာဉ်ကိုရောက်တော့ မြန်မာနိုင်ငံမှာရှိတဲ့ ငှက်မျိုးစိတ်တွေ၊ လိပ်ပြာမျိုးစိတ်တွေ၊ တောရိုင်းတိရစ္ဆာန်တွေအကြောင်းကို တာဝန်ရှိသူတွေက ရှင်းပြပေးတဲ့အတွက် ဗဟုသုတတွေအများကြီး ရရှိပါတယ်။ နောက်ပြီးတော့ တိုင်းရင်းဆေးတွေထုတ်လုပ်တဲ့ ပရဆေးပင်တွေကို ဘယ်လိုထိန်းသိမ်းပြီးတော့ စိုက်ပျိုးထားရှိလဲဆိုတာကို အသေးစိတ် လေ့လာခွင့်ရခဲ့ပါတယ်။ Poppa Mountain Resort ကို ရောက်တော့ လှပတဲ့ရှုခင်းတွေနဲ့ ပုပ္ပားတောင်ကလပ်ကို အပေါ်စီးက ဖူးမြော်ခွင့်ရတဲ့အတွက် မောပန်းသမျှတွေ၊ စိတ်ပင်ပန်းတာတွေ အလိုလိုပျောက်ပြီး ပျော်ရွှင်ကြည်နူးရပါတယ်။

**မောင်စိုင်းခွန်ဝမ်း**
**(ရှမ်းပြည်နယ်၊ လင်းခေးမြို့)**

ပုဂံလူရည်ချွန်ခရီးစဉ်အတွင်း မန္တလေးမြို့မှာရှိတဲ့ မြနန်းစံကျော်ရွှေနန်းတော်ကို လေ့လာခွင့်ရပြီး မဟာမုနိဘုရားကိုလည်း ဖူးမြော်ခွင့်ရခဲ့ပါတယ်။ နောက်ပြီး ပုဂံက တန်ခိုးကြီးဘုရားတွေကိုလည်း ဖူးမြော်ခွင့်ရခဲ့ပါတယ်။ လူရည်ချွန်စခန်းကို ရောက်တဲ့အခါမှာလည်း နွေးထွေးစွာကြိုဆိုကြတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ ဟိုတယ်မှာလည်း လိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြတဲ့အတွက် တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ပါတယ်။


မြန်မာသက္ကရာဇ်နှစ်သစ်ကူးသမယမှာ
မိဘပြည်သူများအားလုံး
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပျော်ရွှင်၍
လုပ်ငန်းဆောင်တာများ
အထက်ထပ်မိုး တိုးတက်အောင်မြင်ကြပါစေကြောင်း
မြန်မာနိုင်ငံ တရားဝင် အမြန်ချောပို့လုပ်ငန်းရှင်များအဖွဲ့မှ
နှစ်သစ်ဆုမွန်ကောင်း တောင်းအပ်ပါသည်
SBS Express
UCL EXPRESS
HERCULES
ROYAL Express
FC EXPRESS
ZARLA DELIVERY SERVICE
MGL EXPRESS COURIER
beexprss
DOORA
DOOR ASIA CARGO SERVICES CO., LTD

## ဦးအောင်ချို (မိုးကုတ်)

### အသက် (၉၇) နှစ်

မိုးကုတ်မြို့ ဈေးသစ်ရပ်နေ (ဦးအေးကျော်-ဒေါ်ပု)တို့၏သား၊ (ဦးကြီးမောင်-ဒေါ်သွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၈၇-ဘီ)နေ [ဒေါ်လှညွန့်(မိုးကုတ်)]၊ [ဒေါ်အေးအေးမြိုင် (မြင်းခြံ)]တို့၏ခင်ပွန်း၊ ဒေါ်သောင်းသောင်း-စဝ်ကိုင်ဖ၊ ဒေါ်မြင့်မြင့်-ဦးကိုကိုကြီး၊ ဒေါ်မြမာလာ-ဒေါက်တာခင်မောင်အေး(UK)၊ ဒေါ်ခင်နှင်းဆီ-Mr.Richard Liu (Taiwan)၊ ဦးမျိုးညွန့်(ခ)ဦးကိုကြီး၊ ဦးမင်းလှိုင်တို့၏ကျေးဇူးရှင်မွေးသဖခင်၊ Capt -စဝ်မြတ်ဦး-ဆွေဖြူပြာမင်း၊ စဝ်ခွန်ထီး၊ စဝ်ခွန်မြတ်-မြင့်မြင့်သန်း၊ စဝ်ကျော်ဖ-ဝင့်ခင်သန်း၊ ဦးစောညွန့်- Jim၊ ဦးနုအောင်-IEW၊ နီလာကိုကြီး၊ သီတာကိုကြီး- Capt.သက်နိုင်ဦး၊ နေကြာ-Jason Brook၊ နာတာလီ-Richard Wilkinson၊ နှင်းသီတာထွေး-(Kittisak Kittiwut)တို့၏ ချစ်လှစွာသောအဘိုး၊ စဝ်စုစန္ဒီ၊ စဝ်သုမြတ်ပြည့်တန်၊ စဝ်ချိုခမ်း(ခ)JOSHUA၊ စဝ်သိမ့်ကြာဖြူ၊ TEDDY၊ TERRY၊ ဟန်နီဦး၊ Lilly Brooks၊ Thomas Brooks၊ Otto Wilkinsonတို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးအောင်ချိုသည် ၃၀-၄-၂၀၁၉ ရက် ည ၁၁း၄၅ နာရီတွင် ရန်ကုန်မြို့ ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၅-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ချို (မိုးကုတ်)
### အသက်(၉၇)နှစ်

မိုးကုတ်မြို့ ဈေးသစ်ရပ်နေ (ဦးအေးကျော်-ဒေါ်ပု)တို့၏ သား၊ (ဦးကြီးမောင်-ဒေါ်သွယ်)တို့၏ သားသမက်၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၈၇-ဘီ)နေ၊ [ဒေါ်လှညွန့်(မိုးကုတ်)]၊ [ဒေါ်အေးအေးမြိုင်(မြင်းခြံ)]တို့၏ ခင်ပွန်း၊ ဒေါ်သောင်းသောင်း-စဝ်ကိုင်ဖ၊ ဒေါ်မြင့်မြင့်-ဦးကိုကိုကြီး၊ ဒေါ်မြမာလာ-ဒေါက်တာခင်မောင်အေး(UK)၊ ဒေါ်ခင်နှင်းဆီ-Mr. Richard Liu (Taiwan)၊ ဦးမျိုးညွန့်(ခ)ဦးကိုကြီး၊ ဦးမင်းလှိုင် တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး ဦးအောင်ချို သည် ၃၀-၄-၂၀၁၉ ရက် ည ၁၁း၄၅ နာရီတွင် ရန်ကုန်မြို့ ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာတင်ထွန်း-ဒေါ်မြင့်မြင့်ထွေးမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်ချို (မိုးကုတ်)
### အသက်(၉၇)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၈၇-ဘီ)နေ ဒေါ်ခင်နှင်းဆီ-Mr. Richard Liu (Taiwan)တို့၏ ကျေးဇူးရှင် မွေးသဖခင်ကြီး ဦးအောင်ချို သည် ၃၀-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**Dr.စိုးဝင်း-ဒေါ်ဥမ္မာတင်မောင် မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)၊ DSA-17

ညီအစ်ကိုအရင်းသဖွယ် ခင်မင်ရတဲ့ကိုသန်းအေး ကွယ်လွန်သွားခြင်းအတွက် များစွာဝမ်းနည်းကြေကွဲရပါတယ်။ နောက်ဆုံးအချိန်အထိ တိုင်းပြည်နဲ့လူမျိုးအတွက် လုပ်ကိုင်ပေးခဲ့သလို တရားဘာဝနာနဲ့လည်း အချိန်ပြည့်ထိစပ်သွားခဲ့တဲ့အတွက် ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုတောင်းပေးလိုက်ပါတယ်။

**ပြုံးမောင်မောင်-ခင်သီတာထွန်း(သန်းသန်း)နှင့် မိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)
**စစ်ဦးစီးမှူး(ပထမတန်း)၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**
**(ကြည်း-၁၃၉၁၁) စစ်တက္ကသိုလ် အပါတ်စဉ်-၁၇**
### အသက် (၆၆) နှစ်

အင်းဝစာအုပ်တိုက်ကို အမြဲတမ်းလမ်းပြ ဦးဆောင်ပေးသော ဆရာသမား လေးလေးသန်းအေး ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

လေးလေးကောင်းရာသုဂတိလား ပါစေ။

အင်းဝစာအုပ်တိုက်မိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဦးဇော်မင်းထွန်း (ဖာပွန်ခရိုင် ရွှေကောက်ပွဲကော်မရှင်ရုံး)-ဒေါ်လွင်လွင်မိုး တို့၏ ကျေးဇူးရှင် ဖခင်ကြီး ဦးဟန်ထွန်း(ကြို့ပင်ကောက်)လ/ထ မန်နေဂျာ-မြန်မာ့သစ်လုပ်ငန်း(ငြိမ်း) သည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၀၀း၂၀ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၈)**
**သီဟတပ်ခွဲမှ သူငယ်ချင်းများ**

---

### သင့်သွေးဖြင့် အသက်ကယ်ပါ

---

### ရှမ်းဆရာကြီး ဦးတင်ဝင်း (အိုက်ပီလုံ)
### အသက် (၇၉) နှစ်

မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်ပြည်လမ်း၊ ရှမ်းရွာခြံအမှတ်(၁၅၇)နေ (ဦးဘခင်-ဒေါ်ရွှေတင်)တို့၏သားကြီး၊ ဒေါ်တင်မြင့်၊ ဦးကြင်သောင်း-ဒေါ်တင်ကြည်၊ (ဦးဘိုးဆောင်း)-ဒေါ်တင်ရီတို့၏မောင်၊ ဦးတင်လှိုင်-ဒေါ်စန်းရွှေ၊ (စိုင်းဝဏ္ဏ-ဒေါ်စမ်းစမ်း)၊ စိုင်းညွန့်လွင်-နန်းခင်အုန်း တင့်တို့၏အစ်ကိုကြီး၊ (ဦးအောင်အောင်)-ဒေါ်မြသိုက်၊ (ဦးထွန်းထွန်း)-ဒေါ်အမာစိန်၊ ဒေါ်မိုးမိုး (အမက-၃၊ မရမ်းကုန်း)၊ ဦးသူရဝင်း-ဒေါ်မိုးမိုးအိတို့၏ဖခင်၊ စိုင်းညီညီထွန်း-မအေးချမ်းမေ၊ မရည်မွန်သူ၊ မသက်မှူးဟေသီနွယ်တို့၏အဘိုး၊ စိုင်းမြင့်မိုရ်သော်၏ဘိုးဘိုး၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း **အာဏာမဟိဒ္ဓိနဂါးမာန်ဝင်းဂိုဏ်းနာယက၊ တိမွေး ကုဦးစီးဌာန၊ ဦးစီးအရာရှိ (ငြိမ်း)**ရှမ်းဆရာကြီးဦးတင်ဝင်း(အိုက်ပီလုံ)သည် ၁-၅-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက် ညနေ ၆ နာရီတွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၅-၂၀၁၉ ရက် နံနက်တွင် အမှတ် (၁၅၇)၊ (၉)မိုင်ပြည်လမ်း၊ ရှမ်းရွာနေအိမ် သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဗိုလ်ကြီးဇော်သင်းဦး (ငြိမ်း)
**တေဇ(၁၆)**
**ဒုတိယညွှန်ကြားရေးမှူး**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
### အသက် (၅၃) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့ ပဲခူးလမ်းတောင်ပိုင်း၊ တာခြားရပ်ကွက်နေ (ဦးမြသင်း)-ဒေါ်တင်လှတို့၏သားကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ (၃)ရပ်ကွက်၊ မြသီတာလမ်းနေ ဦးမောင်အေး-ဒေါ်မြဝင်းတို့၏သားသမက်၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ စစ်တောင်း(၁)လမ်းနေ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ မတုန့်နိုင်းသာထွန်း၊ မောင်သာလွန်မင်းထက်ကျော်တို့၏ မွေးသဖခင်၊ ဦးကျော်သင်းလတ်၊ ဒေါ်ဥမ္မာမိုး၊ ဦးမျိုးသင်းထူး၊ ဒေါ်ခင်သီရိလှိုင်၊ ဦးကျော်စွာသင်းထွေး၊ ဒေါ်အေးမာမာမြင့်၊ ဦးစိုးဟုတ်၊ ဒေါ်မီးမီး၊ ဦးဘိုဘိုဟုတ်၊ ဦးချမ်းမြေ့ဟုတ်တို့၏အစ်ကိုကြီး ဗိုလ်ကြီးဇော်သင်းဦး (ငြိမ်း)သည် ၁-၅-၂၀၁၉ ရက် ည ၁၁း၄၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀) ဆေးရုံမှ လယ်ဝေးမြို့နယ်၊ စမ်းကလေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၅-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဒက္ခိဏသီရိမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးဇော်သင်းဦး (ငြိမ်း)၊ တေဇ(၁၆)
### အသက် (၅၃) နှစ်

ချစ်သူငယ်ချင်း ဇော်သင်းဦး မမျှော်လင့်ဘဲ တို့တတွေနဲ့ ခွဲခွာသွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**တေဇ(၁၆)မှ သူငယ်ချင်းများ**

---

### ဦးမျိုးမြင့်သွင်
### အသက်(၄၉) နှစ်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၄) လမ်း(အောက်)၊ အမှတ်(၁၃/၁၉)၊ E-7 နေ (ဦးစိုးဝင်း-ဒေါ်လှမြင့်)တို့၏သား၊ (ဦးစန်းမောင်-ဒေါ်ခင်မြ)တို့၏သားသမက်၊ ဒေါ်ငွေငွေဝင်း၏ခင်ပွန်း၊ မောင်အောင်မျိုးခန့်(ဒု-နှစ်၊ YUFL -ရုရှား)၊ မသွန်းအိန္ဒြေမျိုးသွင်(ထ-၂၊ ဗိုလ်တထောင်၊ Grade-VII)တို့၏ဖခင် ဦးမျိုးမြင့်သွင်သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေ များအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးစိန်လှ (မော်ကျွန်း)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
### အသက်(၈၄)နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဈေးလမ်း၊ တိုက်အမှတ်(၇၇၄)၊ အခန်း(၂၀၂)နေ (ဒေါ်နုနု)၏ ခင်ပွန်း ဦးစိန်လှသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**က-ည-န အငြိမ်းစား ဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

### ဆရာလေး ဒေါ်အေးမြသိင်္ဂီ (ခ) ဒေါ်နှင်းနှင်းငွေ (ငပုတောမြို့)
### ဝါတော် (၂၇) ဝါ၊ သက်တော် (၅၀) နှစ်
**ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ရွာဟောင်းကြီးကျေးရွာ၊ ပေါ်တော်မူကျောင်း**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ စက်မှုအရာထမ်းအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁)နေ (ဦးတင်ငွေ)-ဒေါ်အုန်းတင်တို့၏သမီးထွေး၊ ဒေါ်သန်းသန်းငွေ၊ ဒေါ်သက်သက်ငွေ၊ ဦးကျော်ကျော်ငွေ၊ ဦးအောင်အောင်ငွေ-ဒေါ်စန်းစန်းဝင်းတို့၏ညီမ၊ မအိကေသွယ်၊ မခင်ရတနာဇော်တို့၏အဒေါ် ဆရာလေး အေးမြသိင်္ဂီ (ခ) ဒေါ်နှင်းနှင်းငွေသည် ၁-၅-၂၀၁၉ ရက် ညနေ ၃း၄၅ နာရီတွင် နေပြည်တော်၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)**
**နာယက၊ သက်ကြီးကန်တော့ခံ**
### ဦးအောင်ကွန့်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၁၅၀/၁၂-A)နေ ဒေါ်တင်လှ(ခ)ဒေါ်ပု၏ ခင်ပွန်း ဦးအောင်ကွန့်သည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

**ဒေးဒရဲမြို့နယ်အသင်းဝင် (၃၆)**
### ဒေါ်ဝင်းကြည်
**ထ/ပြ၊ အထက-၄၊ ပုဇွန်တောင်**
### အသက် (၇၀)

ဒေးဒရဲမြို့နေ (ဦးဆင့်-ဒေါ်ကလေးမ)တို့၏သမီးကြီး၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၊ (၃၆)လမ်းနေ ဦးထွန်းခင်၏ ဇနီး၊ (ကိုစံလင်း)၊ ကိုအောင်ဖြိုးသော်-မဝင်းဝင်းထွေး၊ မခင်ခင်ထွေးတို့၏မိခင်သည် ၂၉-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဒေးဒရဲအသင်းဝင်များအား အသိပေးအပ်ပါသည်။

ဒေးဒရဲအသင်း(ရန်ကုန်)
အမှုဆောင်အဖွဲ့

---

### ဦးဇော်မင်းနိုင်
### အသက်(၄၁)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်၊ အမှတ် (၁၆၅/သုံးလွှာ)၊ ဗိုလ်ရွဲလမ်းနေ ဦးဝင်းထင်-ဒေါ်ရီရီခိုင် တို့၏ သားလတ်၊ ဦးရဲမင်းသန့်-ဒေါ်နွေငြိမ်းဇွန်၊ ဦးလှမိုး-ဒေါ်လွင်မေသန့် တို့၏ ညီ/မောင်၊ ဦးဇော်လင်းထင်-ဒေါ်စုစုလင်း တို့၏ အစ်ကို၊ မကြယ်စင်လင်းချို ၏ ဖခင်၊ မဖြိုးသီရိသန့်၏ ဦးလေး ဦးဇော်မင်းနိုင်သည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉း၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ကန်ဒါယိကာမကြီး**
### ဆရာမဒေါ် မြင့်မြင့်ကြည်
**ကျိုက်လတ် မြန်မာ့ဂုဏ်ရောင်ကျောင်း ကန်တော့ခံဆရာမကြီး**
**(၉)လမ်း အ.မ.က၊ ပန်းဘဲစု အ.မ.က (ကျိုက်လတ်)**
**အ.မ.က(၄၅)၊ သာကေတ**
### အသက် (၇၁) နှစ်

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၁/ထူပါရုံ)ရပ်ကွက်၊ (၂) လမ်းအရှေ့ အမှတ်(၅)၊ (ပြည်ခိုင်ဖြိုး)နေ (ဦးအုန်း-ဒေါ်နီ)တို့၏သမီး၊ (ဦးအောင်-ဒေါ်ကြွားမေ)တို့၏ သမီးချွေးမ၊ (ဦးကြည်အောင်)-ဒေါ်စန်းရီ၊ (ဦးစိုးမြင့်)-ဒေါ်ညွန့်တင်တို့၏ညီမ၊ ဦးဟန်မြင့်-ဒေါ်ညွန့်ညွန့်ကြည်တို့၏အစ်မ၊ ဦးသန်းဝင်း(မူလတန်းကျောင်းအုပ်ဆရာကြီး-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးဇော်နိုင်ဝင်း-ဒေါ်သင်းသင်းအေး၊ ဦးကျော်စွာဝင်း(မြန်မာသံတော်ဆင့်သတင်းဌာန၊ ဓမ္မသံတော်ဆင့်စာပေ)- ဒေါ်ခင်ခင်စိုး၊ ဦးထွန်းထွန်းနိုင်-ဒေါ်ယုယုချော၊ ကိုဝင်းသန့်စင်-မဝတ်ရည်နွေးနွေးတို့၏မိခင်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါနေအိမ်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်ခင်မြိုင်
### အသက်(၈၅)နှစ်

ဒါရိုက်တာ စာရေးဆရာ ပန်းချီဆရာကြီး ဦးဝင်းဖေ၏ ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်မြိုင် သည် ၃၀-၄-၂၀၁၉ ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**The Yangon Gallery မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း)(စာရေးဆရာသန်းအေး)
## အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ပန်တျာလမ်းနေ ဒေါက်တာအေးငယ်ငယ် [ခေတ်မှန်ဆရာဝန်ကြီး(ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း) (စာရေးဆရာသန်းအေး)သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် စာဖတ်ပရိတ်သတ်များအတွက် တန်ဖိုးရှိသောဘာသာပြန်(သုတ) စာပေ၊ စာကောင်းပေမွန်များ ရေးသားနိုင်သူတစ်ဦး ဆုံးရှုံးမှုဖြစ်ပါကြောင်းနှင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း)
### အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ ဒဂုံမြို့နယ်၊ ပန်တျာလမ်းနေ ဒေါက်တာအေးငယ်ငယ် [ခေတ်မှန်ဆရာဝန်ကြီး(ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်မှူးကြီး သန်းအေး(ငြိမ်း) (စာရေးဆရာ သန်းအေး)သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်(ငြိမ်း)-ဒေါ်နုနုဆွေ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)(ခ)Tommy Than Aye

**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

**ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပါတ်စဉ်(၁၇)**

### အသက် (၆၆) နှစ်

ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ)Tommy Than Aye သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသောင်းတင်-ဒေါ်တင်တင်အေး**
**KMD Computor Group**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီး သန်းအေး (ငြိမ်း)

ကျန်းမာရေး၊ လူမှုရေး၊ မိသားစုအရေးကြုံလာတိုင်း အကြံဉာဏ်ပေး ကူညီတတ်သော သူငယ်ချင်းမက ညီအစ်ကိုတမျှ လေးစားချစ်ခင်ရပါသော ကိုသန်းအေး (ကို Tommy)သည် ၂-၅-၂၀၁၉ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာ သုဂတိလားပါစေ။

**ဦးထင်အောင် မိသားစု**
**ပန်တျာလမ်း**

---

### ကျေးဇူးအထူးတင်ရှိခြင်း
### ဦးငွေထွန်း (Jack Lao)
### အသက် (၈၇) နှစ်

၂၆-၄-၂၀၁၉ (သောကြာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားသော ကျေးဇူးရှင် ဖခင်ကြီး ဦးငွေထွန်း(Jack Lao)အား နာမကျန်းဖြစ်ချိန်မှနောက်ဆုံးအချိန်ထိ မေတ္တာစေတနာဖြင့် ကျန်းမာရေးအတွက် စောင့်ရှောက်ပေးခဲ့ပါသော သမားတော်ကြီး ဒေါက်တာသီဝတင်နှင့်ဇနီး ဒေါက်တာစိမ်းမြမြအေး၊ သမားတော်ကြီး ဒေါက်တာရဲထွန်းနှင့် Asia Royal Hospital မှ ဆရာဝန်များ၊ သူနာပြုများ၊ အစစအရာရာမေတ္တာဖြင့် ကူညီပေးပါသော ဦးမိုးမြင့်နှင့်ဇနီး ဒေါက်တာဥမ္မာမိုးမြင့်နှင့် မိသားစု(Myint & Associates Co.,Ltd)တို့မှ ဝန်ထမ်းများ၊ Immanuel Baptist Church မှသင်းအုပ်ဆရာ တော်များနှင့် မိတ်ဆွေအသင်းသားများ၊ Yawma Baptist Church မှမိတ်ဆွေအသင်းသားများ၊ ကိုယ်တိုင်လာရောက် သတင်းမေးမြန်းကူညီကြသူများ၊ ကားများ ကူညီခြင်းနှင့် လွမ်းသူ့ပန်းခွေပန်းခြင်းများ ပေးပို့ကြသူများ၊ လှူဖွယ်ပစ္စည်းမျိုးစုံပေးပို့ကြသူများ၊ မအားလပ်သည့်ကြားမှ လိုက်ပါပို့ဆောင်ကြသူများ၊ Phone/E-mail/Social Media ဖြင့် ပြည်တွင်းပြည်ပမှ သတင်းမေးအားပေးနှစ်သိမ့်ကြသူများ၊ မအားလပ်သည့်ကြားမှ ပို့ဆောင်ကြသူများ၊ မိတ်ဆွေသင်္ဂဟများ၊ ဆွေမျိုးသားချင်းများ၊ အသက်ရှင်စဉ်ကျန်းမာရေးနှင့် နာရေးတွင် အစစအရာရာဝိုင်းဝန်းကူညီကြသူများ၊ ၂-၅-၂၀၁၉(ကြာသပတေးနေ့)တွင်နေအိမ်၌ပြုလုပ်သော အောက်မေ့ဘွယ်ဆုတောင်းခြင်းသို့ ကြွရောက်လာသူများ၊ ကျေးဇူးရှိသူပုဂ္ဂိုလ်အသီးသီးတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါက်တာသက်သက်
### 5/82 ဆေးတက္ကသိုလ်၊ မန္တလေး
### အသက် (၅၇) နှစ်

ချစ်သူငယ်ချင်း ဒေါက်တာသက်သက် အသက်(၅၇)နှစ်သည် ၁-၅-၂၀၁၉ ရက် ည ၉း၀၂ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း သက်သက် ကောင်းရာဘုံဘဝသို့ ရောက်ရှိနိုင်ပါစေ။

**ချစ်သူငယ်ချင်းများ**
**5/82 ဆေးတက္ကသိုလ်၊ မန္တလေး**

---

## အနိစ္စ

### ဒေါ်အေးသိန်း (ဟသ်ာတ)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၃၈)၊(အေ-၁)နေ ဦးတင်အေး (မြန်မာ့မီးရထား၊ မန်နေဂျာ-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးဆန်းထွန်း၊ ဦးကျော်စိုးဝင်း-ဒေါ်ကြည်ကြည်ဝေ၊ ဦးစောဝင်း-ဒေါ်သီသီဝေ၊ ဦးဝင်းထွန်း-ဒေါ်မေသူဇာစိုး၊ ဦးကြည်ထွန်း-ဒေါ်လှလှဝင်း တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက် တို့၏ အဘွားသည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉(သောကြာနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ကျိုစုသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဒေါ်တင်တင်အေး (ခ) ဂျယ်ရယ်ဒင်းမောင်လေး
### မူ/ပြ (ငြိမ်း)၊ အ. မ. က(၂) ကြည့်မြင်တိုင်
### အသက် (၇၆) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော (မြောက်)ရပ်ကွက်၊ အမှတ် (၆၉)၊ ဗိုလ်စောပုလမ်းနေ (ဦးမောင်လေး-ဒေါ်ညွန့်သိန်း)တို့၏ဒုတိယမြောက်သမီး၊ (ဦးဘိုးသန်း-ဒေါ်စိန်)တို့၏သမီးချွေးမ၊ ဦးထွန်းဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးအောင်ကျော်ဝင်း-ဒေါ်ငွေငွေမြင့်၊ ဒေါ်နှင်းလှဲ့လှဲ့ဝင်း-ဦးသန်းထွဋ်၊ ဒေါ်အေးမိမိဝင်း-ဦးတင်ထွန်းမင်းနိုင်၊ ဒေါ်ထွန်းအိအိခိုင်-ဦးကောင်းဆက်ထွဋ်တို့၏မွေးသမိခင် ကျေးဇူးရှင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် အကယ်ဒမီဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြုဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်ပြုံး
### အသက် (၇၄) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁၃)လမ်း၊ အမှတ်(၉၂/၉၄)နေ [ဦးရှိန်ကောင်း (ခ) ဦးကျင်စိန်-ဒေါ်ကျင်ထွေး]တို့၏သမီးကြီး၊ (ဦးဖုန်းမြင့်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်စိုး-ဒေါ်အေးမြတ်သီ၊ ဦးထွန်းထွန်း-ဒေါ်သီတာပြုံး၊ ကိုအောင်သူ၊ ကိုအောင်ထွေး တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)(ခ)Tommy Than Aye

**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

**ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပါတ်စဉ်(၁၇)**

### အသက် (၆၆) နှစ်

ရန်ကုန်မြို့ အမှတ်(၄၂-အီး)၊ အခန်းအမှတ် (၃-ဘီ နှင့် ၄-ဘီ)၊ ပန်တျာလမ်း၊ ဒဂုံမြို့နယ်နေ (ဦးဖေသန်း-ညွန့်-ဒေါ်လှရင်)တို့၏ သား၊ ဒေါက်တာအေးငယ်ငယ် [ခေတ်မှန်ဆရာဝန်ကြီး(ငြိမ်း)]၏ ချစ်လှသောခင်ပွန်း၊ ကိုသန့်ဇော်ဆွေ-ဒေါက်တာမေမီသက်၊ ဒေါက်တာအေးငြိမ်းသဉ္ဇာ၊ ဒေါက်တာအေးချမ်းမောင်တို့၏ ဖခင်ကြီး၊ မရွှေဝတ်မှုန်၏ ချစ်လှစွာသောအဘိုး ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ) Tommy Than Aye သည် ၂-၅-၂၀၁၉ ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့်၄-၅-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံ (ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၉ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးသန်းအေး (ငြိမ်း)(ခ)Tommy Than Aye

**စစ်ဦးစီးမှူး (ပထမတန်း)၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံး ကာကွယ်ရေးဝန်ကြီးဌာန**

### အသက် (၆၆) နှစ်

**ကြည်း-၁၃၉၁၁၊ စစ်တက္ကသိုလ် အပါတ်စဉ်(၁၇)**

ဒုတိယဗိုလ်မှူးကြီးသန်းအေး(ငြိမ်း) (ခ)Tommy Than Aye သည် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရ ပါသည်။

**တင့်ဆွေ-နီလာ မိသားစု**

---

### ဆရာမဒေါ်တင်ရီ
### အသက်(၈၅)နှစ်

**ယခင်ကျုံးဟင်းကျောင်းနှင့်ကျောင်းကြီးရပ်ကျောင်း**

အမှတ်(၆၉၃)၊ တရုတ်တန်းလမ်း၊ ပြည်မြို့နေ သီပေါမြို့တည် သူငယ်တော် အမတ်မင်းစဝ်ခွန်ဖူး၊ စောနန်းအောင်၊ ဦးလန်း-ဒေါ်ဖြူ တို့၏မြေး၊ ဦးသာဇံ-ဒေါ်စိန် တို့၏ သမီး၊ ဦးဇော်ဝင်း ၏ ဇနီး၊ ဦးဝင်းနိုင်-ဒေါ်ကေသီမျိုးမြင့်၊ ဦးဇော်လင်းအောင်(ခ) ဦးဇော်နိုင် တို့၏ မိခင်၊ မမြသက်ခြယ်၊ မောင်ဇော်လင်းထွဋ်၊ မောင်ရဲလင်း တို့၏ အဘွား ဒေါ်တင်ရီ (အမက-မူလွန်၊ကျောင်းကြီးအိုးတန်း-ငြိမ်း) သည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) ညနေ ၅ နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ လမ်း၊ မုခ်ဦး အလှူဒါယကာကြီး**

### ဦးတင်မောင်အေး (မြန်မာမျက်မှန်)

**ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး(ကုန်သွယ်ရေး) လ/ထညွှန်မှူး (ငြိမ်း)**

### အသက် (၇၆) နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ တွင်းကြီးကျေးရွာနေ (ဦးထွန်းတင့်-ဒေါ်သိုင်း)တို့၏သားကြီး၊ (ဦးကြွယ်-ဒေါ်အေး)၊ (ဦးတင်ရှိန်-ဒေါ်ပန်းရီ)တို့၏သားသမက်၊ ဦးခင်မောင်မြင့်-ဒေါ်ဝင်းကြည်၊ (ဦးသန်းဌေး)-ဒေါ်ဝင်းစီတို့၏အစ်ကိုကြီး၊ ဦးညိုမြင့်-ဒေါ်ခင်သန်းဝင်း၊ (ဦးစိန်ဝင်းမောင်-ဒေါ်သန်းသန်းနွဲ့)၊ (ဦးခင်အောင်)-ဒေါ်နုနုဝင်း၊ ဦးသန်းလွင်-(ဒေါ်လှလှဝင်း)-ဒေါ်ချိုချိုလွင်၊ ဦးကံသောင်း-ဒေါ်သင်းသင်းဆွေ၊ ဦးလှမျိုး-(ဒေါ်ရီရီကြိုင်)၊ ဦးတင်လှိုင်-(ဒေါ်စောရီ)၊ ဦးအောင်ရီ-ဒေါ်ညွန့်ညွန့်သန်း၊ ဦးအောင်ကြည်-ဒေါ်အေးအေးမြင့်၊ ဦးဝင်းမြင့်-ဒေါ်စန်းစန်းဌေး၊ ဦးမောင်နီ-ဒေါ်မြင့်မြင့်ခင်တို့၏ အစ်ကို၊ (ဒေါ်မြမြဝင်း)၊ ဒေါ်စန်းစန်း (အထပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ Capt. ဦးဇော်မင်းထွန်း (CSS Shipping၊ ဒုဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရာတေး ဆပ်ကော်မတီ)-ဒေါ်ခင်မြတ်မြတ်လင်း၊ ဦးအောင်တင်ဝင်း (STRENGTH Business Group Co., Ltd)-ဒေါ်ဇင်မာထွန်းသူ၊ ဦးအောင်မြင့်ဌေး (STRENGTH Business Group Co., Ltd)-ဒေါ်မေဇင်နိုင်၊ ဦးသန်းဇော်ဝင်း-ဒေါ်ခင်သန္တာစိုးတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူး ရှင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၅-ရပ်ကွက်၊ သိင်္ဂီ ၂-လမ်းမြောက်၊ အမှတ်- ၇၅/A နေအိမ်မှ ကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါက်တာသက်သက်
### M.B.B.S (MDY)
### အသက်(၅၇)နှစ်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဇေယျာခေမာလမ်းသွယ်(၁)၊ အမှတ်(၆၄/ည)နေ (ဦးအောင်မြတ်ထွန်း-ဒေါ်မြခိုင်)တို့၏ သမီး၊ (ဗိုလ်မှူးထွန်းအုပ်-ဒေါ်ခင်မာဝင်း)တို့၏ သမီးချွေးမ၊ (ဦးထွန်းနောင်)၏ ဇနီး၊ ဒေါက်တာရဲနောင်-ဒေါက်တာဝင်းမြတ်နိုးထွန်း၊ မောင်ရဲဒွေး တို့၏ ချစ်လှစွာသောမိခင် သည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉း၃၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးလှစိန် (ခ) လင်ခိုင်ခေး
## အသက်(၈၆)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်၊ (၄)ရပ်ကွက်၊ စဥ့်အိုးတန်းလမ်း၊ အမှတ်(၁၃၈)၊ (ပထမထပ်)နေ ဦးခင်မောင်စန်း-ဒေါ်သဇင်နွယ် တို့၏ ဖခင်ဖြစ်သူ ဦးလှစိန် (ခ) လင်ခိုင်ခေးသည် ၂၈-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**Dr.စိုးဝင်း-ဒေါ်ဥမ္မာတင်မောင် မိသားစု**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တ ဝါသဝ
### သိက္ခာတော်(၂၂)ဝါ၊ သက်တော်(၈၅)နှစ်

မိတ္ထီလာမြို့နယ်၊ ညောင်ကိုင်းစံပြကျေးရွာအုပ်စု ညောင်ကိုင်းရွာဦးကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝါသဝ သိက္ခာတော်(၂၂)ဝါ၊ သက်တော်(၈၅)နှစ် (ယခင် ဦးလှမောင် ပြတိုက်လက်ထောက်-ငြိမ်း၊ စာကြည့်တိုက်နှင့်ပြတိုက်၊ မန္တလေးမြို့)သည် ၃၀-၄-၂၀၁၉ (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂-၅-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ဆရာတော်၏ ကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို အန္တိမအဂ္ဂိဈာပနပူဇာ သဘင်ဆင်ယင်၍ ညောင်ကိုင်းရွာဦးကျောင်းတိုက်၌ ကျင်းပပူဇော်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့်
တပည့်ဒါယကာ/ဒါယိကာမများ

---

### ဒေါ်ခင်စိန်(ခ)ဒေါ်စိန် (မန္တလေးမြို့)
### အသက် (၉၂) နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်နေ [ဦးစိန်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ EPC)၏ဇနီး၊ မန္တလေးမြို့နေ (ဦးစံဖြိုး-ဒေါ်ထွေး)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးဆန်း-ဒေါ်လူစီ)တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ ဦးတေ-ဒေါ်ပြုံးတို့၏အစ်မ၊ ဒေါ်ခင်ခင်စန်း (သူနာပြု-ငြိမ်း)၊ ဒေါ်တင်တင်လတ်(တင်တင်လတ် Audit Firm)၊ (ဦးကိုကိုမောင်)-ဒေါ်မြမြဝင်း(ဒုရဲမှူး-ငြိမ်း)၊ (ဦးခင်မောင်သန်း-ဒေါ်မာလာနွယ်)၊ ဦးခင်အောင်ဆန်း-ဒေါ်မြင့်မြင့်ချို(အမက-၉၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်)၊ ဦးတင်အောင်ထွေး(YESB-ငြိမ်း)-ဒေါ်လှလှရီ၊ ဒေါ်နှင်းနှင်းဝေ(အထက-၂၊ ရန်ကင်း)တို့၏မိခင်၊ ဦးခင်ဇော်-ဒေါ်ဝေမာမာစန်း၊ ဒေါ်ဇင်မာ(Vice President-Sales/Jobnet Myanmar)၊ ဒေါက်တာသူရိန်ဝင်းနိုင်(ကထိက၊ အရိုးရောဂါပညာဌာန၊ ဆေး-၁)-ဒေါက်တာအေးမြသူ(ကထိက၊ ဌာနမှူး၊ အဏုဇီဝဗေဒဌာန၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးအောင်စည်ဟိန်း(JICA ပညာရေးစီမံကိန်း)၊ ဒေါ်ဇွန်ပန်းပွင့်(မြန်မာတိုင်းမ်သတင်းစာတိုက်)၊ ဒေါက်တာထက်မြတ်အောင်၊ ဦးဝေလင်းအောင်-ဒေါ်ဆုနန္ဒာမြင့်၊ ဒေါက်တာထက်လင်းအောင်တို့၏ အဘွား၊ မောင်ထက်အောင်ဝင်း-မအင်ကြင်းခင်၊ မယွန်းနွယ်တို့၏ဘွားဘွားကြီးသည် ၁-၅-၂၀၁၉ ရက် ည ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းလမ်း၊ ၆-ရပ်ကွက်၊ တိုက်-၂၃၈၊ အခန်း-၂ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါ မည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးအောင်နိုင်(ခ)ဦးဟုတ်ကျင်
### အသက်(၇၃)နှစ်

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၄၅)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၈၆၀)နေ ဒေါ်ခင်ဆွေဝင်း ၏ ခင်ပွန်း၊ (ဦးခင်မောင်မြင့်)-ဒေါ်ဝင်းဝင်း တို့၏ အစ်ကို၊ ဦးမင်းမင်းဟန်-ဒေါ်စန်းစန်းသော်၊ ဦးကျော်ကျော်ဟိန်း-ဒေါ်သင်ဇာအောင်၊ ဦးကျော်ကျော်လွင်-ဒေါ်တင်ဆောင်းနှင်း၊ ဦးသူရ-ဒေါ်ယဉ်မျိုးထွန်း တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မသင်းဝတီစံ၊ မခေတ်ရတီလွင်၊ မမြတ်သီရိကျော်၊ မခင်မြတ်သဇင်၊ မောင်သန့်သုတလွင်၊ မသစ်သဒ္ဒါသူ၊ မထူးဧကရီအောင်၊ မဆုလာဘ်ဝေဆာတို့၏ ဘိုးဘိုးကြီးသည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၁၉ရက် နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဒေါ်စန်းစန်း (Wendy Lay)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ကလေး-ဒေါ်ပု)တို့၏ သမီး၊ (ဦးဇံရင်-ဒေါ်ခင်ခင်အေး)တို့၏ သမီးချွေးမ၊ အမှတ်(၉/စီ)၊ ရန်ကြီးအောင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ ဦးမြင့်ဦး၏ ဇနီး၊ ကိုကျော်ဇောလင်း-မယုသင်းချို၊ ကိုထက်အောင်-မစုစုဖြိုးလှိုင် တို့၏ မိခင်၊ ချောထက်ဖြူစင်၏ အဘွား ဒေါ်စန်းစန်း(စန်းစန်းသင်း)သည် ၂၉-၄-၂၀၁၉ ရက် မွန်းလွဲ ၁း၄၀ နာရီတွင် ပန်းလှိုင်စီလုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၁၉ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး**

### ဦးမြင့်စိန် (ဘားကူး) (၆၄) နှစ်

**ကားမီးခွက်လုပ်ငန်း**

ရန်ကုန်မြို့ သာကေတမြို့နယ်နေ (ဦးတင်အေး-ဒေါ်အေးသိန်း)တို့၏သားဦး၊ ပုဇွန်တောင်မြို့နယ်နေ [ဦးခင်လှ-ဒေါ်ခင်ကြည်(ကားမီးခွက်လုပ်ငန်း)]တို့၏သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဦးရွှေဂွန်းလမ်းတို၊ ပထမထပ်၊ အမှတ်(၃၉)နေ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဦး(အထည်ရောင်း/ဝယ် ရေး)-ဒေါ်ပြုံးပြုံး(Toray International, Inc.)၊ ဦးရဲထွန်း(ခေတ္တ-စင်ကာပူ)-ဒေါ်ညွန့်ညွန့်ခိုင်(ခေတ္တ-စင်ကာပူ)၊ ဦးသူရဝင်းတို့၏ဖခင်၊ မသက်ယွန်းနဒီ၊ မောင်ဟိန်းမင်းထက်တို့၏ ဘိုးဘိုးသည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉း၁၅ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဒေါ်မွန်မွန် (၆၄) နှစ်
### B.E con (Stat:)/1978 Batch
### စက်မှု-၁ (ငြိမ်း)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်(ဘီ)၊ အခန်း(၁)၊ တတိယထပ်နေ [ဦးကျော်မောင်-၁(ပြည်နယ်တိုင်းအကောက်ခွန်ဦးစီးမှူး-ငြိမ်း)-ဒေါ်မြသန်း]တို့၏သမီး၊ (ဦးလှိုင်ဦး)-ဒေါ်နီနီအုန်း၊ ဒေါ်သင်းသင်း-ဗိုလ်မှူးမိုးမြင့်(ငြိမ်း)၊ (ဦးအောင်မှူး)-ဒေါ်နုနုစိန်တို့၏ညီမ၊ ဗိုလ်မှူးချုပ်အောင်ကျော်ငြိမ်း-ဒေါ်စန်းစန်းတင်တို့၏အစ်မ၊ တူ/တူမ ခြောက်ယောက်တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွား ဒေါ်မွန်မွန်သည် ၁-၅-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း အပိုင်း(၁) Pre-Bid Conference အခမ်းအနား ကျင်းပ


နေပြည်တော် မေ ၂

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်း အပိုင်း (၁)၏ Pre-Bid Conference ကို ယနေ့နံနက် ၉ နာရီတွင် Hilton Hotel နေပြည်တော်၏ Grand Ballroom ခန်းမ၌ ကျင်းပသည်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✪



ရန်ကုန်မိုးပျံအမြန်လမ်းစီမံကိန်းပုံစံငယ်ကို တွေ့ရစဉ်။



## ဆိုင်ကလုန်းမုန်တိုင်း ဖန်နီ၏ အခြေအနေ

**နေပြည်တော် မေ ၂**

ယနေ့ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပူရီမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၁၇၀ ခန့်၊ ဗီဇာကာပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၉၅ မိုင်ခန့်၊ ဒီဂါမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၃၁၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိသေးသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဖန်နီ"သည် နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေကို ဂိုလ်ပါပူရ်မြို့နှင့်

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ


ဂျိုင်းကော့ကရိတ်တံတား၊ အတ္တရံကြိုးတံတားတို့ကို အသစ်ပြန်လည်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၆

ရေတို/ရေရှည်လုပ်ငန်းများခွဲခြား၍ သစ်တောကဏ္ဍပြုပြင်ပြောင်းလဲရေးများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၇

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်း ကြင်ယာတော်အသစ်နှင့် နန်းတက်ပွဲ ဆင်နွှဲမည် စာမျက်နှာ » ၁၂


## ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## MFF Open Cup ဖူဆယ်ပြိုင်ပွဲ အသင်း ၅၀ ဖြင့် ကျင်းပမည်

**ရန်ကုန် မေ ၂**

2019 MFF Open Cup ဖူဆယ်ပြိုင်ပွဲကို မေ ၁၀ ရက်မှစ၍ အသင်းပေါင်း ၅၀ ဖြင့် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် တစ်နှစ်အတွင်း လိဂ်ပြိုင်ပွဲအပြင် ဖလားပြိုင်ပွဲကိုပါ ကျင်းပလေ့ရှိပြီး ၂၀၁၉-၂၀၂၀ ဘောလုံးရာသီမစမီ Open Cup ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ် ဖူဆယ်ကလပ်အသင်းများအပြင် အပျော်တမ်းကလပ်အသင်းများကိုပါ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသည့် အသင်းများ အနေဖြင့် မေ ၈ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ ပထမအဆင့်ကို အုပ်စုပတ်လည်စနစ်ဖြင့် ကျင်းပကာ

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ❍



2018 MFF Open Cup ဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေစဉ်။





၂-၅-၂၀၁၉ (ကြာသာပတေး) နေ့ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြမြဲ ..

ကြေးမုံ အထူးကဏ္ဍ
မေ ၃၊ ၂၀၁၉ (သောကြာနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## မြန်မာ့စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းအကျိုးဖြစ်ထွန်းမှုများအတွက် ဆောင်ရွက်နေသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဓာတ်ပုံ - မေဦးမိုး**

နိုင်ငံတော်၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု မူဝါဒ၊ ဝန်ကြီးဌာနအတွင်း ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ကာလတို၊ ကာလရှည် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးဆိုင်ရာများနှင့် လုပ်ငန်းစဉ်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပြီး အစိုးရ၏ တတိယ (၁)နှစ်တာအတွင်း မြန်မာ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်း အကျိုးဖြစ်ထွန်းမှုများအတွက် ဆောင်ရွက်နေမှုများကို သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီးများအား တွေ့ဆုံမေးမြန်းခဲ့သည် -

**ဦးစိုးဝင်း**
**ပြည်ထောင်စုဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ လုပ်ငန်းစဉ်တွေ အကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)ကို မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင် ငါးခု၊ မဟာဗျူဟာ ၂၈ ခုနဲ့ လုပ်ငန်းစဉ် ၂၅၁ ခုတို့ချမှတ်ပြီး ဝန်ကြီးဌာနက အဓိက ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရ - ပုဂ္ဂလိကဖြစ်စေ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဖြစ်စေ၊ အခြားထောက်ပံ့ နည်းလမ်းများဖြင့်ဖြစ်စေ ဆောင်ရွက်မည့် စီမံကိန်းများကို Project Bank မှာ ထည့်သွင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

**မြန်မာနိုင်ငံရဲ့ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို မဏ္ဍိုင်သုံးရပ်၊ ပန်းတိုင် ငါးခု၊ မဟာဗျူဟာ ၂၈ ခုနဲ့ လုပ်ငန်းစဉ် ၂၅၁ ခုတို့ချမှတ်ပြီး ဝန်ကြီးဌာနက အဓိက ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရ - ပုဂ္ဂလိကဖြစ်စေ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့်ဖြစ်စေ၊ အခြားထောက်ပံ့ နည်းလမ်းများဖြင့်ဖြစ်စေ ဆောင်ရွက်မည့် စီမံကိန်းများကို Project Bank မှာ ထည့်သွင်းပြီး ဆောင်ရွက်လျက်ရှိ**

**မေး။ ။ ရေရှည်၊ရေတိုစီမံကိန်းတွေအတွက် ဝန်ကြီးဌာနရဲ့လုပ်ဆောင်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ ဝန်ကြီးဌာနကနေ နိုင်ငံတော်ရဲ့ ရသုံးမှန်းခြေငွေစာရင်းအရ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်နဲ့အညီ ငွေများသုံးစွဲမှုတွေကို မြေပြင်ကွင်းဆင်းစိစစ်မှုများ ပြုလုပ်နိုင်ခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်စီမံကိန်းအတွက် အထောက်အကူပြုနိုင်ဖို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စစ်တမ်းအစီရင်ခံစာကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ထုတ်ပြန်နိုင်ခဲ့ပါတယ်။ ပို့ကုန်/သွင်းကုန်လုပ်ငန်းတွေရဲ့ ငွေကြေးလိုအပ်ချက်တွေကို အထောက်အပံ့ပေးနိုင်ဖို့ Export Import Financing ကို ၂၀၁၈ ခုနှစ်ကစပြီး ဘဏ်တွေ ဝန်ဆောင်မှုပေးနိုင်ခဲ့တာက တတိယ (၁)နှစ်တာအတွင်း ဆောင်ရွက်မှုတွေထဲက အောင်မြင်မှုတစ်ခုဖြစ်ပါတယ်။

**မေး။ ။ လယ်ယာကဏ္ဍနဲ့ ကျေးလက်နေပြည်သူတွေရဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးဖို့အတွက် ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

**ဖြေ။** ။ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကနေ လယ်ယာကဏ္ဍကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း(MSMEs) တွေအတွက် မြန်မာ့စီးပွားရေးဘဏ်နဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ကနေ တတိယ (၁)နှစ်တာကာလအတွင်း ငွေကျပ် ၁၆၆ ဘီလီယံကို ငွေချေးသူ ၃၇၃၃ ဦးသို့ အရောက် ထုတ်ချေးပေးခဲ့ပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေတွေကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၁၇၀၇ ဘီလီယံ ထုတ်ချေးခဲ့ရာကနေ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ငွေကျပ် ၂၀၁၇ ဘီလီယံအထိ ချေးပေးသွားမှာဖြစ်ပါတယ်။ စပါးတစ်ဧကအတွက် ထုတ်ချေးငွေကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ ငွေကျပ်တစ်သိန်းမှ ငွေကျပ်တစ်သိန်းခွဲအထိ၊ အခြားသီးနှံတွေအတွက် တစ်ဧကချေးငွေနှုန်းကို အခုဘဏ္ဍာနှစ်မှာ ငွေကျပ် ၅၀၀၀၀ ကနေ တစ်သိန်းအထိ ထပ်မံတိုးမြှင့်ပေးခဲ့ပါတယ်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရဲ့ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေဖို့ အသေးစားငွေရေးကြေးရေး Micro Finance အဖွဲ့အစည်း ၁၇၇ ဖွဲ့ကို လုပ်ကိုင်ခွင့်ပြုထားပြီး မြန်မာတစ်ပြည်လုံး အသေးစားချေးငွေတွေကို ထုတ်ချေးလျက်ရှိပါတယ်။

မနှစ်က ဘဏ္ဍာရေးနှစ်မှာ ကျေးရွာပေါင်း ၁၈၀၀၀ ကျော်၊ လူဦးရေပေါင်း သုံးသန်းခွဲကျော်ကို ငွေကျပ် ၄၁၂၉ ဘီလီယံ ထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ် ၃၃၅ ဘီလီယံအထိ ရှိခဲ့ပါတယ်။ အခုဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၂၂၀၀၀ ကျော်၊ လူဦးရေ ငါးသန်းခန့်ကို ငွေကျပ် ၆၂၆၇ ဘီလီယံထုတ်ချေးခဲ့ပြီး စုဆောင်းငွေကျပ်

အထူးကဏ္ဍ [ ခ ] သို့ »»




ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း



ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏အတည်ပြုမိန့်ဖြင့် Manufacturing Of Binoculars, Spotting, Scopes, Prism & Lens on CMP Basis လုပ်ငန်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

၄၈၇ ဘီလီယံအထိ ရှိခဲ့ပါတယ်။

**မေး။ ။ အာမခံလုပ်ငန်းတွေ တိုးတက်ဖို့အတွက် ဝန်ကြီးဌာနရဲ့ အစီအမံနဲ့ ဆောင်ရွက်ထားမှုတွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ အာမခံလုပ်ငန်း တိုးတက်ရေးအတွက် ၂၀၁၃ ခုနှစ်ကစပြီး ပြည်တွင်းပုဂ္ဂလိကအာမခံ ကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။ လက်ရှိမှာ ပြည်တွင်းပုဂ္ဂလိက အာမခံကုမ္ပဏီသုံးခုနဲ့ အသက်နဲ့ အထွေထွေအာမခံ ပူးတွဲလုပ်ကိုင်နေတဲ့ ကုမ္ပဏီ ရှစ်ခုက အာမခံလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံခြားအသက်အာမခံ ကုမ္ပဏီတွေနဲ့ အထွေထွေအာမခံကုမ္ပဏီတွေကို မြန်မာနိုင်ငံမှာ လုပ်ကိုင်ခွင့်ပြုသွားမှာဖြစ်ပါတယ်။ လုပ်ကိုင်ခွင့်ပြုတဲ့ နေရာမှာလည်း နိုင်ငံခြား အသက်အာမခံကုမ္ပဏီတွေက ရာနှုန်းပြည့်ပိုင်ဆိုင်တဲ့ ကုမ္ပဏီအဖြစ် လုပ်ကိုင်ခွင့်ပြုမှာဖြစ်ပြီး အထွေထွေအာမခံလုပ်ငန်းမှာ ပြည်တွင်းအာမခံကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင်ခြင်းကို ခွင့်ပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ အငြိမ်းစားဝန်ထမ်းတွေကို လစာထုတ်ပေးခြင်းစနစ်တွေ ပြုပြင်ပြောင်းလဲခဲ့တဲ့ အပိုင်းကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ ပင်စင်စားတွေရဲ့အငြိမ်းစားလစာကို လက်ရှိဝန်ထမ်းတွေ ပင်စင်ခံစားခွင့်အတိုင်း တိုးမြှင့်ခံစားခွင့်ပြုမှာ ဖြစ်ပါတယ်။ အငြိမ်းစားတွေအနေနဲ့ မြန်မာ့စီးပွားရေးဘဏ်ကို အကြိမ်ကြိမ် လာရောက်ဖို့မလိုဘဲ စရိတ်နဲ့ အချိန်ကုန်သက်သာဖို့ Mobile Payment စနစ်နဲ့ လစာထုတ်ပေးလျက်ရှိပါတယ်။ အငြိမ်းစားလစာ ထုတ်ပေးခြင်းကို ရန်ကုန်မြို့မှာရှိတဲ့ ဘဏ်ခွဲရှစ်ခုမှာ ဝန်ဆောင်မှုစတင်ပေးလျက်ရှိပါတယ်။

လက်ရှိပင်စင်စနစ်ဟာ နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံရတဲ့အတွက် ပင်စင်စားတွေ အင်အားတိုးတက်လာခြင်း၊ မျှော်မှန်းသက်တမ်း ပိုမိုလာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲရလျက်ရှိပါတယ်။ ပင်စင်လစာနဲ့ပတ်သက်ပြီး နိုင်ငံတော်ရဲ့ ဝန်ထုပ်ဝန်ပိုးလျော့ကျစေဖို့နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့စနစ်တစ်ခု ပေါ်လာဖို့ထည့်ဝင်ကြေးစနစ်နဲ့ အကျိုးခံစားခွင့်ပြုတဲ့ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund- CPF) ကို ထူထောင်သွားမှာ ဖြစ်ပါတယ်။

ပင်စင်စားဝန်ထမ်းတွေသာမက အများပြည်သူတွေ အိမ်ရာပိုင်ဆိုင်မှုရရှိရေးနဲ့ နေထိုင်မှုအဆင်ပြေဖို့ အိမ်ရာချေးငွေစီမံကိန်းကို ဂျပန်နိုင်ငံမှ ချေးငွေယန်း ၁၅ ဘီလီယံ ရယူပြီး စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆောက်လုပ်ရေး၊ အိမ်ရာနဲ့ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး အိမ်ဝယ်ယူမည့်သူတွေကို စတင်ငွေထုတ်ချေးပေးလျက်ရှိပါတယ်။



စီမံကိန်းရေးဆွဲရေးဦးစီးဌာန အရာထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။

**မေး။ ။ ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ခဲ့ရခြင်း အခြေအနေကို သိပါရစေရှင့်။**

**ဖြေ။** ။ ဘဏ္ဍာရေးနှစ်ကို ၂၀၁၈ - ၂၀၁၉ ကနေစပြီး အောက်တိုဘာလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက် အထိ ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ဘဏ္ဍာရေးနှစ်ပြောင်းလဲကျင့်သုံးရတဲ့ ရည်ရွယ်ချက်က ကာလရှည်ရုံးပိတ်ရက်တွေနဲ့ လွတ်ကင်းတဲ့ ကာလဖြစ်တာမို့ လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ပြီး တည်ဆောက်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ဖြစ်သလို ပွင့်လင်းရာသီကာလကလည်း ရှစ်လကျော် တစ်ဆက်တည်း ရရှိနိုင်လို့ ဖြစ်ပါတယ်။ ဒါ့အပြင် သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာနိုင်မှာလည်း ဖြစ်ပါတယ်။

**မေး။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေကို သိပါရစေရှင့်။**

**ဖြေ။** ။ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရာမှာ အခွန်ထမ်းကိုယ်တိုင် စည်းကြပ်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးလျက်ရှိပါတယ်။ MPU Debit Card အသုံးပြုပြီး အွန်းလိုင်းမှ အခွန်ပေးဆောင်ခြင်းကို အခွန်ထမ်းကြီးတွေနဲ့ အလယ်အလတ် အခွန်ထမ်းတွေဆိုင်ရာ အခွန်ရုံးတွေမှာ ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

ယခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကစပြီး အောင်ဘာလေထီတစ်စောင်ကို ငွေကျပ်တစ်ထောင်နှုန်းနဲ့ ရောင်းချခဲ့ပါတယ်။ ဆုမဲတွေကို ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ အထိ တိုးမြှင့်ပေးနိုင်ခဲ့ပြီး အခြားဆုမဲတွေကို ပိုမိုတိုးမြှင့် ပေးနိုင်တဲ့အတွက် ပြည်သူတွေအနေနဲ့ ဆုကြေးငွေ ပိုမိုရရှိလာမှာဖြစ်ပါတယ်။

အကောက်ခွန်ကိစ္စရပ်တွေကို Manual စနစ်မှ အလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ်ဖြစ်တဲ့ MACCS (Myanmar Automated Cargo Clearance System)နဲ့ ၂၀၁၆ ခုနှစ်ကတည်းက ရန်ကုန်ဧရိယာအတွင်းမှာ စတင်ကျင့်သုံးနိုင်ခဲ့ပါတယ်။ မြဝတီနယ်စပ် ကုန်သွယ်ရေးဇုန်မှာ ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက စတင်အသုံးပြုခဲ့ပြီး ကျန်တဲ့နယ်စပ်ဒေသတွေကို တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့သွားနိုင်မှာ ဖြစ်ပါတယ်။

စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ အစိုးရကချမှတ်ထားတဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှု မူဝါဒတွေနဲ့အညီ ရေရှည်အကျိုးရှိမယ့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး လွယ်ကူရှင်းလင်းစွာ ပါဝင်ဆောင်ရွက်လာရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမှာဖြစ်တယ်ဆိုတာကို အများပြည်သူတွေကို တင်ပြလိုပါတယ်။

**ဦးမောင်မောင်ဝင်း**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဘဏ္ဍာရေးကဏ္ဍရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။** ။ ဘဏ္ဍာရေးအပိုင်းမှာ ဌာနပေါင်း ၁၃ ခုရှိတယ်။ ဌာနကြီး ၁၃ ခုရှိတဲ့အထဲမှာ ပေါ်လစီပိုင်းဆိုင်ရာဌာနတွေဖြစ်တဲ့ ရသုံးမှန်းခြေငွေစာရင်းဌာနဆိုရင် နှစ်စဉ်ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းပေးနိုင်ဖို့ ပြုစုတင်ပြဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွေကို သူ့



အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန (နေပြည်တော်) တွင် ပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်ပြခန်းများသို့ လာရောက်လေ့လာကြသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»



ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း



ဒုတိယဝန်ကြီး ဦးဆက်အောင်

»»» အထူးကဏ္ဍ [ ခ ] မှ

အချိန်နဲ့သူ ပြဋ္ဌာန်းနိုင်စေဖို့ ပြုစုတင်ပြပါတယ်။ ဘဏ္ဍာ ငွေအရအသုံးဆိုင်ရာဥပဒေတွေ ပြဋ္ဌာန်းပြီးချိန်တွင် ရသုံးခန့်မှန်းခြေငွေစာရင်းတွေ အကောင်အထည်ဖော်မှုကို စောင့်ကြည့်အစီရင်ခံခြင်း ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တစ်နှစ်တာအတွင်းမှာ ဘတ်ဂျက်သုံးစွဲမှုတွေနဲ့ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု တိုးတက်မှုတွေအကြောင်းကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** အရင်နဲ့မတူတာက ဘတ်ဂျက်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာနဲ့ ပြည်သူလူထုကို အစီရင်ခံတာ၊ သတင်းစာနဲ့ ဂျာနယ်တွေ၊ တီဗွီတွေမှာ ဖော်ပြတာတွေကို တိုးတက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် ငါးနှစ်စီမံကိန်းအနေနဲ့ ဆောင်ရွက်နေပြီး လာမယ့်စက်တင်ဘာလဆိုရင် ငါးနှစ်ပြည့်မြောက်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ ညှိနှိုင်း၍ နောက်ထပ်သက်တမ်းတစ်နှစ်တိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

EITI လို့ခေါ်တဲ့ သဘာဝသယံဇာတတွေ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကနေ ရရှိတဲ့ ရငွေတွေကို ပွင့်လင်းမြင်သာစွာနဲ့ ပြည်သူ့ထံကို အစီရင်ခံနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ငွေတိုက်ဦးစီးဌာနရဲ့ လုပ်ငန်းစဉ်တွေနဲ့ တတိယ (၁)နှစ်တာအတွင်း ဖြတ်သန်းမှုကို သိပါရစေရှင့်။**

**ဖြေ။ ။** ငွေတိုက်ဦးစီးဌာနရဲ့ အဓိကတာဝန်က ပြည်သူ့ကြွေးမြီကိစ္စဖြစ်ပါတယ်။ ကြွေးမြီတွေထဲမှာ ပြည်တွင်းကြွေးမြီနဲ့ ပြည်ပကြွေးမြီတို့ရှိပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးမှုအကူအညီတွေဆိုင်ရာ မူဝါဒနဲ့အညီ အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေရယူဖို့နဲ့ ထောက်ပံ့ငွေတွေ ရယူဖို့ဆောင်ရွက်ပါတယ်။

ပြည်တွင်းကြွေးမြီက နှစ်စဉ်လိုငွေပြနေတဲ့ ဘတ်ဂျက်အတွက် ဆောင်ရွက်ရပြီး ဒီကြွေးမြီတွေကို ခံနိုင်ရည်ရှိမှု အတိုင်းအတာအပေါ်မူတည်ပြီး ထိန်းသိမ်းဆောင်ရွက်ရပါတယ်။ ငွေတိုက်ဌာနအနေနဲ့ ငွေကြေးစီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်ရပါတယ်။ ငွေကြေးစီမံခန့်ခွဲမှုတွေ တိုးတက်လာအောင် လုပ်ရပါတယ်။ သဘောက ဘတ်ဂျက်တွေမှာ ဌာနကရတာနဲ့ သုံးတာနဲ့ တကယ်ရတာနဲ့ တကယ်သုံးတာတွေ နီးစပ်အောင် အမြဲစောင့်ကြည့်ပြီး ငွေကြေးစီမံခန့်ခွဲမှုတွေ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ငွေတိုက်ဦးစီးဌာနဟာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းတွေ အားလုံးကို စုစည်းပေါင်းချုပ်ပြုစုပြီး အစိုးရနဲ့ လွှတ်တော်ကို အစီရင်ခံရပါတယ်။

**မေး။ ။ အသေးစား ငွေရေးကြေးရေးအာမခံလုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့အတွက် ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေနဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲရပါတယ်။ အာမခံလုပ်ငန်းတွေ ကြီးကြပ်ကွပ်ကဲပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်း Microfinance တွေကို ကြီးကြပ်ကွပ်ကဲပါတယ်။ ဒီအသေးစား ငွေရေးကြေးရေး လုပ်ငန်းတွေဟာ အခုဆိုရင် တစ်နိုင်ငံလုံးမှာ လုပ်ငန်းပေါင်း ၁၇၇ ခုနဲ့ ဆောင်ရွက်နေပါတယ်။

အရင်နဲ့မတူတာက ဘတ်ဂျက်ကို ပိုမိုပွင့်လင်းမြင်သာမှုရှိစွာနဲ့ ပြည်သူလူထုကို အစီရင်ခံတာ၊ သတင်းစာနဲ့ ဂျာနယ်တွေ၊ တီဗွီတွေမှာ ဖော်ပြတာတွေကို တိုးတက်လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရာတွင် ငါးနှစ်စီမံကိန်းအနေနဲ့ ဆောင်ရွက်နေပြီး လာမယ့်စက်တင်ဘာလဆိုရင် ငါးနှစ်ပြည့်မြောက်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်နဲ့ ညှိနှိုင်း၍ နောက်ထပ်သက်တမ်းတစ်နှစ်တိုး ဆောင်ရွက်သွားမှာ ဖြစ်

အာမခံလုပ်ငန်းတွေကို ဖြေလျှော့ပေးဖို့နဲ့ လွတ်လပ်ဖို့အတွက် ဆောင်ရွက်ပေးတဲ့နေရာမှာ အဓိကဒီနှစ်အတွင်းမှာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာမှာက နိုင်ငံခြားအာမခံလုပ်ငန်းတွေကို ပြည်တွင်းမှာ လုပ်ကိုင်ခွင့်ပြုမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေဟာ မကြာခင်မှာ အကောင်အထည်ပေါ်လာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံခြားအာမခံကုမ္ပဏီတွေကို အသက်အာမခံလုပ်ငန်းမှာ ရာနှုန်းပြည့်အထိ ခွင့်ပြုမှာဖြစ်ပါတယ်။ အသက်အာမခံမဟုတ်တဲ့ အထွေထွေအာမခံလုပ်ငန်းမှာ ပြည်တွင်းကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်ကိုင်ခွင့်ပြုမှာ ဖြစ်ပါတယ်။

**မေး။ ။ ပင်စင်စား အငြိမ်းစားတွေအတွက် ဖြေလျှော့ဆောင်ရွက်ပေးခဲ့တာတွေကို သိလိုပါတယ်ရှင့်။**

**ဖြေ။ ။** ဝန်ကြီးဌာနမှာ ပင်စင်ဦးစီးဌာနဆိုပြီး ရှိပါတယ်။ အားလုံးသိတဲ့အတိုင်း နိုင်ငံတော်မှ မကြာသေးခင်က ပင်စင်စားဝန်ထမ်းတွေအားလုံးအတွက် ပင်စင်လစာကို တိုးမြှင့်ပေးလိုက်တာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူတွေအပေါ်ထားရှိတဲ့ စေတနာအရ ငွေကြေးအကုန်အကျများပေမယ့် ပင်စင်စားဝန်ထမ်းတွေရဲ့ ဘဝသက်သာချောင်ချိရေးကို ရှေးရှုပြီးတိုးမြှင့်ပေးခဲ့ရာ အခုဆိုရင် အငြိမ်းစားဝန်ထမ်းတွေဟာ အရင်ကကွာခြားမှုရှိပေမယ့် အခုဆိုရင် အားလုံးတစ်ပြေးညီ လက်ရှိဝန်ထမ်းတွေ ပင်စင်ယူတဲ့အခါ ရရှိမည့်နှုန်းထားအတိုင်းရရှိအောင်ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ အခွန်ကိစ္စရပ်တွေနဲ့ ပတ်သက်ပြီး ဆောင်ရွက်ချက်တွေကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** အခွန်အယူခံခုံအဖွဲ့ရုံး ဥပဒေသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲဒီဥပဒေသစ်နဲ့အညီ အခုအခါ အသွင်ကူးပြောင်းရေးကာလကို နှစ်နှစ်သတ်မှတ်ဆောင်ရွက်နေပါတယ်။ မကြာခင်မှာပဲ အခွန်အယူခံခုံအဖွဲ့ ဥပဒေအသစ်နဲ့အညီ အခွန်အယူခံခုံဘုတ်အဖွဲ့ ဖွဲ့စည်းပြီး ဘုတ်အဖွဲ့ကို တင်သွင်းလာတဲ့ ကိစ္စရပ်တွေကို ဥပဒေနဲ့အညီ ကြားနာဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်နေပါတယ်။ အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို လွှတ်တော်မှာ တင်ပြထားပြီး ဖြစ်ပါတယ်။ မကြာမီလွှတ်တော်မှာ ဆွေးနွေးပြီး ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဝင်ငွေခွန်ဥပဒေသစ်ကို ပြင်ဆင်ဖို့ ဆောင်ရွက်နေပါတယ်။ အောင်ဘာလေထီလုပ်ငန်းတွေမှာ ငွေကျပ် ၁၀၀၀ တန်အထိ တိုးမြှင့်ပြီး ထုတ်ဝေပေးနေတာ ရှိပါတယ်။ ခေတ်မီတဲ့ အခွန်လုပ်ငန်းတွေကို ဒစ်ဂျစ်တယ်စနစ်ကူးပြောင်းဖို့အတွက် ITAS ဆိုတဲ့ Integrated Tax Administration System ကို ဆောင်ရွက်လျက်ရှိပါတယ်။

အကောက်ခွန်ဦးစီးဌာန အနေနဲ့ MACCS လို့ခေါ်တဲ့ Myanmar Automated Cargo Clearance System ဒါကိုမူလက ရုံးချုပ်ဆိပ်ကမ်းတွေမှာ ဆောင်ရွက်ရာကနေ အခုဆိုရင် မြဝတီနယ်စပ်တွေမှာ တိုးချဲ့တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ မကြာခင်မှာ ဆက်လက်ပြီး မူဆယ်နယ်စပ်ကို တိုးချဲ့တပ်ဆင်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ပို့ကုန်/သွင်းကုန်လုပ်ငန်းတွေအတွက် အများကြီး အချိန်ကုန်၊ စရိတ်ကုန်သက်သာပြီး ပြည်သူ့ဝန်ဆောင်မှုကို အားကောင်းစေပါတယ်။

**မေး။ ။ တရားမဝင် ကုန်သွယ်မှုပပျောက်ဖို့အတွက် ဌာနကနေဆောင်ရွက်နေတဲ့အကြောင်းကို သိပါရစေရှင့်။**



စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၇ ] မှ

**ဖြေ။ ။** တရားမဝင် ကုန်သွယ်မှုတွေကို တိုက်ဖျက်နိုင်ဖို့ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနဲ့ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွေမှာ နေ့စဉ်နဲ့အမျှ တားဆီး၊ ဖမ်းဆီးမှုတွေ ဆောင်ရွက်နေပါတယ်။

ဒါ့အပြင် လှုပ်ရှားကင်းစခန်း အထူးအဖွဲ့တွေနဲ့ လိုက်လံပြီး သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေနဲ့ ချိတ်ဆက်ဖမ်းဆီးဆောင်ရွက်နေပါတယ်။ အရင်က မရှိသေးတဲ့ Bounded Warehouse တွေကို ရန်ကုန်နဲ့ မန္တလေးတို့မှာ တည်ဆောက်ထားပြီး ဆက်လက်ပြီးတော့လည်း တိုးချဲ့သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ကြီးဌာနရဲ့ဆောင်ရွက်ချက်တွေကို သိပါရစေရှင့်။**

**ဖြေ။ ။** မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးအနေနဲ့ အားလုံးသိကြတဲ့အတိုင်း ရန်ကုန်စတော့ပ်အိပ်ချိန်းကို တည်ထောင်ခဲ့ရာ အခုဆိုရင် သုံးနှစ်လောက်ရှိခဲ့ပါပြီ။ စာရင်းဝင်ကုမ္ပဏီငါးခုနဲ့ စတော့ပ်ရှယ်ယာတွေကို အရောင်းအဝယ် လုပ်ပေးနေပါတယ်။

ဆက်လက်လုပ်ဆောင်မယ့် အစီအစဉ်တွေက စာရင်းဝင်ကုမ္ပဏီတွေ တိုးပွားလာဖို့အတွက် Corporate Governance လို့ခေါ်တဲ့ စာရင်းဝင်ကုမ္ပဏီတွေနဲ့ စီမံအုပ်ချုပ်တာတွေကို တိုးတက်အောင် ကုမ္ပဏီတွေမှာ တာဝန်ယူဆောင်ရွက်ရမယ့် ဒါရိုက်တာအဖွဲ့ဝင်တွေရဲ့ အရည်အသွေးတွေကို သတ်မှတ်ဆောင်ရွက်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနစတဲ့ သက်ဆိုင်ရာဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စာရင်းဝင်ကုမ္ပဏီတွေကို မကြာသေးခင်က ပြဋ္ဌာန်းပြီးခဲ့တဲ့ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနဲ့အညီ နိုင်ငံခြားသားတွေပါဝင်ပြီး ရင်းနှီးမြှုပ်နှံလိုသူတွေကို ခွင့်ပြုပေးသွားဖို့ ရှိပါတယ်။

**မေး။ ။ နိုင်ငံပိုင်ဘဏ်တွေရဲ့အကြောင်းကိုလည်း သိပါရစေရှင့်။**

**ဖြေ။ ။** နိုင်ငံပိုင်ဘဏ်အနေနဲ့ လေးခုရှိပြီး မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ်တို့ဖြစ်ပါတယ်။ ဒီဘဏ်ကြီး လေးခုဟာ ခြုံပြီးပြောကြားရမယ်ဆိုရင် ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုတွေကို အရင်ကထက် ပိုမိုတိုးချဲ့ပြီး ပြည်သူကို ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။ ဥပမာအားဖြင့် JICA Two Step Loan ကို ရယူပြီး လယ်ယာကဏ္ဍကို စက်မှုလယ်ယာစနစ်ကူးပြောင်းနိုင်ဖို့အတွက် ထွန်စက်၊ ခြွေလှေ့စက်၊ အခြောက်ခံစက်၊ ဆီစက်နဲ့ ဆန်စက်စတဲ့ စက်ကိရိယာပစ္စည်းတွေ ဝယ်ယူဖို့အတွက် နှစ်ဆင့်ချေးငွေတွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးပေးခဲ့ပါတယ်။

အလားတူ SMEs လုပ်ငန်းတွေအတွက် အတိုးသက်သာတဲ့ ချေးငွေတွေ ချေးပေးနေပါတယ်။ MFTB နဲ့ MICB တို့ဆိုရင် Trade Financing လို့ခေါ်တဲ့ ပြည်ပကုန်သွယ်မှုတွေ လုပ်ဆောင်တဲ့အခါ လိုအပ်တဲ့ ငွေကြေးအထောက်အပံ့တွေ ရရှိနိုင်အောင် ကုန်သွယ်မှုချေးငွေတွေ တိုးမြှင့်ချေးပေးနေပါတယ်။

ဘဏ်အားလုံးမှာ ငွေလွှဲလုပ်ငန်းတွေ တိုးတက်အောင် ယခင်က Manual စနစ်နဲ့ လုပ်ဆောင်ရာမှ ဒစ်ဂျစ်တယ်ဘဏ်စနစ်တွေ၊ မိုဘိုင်းဘဏ်စနစ်တွေနဲ့ တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေဆိုရင် လယ်သမားတွေအတွက် ချေးပေးရာမှာ ယခင်ကထက် နှုန်းထားတွေ တိုးမြှင့်ပြီး စိုက်စရိတ်ချေးငွေတွေ ချေးပေးလျက်ရှိသလို အချိန်မီပြန်လည်ကောက်ခံရရှိအောင် ဆောင်ရွက်ရပါတယ်။

Housing Finance လို့ခေါ်တဲ့ အိမ်ရာလိုအပ်သူတွေကို အိမ်ရာချေးငွေတွေ ထုတ်ချေးနိုင်အောင် ပြည်ပနိုင်ငံတွေက အတိုးနှုန်းသက်သာတဲ့ ချေးငွေတွေရယူပြီး နှစ်ရှည် ၁၅ နှစ်၊ ၁၀ နှစ်စတဲ့ အိမ်ရာချေးငွေတွေကို တိုးချဲ့ထုတ်ချေးပေးနေပါတယ်။

**မေး။ ။ မြန်မာ့အာမခံလုပ်ငန်းနဲ့ အာမခံလုပ်ငန်းဆိုင်ရာတွေမှာ ဘယ်လိုပြုပြင်ပြောင်းလဲ တိုးတက်မှုတွေရှိပါသလဲရှင့်။**

**ဖြေ။ ။** မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ ပုဂ္ဂလိကအာမခံလုပ်ငန်း၊ နောင်တွင်ခွင့်ပြုပေးမယ့် နိုင်ငံခြားအာမခံကုမ္ပဏီတွေနဲ့ပါ အပြိုင်အဆိုင်လုပ်ရမှာ ဖြစ်ပါတယ်။ အခုကတည်းက အာမခံအမျိုးအစားအသစ်တွေဖြစ်တဲ့ တောင်သူလယ်သမား အသက်အာမခံ၊ ပညာရေး၊ ကျန်းမာရေးအာမခံ စတဲ့ အာမခံအမျိုးအစားသစ်တွေကို တိုးချဲ့ဆောင်ရွက်လျက်ရှိပါတယ်။ အသက်အာမခံအပိုင်းနဲ့ အထွေထွေအာမခံအပိုင်းအပေါ်မှာ Product အသစ်တွေ တိုးချဲ့ဆောင်ရွက်နေပြီး မကြာခင်မှာ နိုင်ငံခြားအသက်အာမခံကုမ္ပဏီတွေ ဝင်လာပါမယ်။

အထွေထွေအာမခံလုပ်ငန်းတွေကို Joint Venture အဖြစ် လုပ်ကိုင်ခွင့်ပြုမှာဖြစ်ပါတယ်။ ဒါကြောင့် အာမခံကဏ္ဍဟာ သုံးနှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုများစွာရှိခဲ့ပြီး မြန်မာနိုင်ငံမှာ အာမခံဈေးကွက် ထိုးဖောက်နိုင်မှုဟာ ရာခိုင်နှုန်းနည်းတဲ့ အနေအထားကနေ ရာခိုင်နှုန်း အတော်များများ ထိုးဖောက်လာနိုင်မယ်ဆိုတာ သေချာပါတယ်။

**မေး။ ။ တတိယ(၁)နှစ်တာအတွင်း ဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး ခြုံငုံသုံးသပ်ဆွေးနွေးပေးပါဦးရှင့်။**

**ဖြေ။ ။** စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာရေးကဏ္ဍမှာပါဝင်တဲ့ ဌာနအားလုံးက မိမိတို့ ကျရာနေရာတာဝန်ကနေ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်အောင် ဆောင်ရွက်ပေးပြီး အဲဒီကနေ တိုင်းပြည်တစ်ခုလုံးရဲ့ စီးပွားရေး တိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်လို့ ပြည်သူကို တင်ပြအပ်ပါတယ်။

**ဦးဆက်အောင်**
**ဒုတိယဝန်ကြီး**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ စီမံကိန်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်အပိုင်းကို ရှင်းလင်း ပြောကြားပေးပါဦးရှင့်။**

**ဖြေ။ ။** လွန်ခဲ့တဲ့ တစ်နှစ်တာအတွင်းမှာ ဝန်ကြီးဌာနအနေနဲ့ အဓိကဆောင်ရွက်တဲ့ အပိုင်းကြီး နှစ်ပိုင်းရှိပါတယ်။ အဲဒါက စီမံကိန်းပိုင်း(Planning)နဲ့ ဘဏ္ဍာရေးပိုင်း(Finance) ဆိုပြီး ဖြစ်ပါတယ်။ စီမံကိန်းပိုင်းက National Planning အပိုင်း ဖြစ်ပါတယ်။ စီမံဘဏ္ဍာရဲ့ National Planning နဲ့ပတ်သက်တဲ့ ဆောင်ရွက်နိုင်တဲ့ အချက်ကို အဓိကပြောပါမယ်။

အဓိက ပထမဦးဆုံးဆောင်ရွက်နိုင်တဲ့ ကိစ္စက ဗျူဟာမြောက်လုပ်ငန်းစဉ်တွေကို အသေးစိတ်သေသေချာချာ ရေးဆွဲခဲ့ပါတယ်။ အရင်တုန်းက Policy Direction ပုံစံမျိုးကို စနစ်တကျရေးဆွဲနိုင်ခဲ့ပေမယ့် Policy Direction တွေကို တကယ်အကောင်အထည်ဖော်နိုင်မယ့် Policy Matrix တွေကို ရေးဆွဲနိုင်ခဲ့ခြင်းမရှိပါဘူး။ အခုအချိန်မှာ အဓိကအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စက နိုင်ငံတော်ရဲ့ Policy Direction တွင်သာမက ဒီ Policy Direction ကို သွားမယ်ဆိုရင် ဘယ်လိုပုံစံနဲ့ သွားကြမလဲ၊ ဘယ်လို ဗျူဟာတွေကို ချမှတ်ပြီးသွားမလဲ၊ ဘယ်လိုလုပ်ငန်းစဉ်တွေ ချမှတ်ပြီးသွားမယ်ဆိုတဲ့ Policy Implementation Matrix ကို အတိအကျရေးဆွဲနိုင်ခဲ့ပါတယ်။ အရင်အခြေအနေတွေ၊ အရင်ခေတ်တွေတုန်းက မဆောင်ရွက်နိုင်ခဲ့တဲ့ကိစ္စကို အသေးစိတ်ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် Policy Matrix အရ အကောင်အထည်ဖော် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ဒီအတိုင်း ဖော်ထုတ်တာမဟုတ်ဘဲနဲ့ ဗျူဟာတွေ အကောင်အထည်ဖော်နိုင်မယ့် Project Bank ဆိုတဲ့ စီမံကိန်းဘဏ်ကိုလည်း ဖော်ဆောင်နိုင်ခဲ့ပါတယ်။

**မေး။ ။ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်က ဘယ်လောက်အထိ အဓိကကျတယ်ဆိုတာကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** ဒီစီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်က ဘယ်လောက်အထိကို အဓိကကျသလဲဆိုရင် Sectorial Plan တွေကနေ Strategic Plan အဆင့်ကို ပြောင်းလဲနိုင်ရုံ သာမက အရင်တုန်းကလို ရင်းနှီးမြှုပ်နှံမှုပိုင်းဆိုင်ရာမှာ ရင်းနှီးမြှုပ်နှံသူတွေကို Reactively ထိုင်ပြီး အဆိုပြုလွှာတွေ တင်ကြပါဆိုပြီး စောင့်ဆိုင်းဖို့မဟုတ်ဘဲနဲ့ ဝန်ကြီးဌာနတွေ ကိုယ်တိုင်က နိုင်ငံတော်အတွက် အကောင်အထည်ဖော်သင့်တဲ့ ဗျူဟာမြောက်စီမံကိန်းတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်မယ့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေကို Proactively ဝန်ကြီးဌာနတွေကိုယ်တိုင်က တင်ဒါစနစ်နဲ့ ခေါ်ယူရွေးချယ်ပြီး စီမံကိန်းတွေ အကောင်အထည်ဖော်မယ့် နည်းလမ်းတွေ ပါဝင်ပါတယ်။

အခုအချိန်မှာ နိုင်ငံတော်ရဲ့ ဗျူဟာမြောက်တဲ့ စီမံကိန်းတွေကို Project Bank မှာ ထည့်နိုင်ဖို့အတွက် စီမံကိန်းတွေကို ဝန်ကြီးဌာနတွေက ဖော်ထုတ်ပြီး ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေကို Electronic Database တစ်ခုဖြစ်တဲ့ Project Bank/ Data Bank မှာ ထည့်သွင်းပါတယ်။ ထည့်သွင်းပြီးများမကြာမီမှာ ဒီစီမံကိန်းတွေ အကောင်အထည်ဖော်ဖို့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေကို Proactively ခေါ်ဆောင်မှာဖြစ်ပါတယ်။ ခေါ်ဆောင်တဲ့နေရာမှာလည်း ပိုပြီးပွင့်လင်းမြင်သာတဲ့၊ ယှဉ်ပြိုင်မှုရှိတဲ့ တင်ဒါခေါ်ယူမှုတွေနဲ့ ယှဉ်ပြိုင်ရွေးချယ်ပြီး ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွေနဲ့ လက်တွဲပြီး ဆောင်ရွက်ပေးဖို့ အစီအစဉ်တွေကို ချမှတ်ပြီး ဖြစ်ပါတယ်။ ။




(၃)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ကျင်းပစဉ်။ ဓာတ်ပုံ-ရွှေအင်းသား-ခင်မောင်ဝင်း

**စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဘဏ္ဍာရေးကဏ္ဍမှာပါဝင်တဲ့ ဌာနအားလုံးက မိမိတို့ကျရာနေရာတာဝန်ကနေ ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်အောင် ဆောင်ရွက်ပေးပြီး အဲဒီကနေ တိုင်းပြည်တစ်ခုလုံးရဲ့ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာအောင် နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒတွေ၊ ရည်မှန်းချက်တွေ၊ လုပ်ငန်းစဉ်တွေနဲ့အညီ ဆောင်ရွက်လျက်ရှိ**

# ငြိမ်းချမ်းခြင်း၊ သာယာလှပခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်နေသည့် ချင်းပြည်နယ်ဆီသို့

ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - အေးသန်း



ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်

ချင်းပြည်နယ်ကို စကားစုနှစ်စုဖြင့် ကိုယ်စားပြုဖော်ပြရမည်ဆိုလျှင် ငြိမ်းချမ်းခြင်းနှင့် သာယာလှပခြင်းဟု ဆိုရမည်ဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က တင်စားပြောဆိုခဲ့သည်။

ထို့ပြင် ဝန်ကြီးချုပ်က "ချင်းပြည်နယ်မှာ ပဋိပက္ခကြီးကြီးမားမားဆိုတာ မရှိပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်းရှိပြီး တောတောင်သဘာဝရှုခင်းတွေနဲ့ သာယာလှပပါတယ်။ ထင်ရှားတဲ့ အလှအပတွေနဲ့ ခေါ်နူးစုမ် အာဆီယံအမွေအနှစ်တောင်၊ ဘုံတလာရေတံခွန်နဲ့ ရိဒ်ရေကန်တွေကို ဥပမာပြချင်ပါတယ်။ ရာသီဥတုကလည်း အမြဲအေးမြနေပြီး တောင်ယာစိုက်ခင်းတွေနဲ့ မျက်စိပသာဒရှိလှပါတယ်" ဟု ချင်းပြည်နယ်၏ သာယာလှပမှုကို ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံအနောက်မြောက်ဘက်အစွန်ဆုံးတွင်တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့နှင့် ထိစပ်လျက်ရှိသလို အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိသည်။ ထို့ကြောင့် ပထဝီအနေအထားအရ ချင်းပြည်နယ်သည် နယ်စပ်ကုန်သွယ်ရေးအတွက် အချက်အချာကျပြီး အလားအလာကောင်းများရှိသည့် ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ထို့ကြောင့် ပြည်နယ်အစိုးရအဖွဲ့သည် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၁၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျှော့ချနိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

### မူဝါဒ

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးဆိုသည့် မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

### ရည်မှန်းချက်


ထို့အတူ ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရရှိသီးနှံများတိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်းနှင့်အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေးဆောင်ရွက်ရန်၊ အိမ်တွင်း တစ်ပိုင်တစ်နိုင်နှင့် အသေးစား၊ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေးဆောင်ရွက်ရန်၊ သဘာဝအခြေခံ ပိုမိုရရှိရေးဆောင်ရွက်ရန်၊ မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ ပြည်သူများ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာရန်အတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ဖန်တီးပေးရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်များလည်း ချမှတ်ထားကြောင်း သိရသည်။

### မဏ္ဍိုင်(၃)ရပ်အကောင်အထည်ဖော်မှုများ

ချင်းပြည်နယ်တွင် ဥပဒေပြုရေးမဏ္ဍိုင်နှင့်ပတ်သက်၍ ဒေသန္တရစီမံကိန်းဥပဒေ (၃/၂၀၁၈)၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ(၂/၂၀၁၈)၊ စည်ပင်သာယာရေးဥပဒေ (၄/၂၀၁၈)၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ(၅/၂၀၁၈)နှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(၁/၂၀၁၉) တို့ကို အတည်ပြုပြဋ္ဌာန်း ဆောင်ရွက်ခဲ့သလို အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ပြည်နယ်အတွင်း ပြည်နယ်/ခရိုင်/မြို့နယ်/မြို့/ရပ်ကွက်/ကျေးရွာအထိ အဆင့်ဆင့် တာဝန်ယူဆောင်ရွက်လျက်ရှိကာ တရားစီရင်ရေးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

»» အထူးကဏ္ဍ [ စ ] သို့

ပြည်နယ်အစိုးရအဖွဲ့သည် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၁၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာလျှော့ချနိုင်ရေးကို ရည်မှန်းဆောင်ရွက်လျက်ရှိ



ပြည်တွင်း၊ ပြည်ပ ခရီးသွားများဆွဲဆောင်ရာ ဘုံတလာရေတံခွန်ကို တွေ့ရစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က ဟားခါးမြို့ ရှုခင်းသာမျှော်စင်ဖွင့်ပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

»» အထူးကဏ္ဍ [ ၀ ] မှ

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ**

ချင်းပြည်နယ်၏ အခြေခံအဆောက်အအုံ အားနည်းချက်များကို ပြင်ဆင်ရန် ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ဆအက် - သီးကျိရ်-မွန်လ္ဗ - ကြော့သဲ - လျှန်နှာ -ရိခေါဒါရ် လမ်းကို ကျောက်လမ်းအရှည် (၂၁/၆)မိုင်၊ ကွန်ကရစ်တံတား နှစ်စင်း၊ ရေထုတ်ပြွန် ၄၀ ၊ တံတားချဉ်းကပ် ငါးခု၊ လမ်းကျောက်စီမြေကာနံရံနှစ်နေရာ၊ လမ်းချဉ်းကပ်လမ်း၊ ကျောက်စီမြေကာနံရံ၊ မြေထိန်းနံရံ သုံးခု၊ ကျောက်စီရေမြောင်း တစ်ခု ၊ အကျိုးပြုကျေးရွာ ရှစ်ရွာတို့ကို စုစုပေါင်းခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀၇၇ ဒသမ ၉၅၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၂၀၁၆-၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း၊ မွမ်းမံနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ရေပေးရေးလုပ်ငန်းဖြစ်သည့် စိမ့်စမ်းရေ ၇၆ ခု၊ ရေကန် ၁၃ ခုနှင့် အခြား ၇၆ ခုတို့ကို ကုန်ကျငွေကျပ် ၂၇၂၄ ဒသမ ၁၁၁၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။

မီးလင်းရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် NEP(ICB-III) ဖြင့် ဆောင်ရွက်မည့် ဆိုလာကျေးရွာပေါင်း ၃၁၇ ရွာနှင့် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မီးလင်းရေးလုပ်ငန်း ၁၀ ခုတို့အား ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်အိမ်ရာပေါင်း ၃၂၄ ခုကို ကုန်ကျငွေကျပ် ၁၁၃၄ သန်းဖြင့် တည်ဆောက်နိုင်ခဲ့သည်။

၂၀၁၆ - ၂၀၁၇ မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ရုံးခြောက်ခု၊ ဝန်ထမ်းအိမ်ရာတစ်လုံး၊ ကုန်ထုတ်လမ်း၊ ကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန် သုံးခုတို့ကို စုစုပေါင်းကုန်ကျငွေကျပ် ၁၂၂၂ ဒသမ ၀၇၅၅ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။



ပြည်နယ်တရားလွှတ်တော် တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

နိုင်ငံတော်အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၂၂၁ ရွာ၊ ယူနစ် ၁၃၅ ခုအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ်သန်း ၄၀၅၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၃၆ ရွာတွင် စုစုပေါင်းထောက်ပံ့ငွေကျပ်သန်း ၉၁၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းလျာထား ရန်ပုံငွေကျပ်သန်း ၆၉၄၇ ဒသမ ၄၀၀ ဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းသစ်ဖောက်၊ မြေသားလမ်းတာချဲ့၊ ကွန်ကရစ်လမ်း၊ ဆိုင်ကယ်လမ်း၊ ရေပြွန်၊ အခြား ၉၅ ခု၊ တံတား၊ အဆောက်အအုံ၊ ရေပေးရေး(မြို့ပြ)တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ချင်းပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟားခါးမြို့ရှိ သားဖွားသင်တန်းကျောင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၇၃ ဒသမ ၂ သန်းဖြင့် တည်ဆောက်မည်ဖြစ်ရာ ၂၀၁၉ ခုနှစ် မတ် ၁၁ ရက်တွင် ပန္နက်တင်အခမ်းအနား ကျင်းပပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

**ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

**ပြည်နယ်လမ်းဦးစီးဌာန**

ပြည်နယ်လမ်းဦးစီးဌာန အနေဖြင့် ပြည်ထောင်စုလမ်း ရှစ်လမ်းနှင့် ပြည်နယ် ၂၅ လမ်းတို့အား တာဝန်ယူထိန်းသိမ်းရပြီး ကွန်ကရစ်လမ်းခင်း၊ ကျောက်လမ်း/အမာခံလမ်း၊ မြေထိန်းနံရံ/မြေကာနံရံ၊ ရေထုတ်ပြွန် ၄၂၅၄ စင်းနှင့် မြက်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်း**

ချင်းပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ၂၀၁၇ - ၂၀၁၈ ခုနှစ်၌ စပါးစိုက်ဧက ၇၉၁၄၀ ၊ ပြောင်းစိုက်ဧရိယာ ၄၂၆၈၉ ဧက စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ဝမ်းစာဖူလုံမှုရာခိုင်နှုန်း ၄၈ ဒသမ ၆၁ ရာခိုင်နှုန်း ရှိခဲ့သည်။

ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော ဝင်ငွေရ နှစ်ရှည်သီးပင်များဖြစ်သော ဝဥ၊ စပျစ်၊ ထောပတ်၊ ပိုးစာ၊ လိမ္မော်နှင့် ကော်ဖီကဲ့သို့သောသီးပင်များ တိုးချဲ့စိုက်ပျိုးဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ အကျိုးတူပူးပေါင်းဆောင်ရွက်ကာ ထွက်ရှိလာသော သီးနှံများကို ဈေးကွက်ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

**စိုက်ပျိုးရေးရရှိရေးလုပ်ငန်း**

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ရေသွယ်ယူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ဖလမ်းမြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉၂၆ ဒသမ ၈၃ သန်းဖြင့် ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကျောင်းသား ၄၀ ကို ဒီပလိုမာဘွဲ့ ပေးအပ်နိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ဖွင့်လှစ်နိုင်တဲ့

»» အထူးကဏ္ဍ [ ဆ ] သို့

»» အထူးကဏ္ဍ [ ၈ ] မှ

အတွက် ချင်းတိုင်းရင်းသားတွေအနေနဲ့ စိုက်ပျိုးရေးပညာကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးနိုင်မှာ ဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က သုံးသပ်ပြောကြားသည်။

**တံတားဦးစီးဌာန**

အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် လစ်ဗားတံတား၊ သီသားတံတား(၁)၊ ဆရော်တံတားနှင့် မွာလ်ဇမ်(ကွဲ)ချောင်းကူးတံတားတို့ကို တည်ဆောက်နိုင်ခဲ့သလို ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် သီသားတံတား(၂)၊ ချီချောင်းတံတား၊ ရေဇွာ - လိုင်လင်းပီလမ်းတွင် သံကူကွန်ကရစ်တံတား တစ်စင်း၊ ဟားခါး-မတူပီလမ်းတွင် သံကူကွန်ကရစ်တံတားတစ်စင်းနှင့် မတူပီ - ပလက်ဝလမ်းတွင် သံကူကွန်ကရစ်တံတား လေးစင်းတို့ကို တည်ဆောက်ပြီးစီးခဲ့သည်။

ချင်းပြည်နယ်သည် သာယာလှပသော်လည်း လမ်းပန်းဆက်သွယ်ရေး အားနည်းချက်ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ အရောက်အပေါက်နည်းသဖြင့် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသည် ဖလမ်းလေယာဉ်ကွင်းသစ် (ဆူရ်ဘုန်)ကို ၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ မြေတိုင်းတာခြင်း၊ မြေတူးဖြတ်ခြင်း၊ မြေဖို့ကြိတ်ခြင်းလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်းကျောက်ကတ္တရာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် လေယာဉ်ကွင်း ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

“ချင်းပြည်နယ်ရဲ့အထူးခြားဆုံး၊ အရေးပါဆုံးစီမံကိန်းကို ပြရမယ်ဆိုရင် ဆူရ်ဘုန်လေဆိပ်တည်ဆောက်ရေးစီမံကိန်းလို့ ပြောရပါလိမ့်မယ်။ ဖလမ်းနဲ့ ၁၀ ဒသမ ၅ မိုင် အကွာမှာရှိတဲ့ တောင်ထိပ်ပေါ်မှာ တည်ဆောက်နေတာဖြစ်ပါတယ်။ ဟားခါးမြို့နဲ့ ၄၇ မိုင် အကွာမှာတည်ရှိပါတယ်။ ဒီလေဆိပ်ကြီးပြီးစီးသွားရင် ချင်းပြည်နယ်ရဲ့အဓိက လေကြောင်းဝင်ပေါက်ဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်တွေ အချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်မယ့်အပြင် ဒေသထွက်ကုန်တွေနဲ့ တိုင်းရင်းသားတွေအနေနဲ့ မြန်မာနိုင်ငံအနှံ့အပြားကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်မှာဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

အစိုးရ၏ သုံးနှစ်တာကာလအတွင်း ချင်းပြည်နယ်၌ ဝန်ထမ်းအိမ်ရာများကို တိုးတက်ဆောက်လုပ်နိုင်ခဲ့ရာ စုစုပေါင်းတိုက် ၁၉ လုံး၊ အခန်းပေါင်း ၁၃၈ ခန်း တည်ဆောက်နိုင်ခဲ့သည်။

**ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**

ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးအနေဖြင့် သုံးနှစ်တာကာလအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်နယ်/ပြည်ထောင်စု) ရန်ပုံငွေဖြင့် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကတ္တရာပြုပြင်၊ ကွန်ကရစ်လမ်း၊ လမ်းတာချဲ့ လမ်းပြုပြင်/ထိန်း၊ ဂျစ်ကားလမ်း၊ ဆိုင်ကယ်လမ်း၊ ကွန်ကရစ်တံတား၊ ကွန်ကရစ်တံတားပြုပြင်၊ လူကူးကြိုးတံတား၊ လူကူးကြိုးတံတားပြုပြင်၊ ကားကူးကြိုးတံတား၊ ကားကူးကြိုးတံတားပြုပြင်၊ လူကူးသစ်သားတံတား၊ ကားကူးသစ်သားတံတား၊ ကွန်ကရစ်ရေပြွန်၊ ကွန်ကရစ်ရေမြောင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်း စသည့် ပြည်နယ်အတွင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဆေးရုံတည်ဆောက်ခြင်း၊ ဆေးရုံပြုပြင်ခြင်း၊ ဆေးပေးခန်း၊ ကျန်းမာရေးဌာနများ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသလို ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း၊ ရေနှင့် လျှပ်စစ်မီးရရှိရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပညာရေးလုပ်ငန်း**

အခြေခံပညာ အထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ကိုးကျောင်း၊ မူလတန်းကျောင်း ၁၂ ကျောင်း၊ ဝန်ထမ်းအိမ်ရာ ခုနစ်လုံး၊ မူကြိုကျောင်းတစ်ကျောင်း၊ ဘော်ဒါဆောင်တစ်ခုတို့ကို ဆောက်လုပ်ပေးနိုင်ခဲ့သလို အုတ်တံတိုင်းကာရံခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်နယ်ပညာရေးမှူးရုံး**

၂၀၁၈ - ၂၀၁၉ ခုနှစ်(အောက်တိုဘာလမှ စက်တင်ဘာလအထိ) ကန်ပက်လက်၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်၊ ပလက်ဝ၊ ဖလမ်း၊ မင်းတပ်၊ မတူပီနှင့် ဟားခါးမြို့နယ်တို့ရှိ ကျောင်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်အခြေခံပညာဦးစီးဌာနမှ လုပ်ငန်း/ဦးစီးဌာန/အဖွဲ့အစည်းမှ ငွေကျပ်သန်း ၁၄၀၇၀ ဒသမ ၇၀၃ အကုန်အကျခံကာ စီမံကိန်း/လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

**မွေးမြူရေးလုပ်ငန်း**

အစိုးရ၏ တတိယတစ်နှစ်တာကာလအတွင်း မွေးမြူရေးနှင့် ကုသရေးရုံးတစ်ခုနှင့် ဘက်စုံမွေးမြူရေးခြံတစ်ခုတို့ကို တည်ဆောက်အကောင်အထည်ဖော်နိုင်ခဲ့သည်။

**စွမ်းအင်လုပ်ငန်း**

ချင်းပြည်နယ်တွင် လျှပ်စစ်မီးရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ရေအားလျှပ်စစ်စက်ရုံပစ္စည်း ဝယ်ယူတပ်ဆင်ခြင်း၊ မီးကြိုးတပ်ဆင်ခြင်း၊ မီးစက်ရုံတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ခြင်းတို့ကို ဒေသဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ချင်းပြည်နယ် သမဝါယမဦးစီးဌာနအနေဖြင့် အစိုးရသစ်ကာလအတွင်း မြို့နယ်ငါးမြို့နယ်ရှိ သမဝါယမအသင်းသား ၁၀ ဦးသို့ ကိုရီးယားနိုင်ငံထုတ် ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာများဖြစ်သည့် လယ်ထွန်စက် DS3510 တစ်စီးနှင့် လက်တွန်းထွန်စက် DT100N ကိုးစီးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ခဲ့သည်။

စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ အဆင့်မြှင့်တင်နိုင်ရေးအတွက် စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ချင်းပြည်နယ်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မြို့နယ်လေးခုမှ သမဝါယမအသင်း ၁၄ ခုရှိ အသင်းသား ၅၁၁ ဦး၏ လယ်ယာမြေ ၉၃၂ ဧကအတွက် ပံ့ပိုးချေးငွေကျပ်သန်း ၂၇၉ ဒသမ ၆၀၀ ထုတ်ချေးကာ လယ်ယာမြေများ ပြုပြင်ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်ရှိ မြို့နယ်များအနက် စံနမူနာပြမြို့နယ်အဖြစ် ဟားခါးမြို့နယ်ကို ရွေးချယ်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဟားခါးမြို့နယ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် စံနမူနာပြ သမဝါယမအသင်းအဖြစ် ချွန်ကျုံးစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ စိန်ပန်းပြာရောင်းဝယ်ရေးသမဝါယမအသင်းနှင့် ဟားခါးမြို့နယ်သမဝါယမအသင်းစုတို့သို့ စုစုပေါင်းချေးငွေ

အထူးကဏ္ဍ [ ၉ ] သို့ »»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖလမ်းမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။


ထန်တလန်မြို့ကို ဝေဟင်မှ တွေ့ရစဉ်။

»» အထူးကဏ္ဍ [ ဆ ] မှ

ကျပ်သန်း ၈၀ ကို ထုတ်ချေးပေးခဲ့ပြီး အဆိုပါ အသင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ အပေါ်ပြည်နယ်အဆင့် ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့နှင့် မြို့နယ်အဆင့် ကွင်းဆင်းကြီးကြပ်ရေး အဖွဲ့တို့မှ အဆိုပါအသင်းများသို့ လစဉ်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

**သဘာဝအန္တရာယ်အတွက်**
**ဆောင်ရွက်ပေးခဲ့မှုများ**

ပြည်နယ်အတွင်း ၂၀၁၈ ခုနစ် အောက်တိုဘာလမှ ၂၀၁၉ ခုနစ် ဖေဖော်ဝါရီလ ၂၅ ရက်အထိ သဘာဝဘေး စုစုပေါင်း ၂၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ငွေကျပ်သန်း ၁၂ ဒသမ ၈၄၄၉၆ သန်း ထောက်ပံ့ပေးအပ်ခဲ့သလို ပလက်ဝမြို့တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ်သန်း ၅၆ ဒသမ ၃၆၂၀၀၀ ထောက်ပံ့နိုင်ခဲ့သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုအတွက် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ထားကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပတ်သက်၍ ရန်ပုံငွေတင်ပြတောင်းခံမှုအပေါ်တွင် ရန်ပုံငွေများ အမြန်ခွဲဝေချထားပေးခြင်းကြောင့် သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုရှိခဲ့ကြောင်း သိရသည်။

**လူမှုရေးအသင်းအဖွဲ့များနှင့်**
**ပူးပေါင်းဆောင်ရွက်ခဲ့မှုများ**

မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် UNICEF၊ WFP၊ UNDP၊ IOM၊ OCHA၊ GRET၊ WV၊ MSL၊ LWF၊ IRC၊ SCI၊ MRCS၊ MCWA၊ MWA၊ Save The Children၊ 3MDG Fund၊ KMSS၊ GREEN၊ HRC၊ CARD၊ CAD၊ AYO၊ COLDA၊ ACRD၊ CMA နှင့် CSO Network စသည့် အဖွဲ့အစည်းများနှင့် ကျန်းမာရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကာကွယ်ရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ချေးငွေထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်း၊ မွေးကင်းစနှင့်ကလေး ကျန်းမာရေးစီမံချက် လုပ်ငန်း၊ စားနပ်ရိက္ခာဖူလုံမှုအစီအစဉ်ဆန်းစစ်လေ့လာခြင်းလုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သဘာဝဘေးအန္တရာယ်ကျရောက်ခံစားခဲ့သော အိမ်ထောင်စုများကို မိသားစုသုံးပစ္စည်းများနှင့် အိမ်ပြုပြင်ဆောက်လုပ်ရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ ကာလတို/ကာလရှည် သားဆက်ခြားနည်းလမ်းများ၊ အမျိုးသမီးများဖြစ်လေ့ရှိသော မီးယပ်ရောဂါ၊ သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း ဆွေးနွေးခြင်း၊ ကုသခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအထိ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမားထောက်ပံ့ကူညီရေး ဗဟိုဌာနရုံး ဖွင့်လှစ်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအကြံဉာဏ်များပေးခြင်း၊ နည်းပညာများပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် Recovery Credit အစီအစဉ် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်၌ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကြံဉာဏ်များ၊ ပံ့ပိုးမှုများကို ရယူကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးဟာ အခုဆိုရင် များစွာတိုးတက်လာနေပြီဖြစ်ပါတယ်။ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီနဲ့ ကန်ပက်လက်မြို့တွေကို ပိုမိုကောင်းမွန်တဲ့ ကတ္တရာလမ်းတွေနဲ့ ချိတ်ဆက်ထားပြီးဖြစ်ပါတယ်။ ဆက်သွယ်ရေးမှာဆိုရင် လူဦးရေစုစုပေါင်းရဲ့ ၄၉ ဒသမ ၇၃၂ ရာခိုင်နှုန်းက မိုဘိုင်းဖုန်းအသုံးပြုနေကြပါပြီ"ဟု ဖွံ့ဖြိုးတိုးတက်လာသည့် ချင်းပြည်နယ်၏ အခြေအနေကို ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ဆက်သွယ်ရေးမိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားစွာ ပြောင်းလဲတိုးတက်လာခြင်းကြောင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသိပညာများကို လေ့လာရှာဖွေနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်းဖြစ်ပျက်နေသော နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေး၊ ရာသီဥတုပြောင်းလဲမှု စသည့် ဗဟုသုတများစွာကို ရရှိခဲ့သည်။

ချင်းပြည်နယ်တွင် ရေရှည်စီမံကိန်းများအဖြစ် ကုလားတန်မြစ်စီမံကိန်း၊ ပလက်ဝစက်မှုဇုန်၊ ဘုံဖုံးစက်မှုဇုန်နှင့် ခိုင်ကမ်းစက်မှုဇုန်တို့ကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ လမ်းတံတားစတဲ့ အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ချည်မျှင်နဲ့ ရိုးရာရက်ကန်းလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံနိုင်တဲ့ အခွင့်အလမ်းတွေများစွာရှိပါတယ်။ ချင်းပြည်နယ်ကို လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ချင်းပြည်နယ်ကို လာလည်ပါ။ လေ့လာကြည့်ပါ။ ရင်းနှီးမြှုပ်နှံကြည့်ပါ။ ရောင်းဝယ်ဖောက်ကားကြည့်ပါ။ အေးအေးချမ်းချမ်း သာသာယာယာနဲ့ အလုပ်လုပ်ကိုင်နိုင်ဖို့ ချင်းပြည်နယ်အစိုးရက တာဝန်ယူပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က ဆိုသည်။

**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်မှု**
**ဆောင်ရွက်ချက်များ**

ချင်းပြည်နယ်အတွင်း ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်မှု ဆောင်ရွက်ချက်များအနေဖြင့် ဘာသာရေးရက်ကြီး၊ နေ့ကြီးများတွင် ဘုန်းကြီးကျောင်း၊ ဘုရားကျောင်းများတွင် အားလုံးရင်းနှီးစွာ ဝတ်ပြုဆုတောင်းခြင်း ချစ်ကြည်ညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက် လျက်ရှိသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ**

ချင်းအမျိုးသားတပ်ဦး (CNF)အဖွဲ့က တတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံညီလာခံ၌ ဆွေးနွေးချက်များအား ပြန်လည်ချပြ ဆွေးနွေးပွဲကို ၂၀၁၈ ခုနစ် ဩဂုတ်လ ၂၁ ရက်မှ ၂၃ ရက်အထိ ဟားခါးခရိုင် ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ TBC ချင်းခရစ်ယာန်ခန်းမ၌ ကျင်းပခဲ့သည်။ နိုင်ငံရေးစိတ်ပါဝင်စားသူ ဒေသခံပြည်သူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြပြီး (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး သဘောတူညီချက်(၁၄)ချက်ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခြင်း၊ တင်ပြချက်များအပေါ် တက်ရောက်လာသူများက သိလိုသည့်အချက်များအား မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှု**

အစိုးရနှင့်ပြည်သူ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ရန်အတွက် ဌာနဆိုင်ရာများပါဝင်သော ခရိုင်/မြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီတို့ ပူးပေါင်း၍ စုပေါင်းဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုအတွက် မလိုလားအပ်သော ပြဿနာများ လျော့နည်းလာသည့်အပြင် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် လူမှုရေးအဆင့်အတန်းများ တိုးတက်လာခဲ့သည်။

တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုရေးကိစ္စရပ်များကို ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးသို့ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းတိုင်ပင် ဆွေးနွေးတင်ပြနိုင်သည့် အကျိုးကျေးဇူးများ ရရှိခဲ့သည်။

ချင်းပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူလျက် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



ရိဒ်ရေကန်ကို ဝေဟင်မှ တွေ့ရစဉ်။



နတ်မတောင်အမျိုးသားဥယျာဉ်အတွင်း တောင်ဇလပ်ပန်းများဖြင့် သာယာလှပလျက်ရှိသည်ကို တွေ့ရစဉ်။